# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 19 November 2020 ၁၀၂၀၁


**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)**

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ်

## ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာ တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာ တို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ -

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများ၏ကိုယ်စား မိမိအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ၏အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ထပ်မံအောင်မြင်မှုရရှိခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆိုပါအောင်မြင်မှုရလဒ်သည် အဆွေတော်၏ ဦးဆောင်မှုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မှန်ကန်သောမူဝါဒအပေါ် ပြည်သူများ၏ ယုံကြည်မှုနှင့် ထောက်ခံမှုတို့ကို ထင်ဟပ်ပြသလျက်ရှိပါကြောင်း၊

အဆွေတော်၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ သိသာထင်ရှားစွာ တိုးတက်မှုရရှိလျက်ရှိပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အစိုးရသစ်သက်တမ်းကာလတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖော်ဆောင်ပေးမည့် ဒီမိုကရေစီစံနှုန်းများအား ဆက်လက်မြှင့်တင်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊

မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရှိရင်းစွဲ ကောင်းမွန်သည့်ဆက်ဆံရေးနှင့် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံပြည်သူများနှင့် အာဆီယံ အသိုက်အဝန်း၏ ဘုံအကျိုးစီးပွားအတွက် အဆွေတော်နှင့် နီးကပ်စွာပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊

အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

# ပြည်ပနိုင်ငံများရောက် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်



ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၆၃ ဦးအား ဟနွိုင်းမြို့ရှိ မြန်မာသံရုံး၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီများမှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ


ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်းစီမံကိန်း ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၄

အိပ်မက်တက္ကသိုလ်

စာမျက်နှာ » ၆

ရန်ကုန်တက္ကသိုလ်တွင် ပညာရည်နို့ သောက်စို့ခဲ့ကြသည့် စာပေ၊ ဂီတ၊ အနုပညာ ကျောင်းသား ကျောင်းသူဟောင်းများ၏ အမှတ်တရများ

စာမျက်နှာ » ၈





# ကြေးမုံ

## ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများ လေးစားလိုက်နာ

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကာလအတွင်း ရောဂါပိုးမကူးစက်စေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ လူမှုရေး၊ စီးပွားရေး လုံခြုံအဆင်ပြေရေး စသည်ဖြင့် ပြည်သူများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာရေးကိစ္စ အဝဝ တို့ကို အဘက်ဘက်တွင် လစ်ဟာမှုမရှိတန်သလောက် မရှိစေရအောင် နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပြည်သူများ၏ လက်ငင်းလိုအပ်ချက်အမျိုးမျိုးတို့နှင့်စပ်လျဉ်းပြီး နိုဝင်ဘာလ ၁၇ ရက်နေ့က Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီအစည်းအဝေးပြုလုပ်ခဲ့ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစည်းအဝေးသို့တက်ရောက်ပြီး လိုအပ်သည့် ဆုံးဖြတ်လမ်းညွှန်ချက်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်း၊ ဥပဒေ သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မှုများစွာကို ဒေသအလိုက်ပြုလုပ်ထားရသဖြင့် ပြည်သူလူထု၏ လူမှုဘဝအခြေအနေများ၌ ကန့်သတ်မှုများရှိနေခဲ့ရာ ယခုအခါ တစ်နှစ်တာကာလသို့ပင် ရောက်ရှိတော့မည်ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ပြည်သူများမှာ မွန်းကျပ်မှု၊ ငြီးငွေ့မှု၊ အခက်အခဲများ ရှိလာကြသည်။ ယခုအခါ ကိုဗစ်-၁၉ ဗဟိုကော်မတီသည် ပြည်သူများနှင့်သက်ဆိုင်သော ကန့်သတ်ထားမှုများအား ဖြေလျှော့ပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ပြည်သူများ အပန်းဖြေနိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များ ပိုမိုတိုးမြှင့်ထုတ်လွှင့်ပြသနိုင်ရေး၊ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များရှိ (A) အဆင့်သတ်မှတ်ခြင်းခံရသော စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ယခုနိုဝင်ဘာလကုန်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရေး၊ Stay at Home သတ်မှတ်ထားခြင်းမရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများအား နေ့စဉ်နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ် လူဦးရေအကန့်အသတ်ဖြင့် ဖူးမြော်ခွင့်ပြုနိုင်ရေး၊ ယခုနိုဝင်ဘာလ နောက်ဆုံးအပတ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအပေါ်မူတည်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ခွင့်နှင့် ဘုန်းကြီးကျောင်း၊ ဗလီ၊ Church ကျောင်းများတွင် ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများ တစ်လလျှင် လေးကြိမ် လူဦးရေ၃၀ ထက်မပိုဘဲခွင့်ပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားရေး၊ ခရစ္စမတ်ပွဲတော်၊ နိုင်ငံတကာနှစ်သစ်ကူးပွဲတော်နေ့များနှင့်သက်ဆိုင်သည့် အစီအစဉ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး အစီအစဉ်များလည်း ဆက်လက်ပေါ်ထွက်လာမည်ဟုသိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ တန်းနေသည့်အခြေအနေရှိရာမှ ထပ်မံပျံ့နှံ့နိုင်သည့် အခြေအနေရှိနေသဖြင့် နိုင်ငံတော်အစိုးရက ပြည်သူများ ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများကို ပိုမိုဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ ထိုအခြေအနေကာလတွင် ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး လိုအပ်ချက် ကိစ္စအဝဝတို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနေရာ ပြည်သူများကလည်း နိုင်ငံတော်၏စေတနာကို ပြန်လည်တုံ့ပြန်သောအားဖြင့် ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများအား ဆက်လက်လေးစားလိုက်နာကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး၊ အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

နိုဝင်ဘာ ၁၉ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့် ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအားဖြည့် ဆောင်ရွက်ရေးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း၊ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး (ပူးတွဲတာဝန်) ဆေးရုံအုပ်ကြီး၊ ပဲခူးပြည်သူ့ဆေးရုံကြီး ညွှန်ကြားရေးမှူး ဒေါက်တာရန်နိုင်မောင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် ညွှန်ကြားရေးမှူး/ စီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်းတို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကောလင်းခရိုင် ဌာနဆိုင်ရာရုံးမြေနေရာ အတည်ပြုချထားနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ကောလင်း နိုဝင်ဘာ ၁၈**

ကောလင်းခရိုင်၌ ခရိုင်ဌာနဆိုင်ရာ ရုံးမြေနေရာ အတည်ပြုချထားနိုင်ရေး တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်ဌာနဆိုင်ရာ မြေနေရာအတွက် ကောလင်းမြို့နှင့် နှစ်မိုင်ခန့်ဝေးသော မြေနီအုပ်စုအတွင်း ညောင်ကိုင်းကျေးရွာအနီးရှိ မြေလွတ်မြေရိုင်းဖြစ်သော မြေနေရာ ၂၅ ဧကကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း၊ ဦးတင်စိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## ကချင်ပြည်နယ် မိုးညှင်းခရိုင်၌ အခြေခံမိသားစုများအား ထောက်ပံ့ငွေပေးအပ်ခြင်းများ ပြီးစီး

**မိုးညှင်း နိုဝင်ဘာ ၁၈**

ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား မိသားစုများအား နိုင်ငံတော်က ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ယခု စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ကချင်ပြည်နယ် မိုးညှင်းခရိုင်ရှိ မြို့များအားလုံး၌ ပုံမှန်ဝင်ငွေမရှိသော မိသားစုပေါင်း ၆၃၇၀၀ ကျော်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၂၆၆၀ ကျော် ပေးအပ်ခြင်းကို ယမန်နေ့က ဆောင်ရွက်ပြီးစီးခဲ့ကြောင်း မိုးညှင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းဆွေက ပြောသည်။

Stay at Home ဒေသဖြစ်သည့် မိုးညှင်းမြို့နယ်၌ ဝင်ငွေနည်း အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၁၇၀၄၈ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် စတုတ္ထအကြိမ် ထောက်ပံ့ငွေမှာ ငွေကျပ် ၆၈၁၉၂၀၀၀၀ ရှိပြီး ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၂ ရက်မှ စတင်ပေးအပ်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက်၌ ပြီးစီးခဲ့ကြောင်း မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးက ပြောသည်။

ထို့အတူ Stay at Home ဒေသဖြစ်သည့် ဖားကန့်မြို့နယ်၌ အခြေခံလူတန်းစားအိမ်ထောင်စု ၃၂၅၆၁ စုတို့အတွက် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်းပေါင်း ၁၃၀၂၄၄၀၀၀၀ ကို မြို့နယ်အတွင်း နယ်မြေအလိုက် တာဝန်ခွဲဝေထောက်ပံ့ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်အတွင်း ပေးအပ်ပြီးစီးခဲ့ကြောင်း ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်က ပြောသည်။

မိုးညှင်းခရိုင်တွင် ပါဝင်သော်လည်း Stay at Home ဒေသ မဟုတ်သည့် မိုးကောင်းမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၄၁၀၄ စု အတွက်ကိုမူ တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခဲ့ရာ ထောက်ပံ့ငွေ စုစုပေါင်းမှာ ငွေကျပ် ၂၈၂၀၈၀၀၀၀ ဖြစ်ကြောင်း မိုးကောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းထံမှ သိရသည်။

စတုတ္ထအကြိမ် ငွေကြေးထောက်ပံ့မှုမှာ Stay at Home ဒေသရှိ အိမ်ထောင်စု ၂ ဒသမ ၁ သန်း အပါအဝင် အိမ်ထောင်စုပေါင်း ၆ ဒသမ ၁ သန်းအတွက် ကျပ် ၁၆၄ ဘီလီယံရှိကြောင်း သိရသည်။

**ဆုမြတ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၁၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၉,၉၀၀ | ၅၇၈ | ၅,၇၃၀,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၆,၁၅၃ | ၂၂,၇၆၆,၁၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၄ | ၉၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၉၇၁ | ၂,၆၂၁,၇၀၀ |
| EFR | ၄,၂၀၀ | ၄,၁၀၀ | ၄၂ | ၁၇၆,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၈

ရန်ကုန်(ရွှေဈေး) ၁၃၀၉၅၀၀ မန္တလေး(ရွှေဈေး) ၁၃၀၉၅၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၇၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၀/၅၅၅ ကျပ် | ၅၄၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၅/၆၃၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၅/၅၁၅ ကျပ် | ၅၄၅/၅၆၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၅၀/၄၆၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၆၅/၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၀/၄၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၄.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၉.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၉.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၀၇၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၀၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၅၆၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၄.၅၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၂.၆၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၄.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၁၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❐ ရှေ့ဖုံးမှ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်၏ သဝဏ်လွှာတွင် မြန်မာနိုင်ငံတွင် မကြာသေးမီက ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ လွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေအများစုရရှိခဲ့ခြင်းကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အနှစ်သာရပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်သွားရန်နှင့် မြန်မာပြည်သူများ၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရန် အခြေအနေတစ်ရပ်ကို ပိုမိုအားဖြည့်ပေးရာရောက်စေကြောင်း။

"နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုရှိရေးနှင့် မည်သည့်နိုင်ငံနှင့်မျှ မလိုမုန်းထားမှုမထားရှိရေး" ဟူသော နိုင်ငံခြားရေးမူဝါဒကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကကျင့်သုံးလျက် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို အထူးအလေးထားပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ သာယာဝပြောမှုနှင့် အပြန်အလှန်နားလည်မှုတို့အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်းနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုအတွက် မြန်မာနိုင်ငံအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းဖော်ပြထားသည်။

## လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

( ၁၈ – ၁၁ – ၂၀၂၀ )

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်(အရှေ့ပိုင်းခရိုင်)၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်နေ ဒေါ်မြင့်မြင့်ကြည်သည် မဲရုံအမှတ်(၅)တွင် ၎င်း၏ ဆန္ဒမဲလက်မှတ်ဖြင့် တစ်ကြိမ်၊ သမီးဖြစ်သူ ဒေါ်သီတာစိုး၏ မဲဆန္ဒရှင်သက်သေခံလက်မှတ်ဖြင့် တစ်ကြိမ်၊ စုစုပေါင်း ဆန္ဒမဲ (၂)ကြိမ်ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ဘီးလင်းကျေးရွာအုပ်စု၊ ဘီးလင်းကျေးရွာနေ ဒေါ်နီနီမြင့်သည် မဲရုံအမှတ်(၁)၌ ၎င်း၏ဆန္ဒမဲလက်မှတ်ဖြင့် တစ်ကြိမ်၊ ချွေးမတော်စပ်သူ မအေးယုမော်(အစား) သူတစ်ပါးအယောင်ဆောင်၍ တစ်ကြိမ်၊ စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ်ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ အဂါတ်လက်ပန်ကျေးရွာအုပ်စု၊ ဝါးတောစုကျေးရွာနေ ဒေါ်မြစန်းတင်(ခ) အထွေးလေး၊ ဒေါ်အောင်ငွေးမြင့်(ခ) ဒေါ်ငွေး၊ ဒေါ်အေးအေး၊ ဒေါ်သင်းဝေခိုင်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောမြိုင်နှင့် အဖွဲ့ဝင်ဦးမင်းအောင်တို့(၆)ဦးသည် ကြိုတင်မဲပေးရာတွင် ကိုယ်စားမဲပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၄။ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ မြန်အောင်မြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ မဲရုံအမှတ်(၅)တွင် မခင်မိုးငွေးသည် သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၅။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ မလက်တိုကျေးရွာအုပ်စု၊ တပွတ္တနောင်ကြီးကျေးရွာ၊ မဲရုံအမှတ်(၄)တွင် အောင်အောင်(ခ)အောင်ကြီး(ခ)ခေါင်းကြီးသည် မဲစာရင်းတွင် ပါဝင်ခြင်းမရှိသဖြင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်လွင်က ထုတ်ပေးသည့် ဦးကိုကိုအောင်(ခေတ္တမလေးရှားရောက်)၏ မဲဆန္ဒရှင် သက်သေခံလက်မှတ်ဖြင့် သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၆။ အထက်ဖော်ပြပါ ဖြစ်စဉ်များကိုကျူးလွန်ခဲ့သည့် ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်နီနီမြင့်၊ ဒေါ်မြစန်းတင်(ခ)အထွေးလေး၊ ဒေါ်အောင်ငွေးမြင့်(ခ)ဒေါ်ငွေး၊ ဒေါ်အေးအေး၊ ဒေါ်သင်းဝေခိုင်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောမြိုင်၊ အဖွဲ့ဝင် ဦးမင်းအောင်၊ မခင်မိုးငွေး၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးကျော်လွင်နှင့် အောင်အောင်(ခ)အောင်ကြီး(ခ)ခေါင်းကြီးတို့အား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ နှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဖြည့်စွက်ဖတ်ရှုပါရန်

၁၈–၁၁–၂၀၂၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီအစည်းအဝေးကျင်းပသတင်း၌ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး ပြည်နယ်များသို့ ခရီးသွားရန် အကြောင်းကိစ္စပေါ်ပေါက်ပါက သက်ဆိုင်ရာကျန်းမာရေးဌာနများမှ ဆေးစစ်ဆေးမှုခံယူပြီး ပိုးမရှိပါက သွားလာစေရေးနှင့် ပိုးမရှိကြောင်း ထောက်ခံချက်ပါရှိပါက ရောက်ရှိနေရာရှိ စစ်ဆေးရေးဂိတ်များတွင် ပြသပြီး ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကွာရန်တင်းဝင်ရောက်ခြင်းတို့ကို မပြုစေတော့ဘဲ သွားလာခွင့်ပြုရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးကြသည် (အစား) **နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး ပြည်နယ်များသို့ ခရီးသွားရန် အကြောင်းကိစ္စပေါ်ပေါက်ပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနများမှ ဆေးစစ်ဆေးမှုခံယူပြီး ပိုးမရှိပါက သွားလာစေရေးနှင့် ပိုးမရှိကြောင်း ထောက်ခံချက်ပါရှိပါက ရောက်ရှိနေရာရှိ စစ်ဆေးရေးဂိတ်များတွင် ပြသပြီး ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကွာရန်တင်းဝင်ရောက်ခြင်းတို့ကို မပြုစေတော့ဘဲ သွားလာခွင့်ပြုရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးကြသည်** ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ပညာရေးကဏ္ဍ လေ့လာသုံးသပ်ခြင်းဆိုင်ရာ အွန်လိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပညာရေးကဏ္ဍလေ့လာသုံးသပ်ခြင်း (Education Sector Analysis) ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ပညာရေးဝန်ကြီးဌာနနှင့် ယူနက်စကို–မြန်မာတို့ ပူးပေါင်း၍ အွန်လိုင်းမှ ကျင်းပသည်။



အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးကဏ္ဍ လေ့လာသုံးသပ်ခြင်းအစီရင်ခံစာထွက်ပေါ်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ယူနက်စကိုပညာရေးစီမံကိန်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(UNESCO IIEP)မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) (၂၀၁၈–၂၀၃၀) နှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDG) (၂၀၃၀) ရည်မှန်းချက်များ ပြည့်မီရေးသို့ ဦးတည်ကာ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု (CESR)မှ အပိုင်း (၁) Rapid Assessment၊ အပိုင်း(၂) Indepth Analysis မှ အကြံပြုထောက်ခံချက်များ၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁) နှစ်လယ်သုံးသပ်ချက်အစီရင်ခံစာတို့မှ ထောက်ခံအကြံပြုချက်များ၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် လေ့လာတွေ့ရှိရသည့် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို အခြေခံကာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀) ကို ရေးဆွဲလျက်ရှိပါကြောင်း၊ ဘေးကင်းလုံခြုံ၍ ကျန်းမာပျော်ရွှင်သော အရည်အသွေးရှိ တစ်သက်တာသင်ယူမှုပတ်ဝန်းကျင်ကောင်းများဖြစ်လာစေရန် ဖြည့်ဆည်း၍ သင်ယူတတ်မြောက်မှုစွမ်းရည်များနှင့် လူမှုရေးဆိုင်ရာစွမ်းရည်များ မြင့်မားလာစေရန် ဦးတည်၍ Stakeholders များ၏ အကြံပြုချက်များကို ထည့်သွင်းပြုစုလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိစေရန်လည်း အလေးထားပူးပေါင်းရေးဆွဲလျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍလေ့လာသုံးသပ်ခြင်း (Education Sector Analysis)မှ အဓိကတွေ့ရှိချက်များသည် မဟာဗျူဟာစီမံကိန်းများနှင့် လုပ်ငန်းစဉ်များကို အထောက်အကူပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ယူနက်စကို–မြန်မာ၏ Head of Office ဖြစ်သူ Ms. Kim Min Jeong က အမှာစကားပြောကြားကာ UNESCO–IIEP မှ တာဝန်ရှိသူတစ်ဦးက ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု၏ အဓိကတွေ့ရှိချက်များကို တင်ပြဆွေးနွေးရာ တက်ရောက်လာကြသူများက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပညာရေးနှင့်ဆက်စပ်သော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် အရာရှိကြီးများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များ၊ ပြည်တွင်းပြည်ပကျွမ်းကျင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အသေးစားစက်မှုလက်မှုနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

လယ်ယာထွက်ကုန်သီးနှံအခြေခံသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်မှုဖွံ့ဖြိုးလာစေရန်နှင့် စက်မှုနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန်တို့ကို ရည်ရွယ်၍ "အသေးစား စက်မှုလက်မှုနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး" နှီးနှောဖလှယ်ပွဲကို ယမန်နေ့က အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က အဖွင့်မှာစကားပြောကြားပြီး လယ်ယာထွက်ကုန်သီးနှံများကို အခြေခံသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် သစ်သီးဝလံအခြောက်ခံခြင်းနှင့်စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာ ပြင်ပကျွမ်းကျင်ပညာရှင်များဖြစ်ကြသည့် ဦးနေဦး (Managing Director, Natural Farm Fresh Myanmar)က နေရောင်ခြည်စွမ်းအင်သုံး အခြောက်ခံစနစ်နှင့်ပတ်သက်၍လည်းကောင်း၊ ဦးဘုန်းမြင့်ဝင်း(အလုပ်ရုံခွဲမှူး အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း)က လျှပ်စစ်စွမ်းအင်သုံး အခြောက်ခံစက်များနှင့်ပတ်သက်၍လည်းကောင်း၊ ဦးမောင်မောင်စိုး (Managing Director ,Tharlarwaddy Co., Ltd.)က အေးခဲအခြောက်ခံစနစ်နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

နှီးနှောဖလှယ်ပွဲသို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ ၊ အင်ဂျင်နီယာဝန်ထမ်းများ၊ စားသောက်ကုန် လုပ်ငန်းရှင်များနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဆိုင်ရာနည်းပညာ စိတ်ပါဝင်စားသူများ စုစုပေါင်း ၁၂၅ ဦး တက်ရောက်ခဲ့ကြပြီး နည်းပညာရပ်ဆိုင်ရာများ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော်အပြင်ပတ်လမ်းစီမံကိန်း ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း Preferred Bidder ကြေညာနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်းစီမံကိန်း ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်းစီမံကိန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်မှ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်တို့က ရန်ကုန်မြို့မှ Zoom Meeting ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့စေရန်နှင့် အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၇ ဒသမ ၅ ကီလိုမီတာအရှည်ရှိ ရန်ကုန်မိုးပျံအမြန်လမ်းအပိုင်း(၁)ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး PPP စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် စီမံကိန်းတစ်ခုဖြစ်ပြီး စီမံကိန်းအပိုင်း (၁) အတွက် အမေရိကန်ဒေါ်လာသန်း ၈၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပါကြောင်း။



ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း၏ စီမံကိန်းအကြံပေးအဖြစ် ကမ္ဘာ့ဘဏ်၏ အဖွဲ့ဝင်ဖြစ်သော International Finance Corporation (IFC) က ဆောင်ရွက်လျက်ရှိပြီး တင်ဒါလုပ်ငန်းစဉ် (Bidding Process) များအနေဖြင့် စီမံကိန်းစိတ်ဝင်စားမှု အဆိုပြုလွှာကို ၂၀၁၈ ခုနှစ် မေလတွင် ခေါ်ယူခဲ့ရာ ကုမ္ပဏီ ၅၅ ခုမှ အဆိုပြုလွှာ တင်သွင်းခဲ့ပါကြောင်း၊ စီမံကိန်းအရည်အချင်းစစ် အဆိုပြုလွှာကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ခေါ်ယူခဲ့ရာ Consortium နှင့် ကုမ္ပဏီအဖွဲ့ ၁၂ ဖွဲ့ လျှောက်ထားလာပြီး အကြိုအရည်အချင်းစစ် အောင်မြင်သည့် ကုမ္ပဏီ ၁၀ ဖွဲ့ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ပါကြောင်း။

တင်သွင်းလာသည့် စီမံကိန်းအဆိုပြုလွှာများ၏ Technical and Financial Proposal အချက်အလက်များကို IFC အဖွဲ့မှ အသေးစိတ်စစ်ဆေးခြင်း (Evaluation) လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာများကို တင်ပြခဲ့ပါကြောင်း၊ Evaluation Report ပါ အချက်အလက်များကို ယနေ့အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးပြီး အတည်ပြုဆုံးဖြတ်ချက်များ ရယူသွားမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး ဆုံးဖြတ်ချက်များကို အခြေခံပြီး စီမံကိန်း၏ Preferred Bidder အဖြစ် ထုတ်ပြန်ကြေညာမည်ဖြစ်သည့်အတွက် အတည်ပြုဆုံးဖြတ်ရမည့်အချက်များကို ပွင့်ပွင့်လင်းလင်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်းစီမံကိန်း ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ရန်ကုန်မြို့ လက်ရှိဖြစ်ပေါ်နေမှုနှင့် နောင်ဖြစ်ပေါ်လာနိုင်မည့် အခြေအနေ၊ ယာဉ်ကြောပိတ်ဆို့မှုများ ကြုံတွေ့ခံစားနေရမှုနှင့် ဖြေရှင်းရန်နည်းလမ်းများ၊ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းအတွက် တင်သွင်းလာသော စီမံကိန်းအဆိုပြုလွှာများ၊ အကဲဖြတ်မှုနှင့် ဆုံးဖြတ်ရန် အချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် ဦးဆောင်ကော်မတီအဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြပြီး ရန်ကုန်မိုးပျံအမြန်လမ်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များကို အတည်ပြုပေးခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပြီး ဦးဆောင်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါ စီမံကိန်းကို Public Private Partnership (PPP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ Phase – 1 အဖြစ် အရှေ့ဘက်ခြမ်း လေးလမ်းသွားလမ်းမကြီး ၁၉ ကီလိုမီတာ၊ အရှေ့နှင့်အနောက် ချိတ်ဆက်ထားသော လေးလမ်းသွား ၆ ကီလိုမီတာ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဆက်သွယ်ထားသော နှစ်လမ်းသွား ၂ ဒသမ ၅ ကီလိုမီတာ စုစုပေါင်း ၂၇ ဒသမ ၅ ကီလိုမီတာ အရှည်ရှိသည်။

၎င်းစီမံကိန်းကို ဆောင်ရွက်ခြင်းအားဖြင့် ရန်ကုန်မြို့တွင်း၌ တွေ့ကြုံနေရသော ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချပေးနိုင်မည့်အပြင် နိုင်ငံတော်၏ စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ကာ ပြည်သူလူထု၏ လူနေမှုဘဝလည်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၈**

(၁၇) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (17th Myanmar Health Sector Coordination Committee, M–HSCC) အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ အခြားသော ကျန်းမာရေးလုပ်ငန်းများကိုလည်း ရပ်ဆိုင်းထား၍ မရပါကြောင်း၊ အထူးသဖြင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ မကူးစက်နိုင်သောရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးသတင်းအချက်အလက်လုပ်ငန်းများတွင် လစ်ဟာမှုမရှိစေရေးမှာ အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များကို အခြေအနေအရပ်ရပ်နှင့်အညီ ပုံဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးမှ ဆွေးနွေးအကြံပြုချက်များသည် မဟာဗျူဟာများ ချမှတ်ရေးအတွက် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ အစည်းအဝေးများမှ ထွက်ပေါ်လာသော လုပ်ဆောင်ရန် အကြံပြုချက်များကို အလေးအနက်ထားစဉ်းစားကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင်ပြုလုပ်ခဲ့သော မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးများမှ ထွက်ပေါ်ခဲ့သော အကြံပြုချက်များအား မည်မျှအကောင်အထည်ဖော်ပြီးစီးမှုရှိသည်ကိုလည်း ဆန်းစစ်သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက် မန်နေဂျာများအနေဖြင့် မိမိတို့ကျန်းမာရေးစီမံချက်နှင့် သက်ဆိုင်သည့် အကြံပြုချက်များကို အလေးထားထည့်သွင်းစဉ်းစားပြီး ရှေ့လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးမြှင့်တင်ရန် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများ၏ အခန်းကဏ္ဍကို အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင် ပါဝင်သော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် မတူညီသော ရှုထောင့်အမျိုးမျိုးမှ ရှေ့သို့ကြိုတင်မျှော်မှန်းသည့် အတွေးအမြင်များဖြင့် လက်တွေ့လုပ်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များကို အကြံပြုကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများကို ကော်မတီအဖွဲ့ဝင်များက ရှင်းလင်းစွာသိရှိနားလည်ရေးမှာ အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနမှ ချမှတ်ထားသောမူဝါဒများ၊ ရေးဆွဲထားသော မဟာဗျူဟာများနှင့် ကျန်းမာရေး စီမံချက်များမှ နှစ်ပတ်လည်အစီရင်ခံစာများအား ကော်မတီအဖွဲ့ဝင်များထံသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း။

အဆိုပါ စာအုပ်တွင် ဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သော လုပ်ငန်းများပြီးစီးအောင်မြင်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများပါဝင်သဖြင့် ကော်မတီအဖွဲ့ဝင်များအနေဖြင့် သိရှိပံ့ပိုးပါဝင်နိုင်မည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဝန်ကြီးဌာနထံသို့ ရန်ပုံငွေများ ပိုမိုပေးအပ်လျက်ရှိပြီး ဝန်ကြီးဌာနအနေဖြင့် အဆိုပါ ရန်ပုံငွေများကို အကျိုးရှိထိရောက်စွာနှင့် ကျိုးကြောင်းဆီလျော်စွာ အသုံးချဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို နှီးနွှယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ စနစ်တကျတပ်ဆင်ကြရေး လူထုကျန်းမာရေး အသိပညာပေးလှုပ်ရှားမှုကို စီမံချက်အသွင်ဖြင့် တစ်နိုင်ငံလုံး၌ ဆောင်ရွက်နေပါကြောင်း၊ အဆိုပါလုပ်ငန်းများတွင်လည်း ကော်မတီအဖွဲ့ဝင် အဖွဲ့အစည်းများက မိမိတို့မှ သင့်ရာကဏ္ဍများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကော်မတီတွင် ပါဝင်သောလုပ်ငန်းအဖွဲ့များ အချင်းချင်းလည်း ချိတ်ဆက်သတင်းပေးပို့ဖလှယ်မှုများဖြင့် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကျန်းမာရေး ကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းရေးနှင့် ကော်မတီမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် ပူးပေါင်းပံ့ပိုးဆောင်ရွက်မှုအစီအစဉ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍လည်းကောင်း တင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုကြသည်။

ထို့နောက် Gavi– the Vaccine Alliance၊ World Bank၊ Access to health၊ USAID၊ ADB၊ JICA နှင့် UNOPS အဖွဲ့များက မြန်မာနိုင်ငံသို့ ရန်ပုံငွေနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပံ့ပိုးပေးအပ်နေမှုများ၏ နောက်ဆုံးအခြေအနေများကို တင်ပြခဲ့ပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ကူးစက်ရောဂါဆိုင်ရာအမှုဆောင်အဖွဲ့၊ ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာညှိနှိုင်းရေးအဖွဲ့၊ ကျန်းမာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ မကူးစက်နိုင်သောရောဂါဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့၊ ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းအဖွဲ့၊ မျိုးဆက်ပွား၊ မိခင်နှင့်ကလေး၊ လူငယ်လူရွယ် ကျန်းမာရေးဆိုင်ရာ နည်းပညာအထောက်အကူပြုအဖွဲ့နှင့် Myanmar Positive Group တို့က အဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြခဲ့ပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့အားလုံး၏ အဓိကရည်မှန်းချက်မှာ ရောဂါပြန့်ပွားမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းသွားရေးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင် ပါဝင်သော အဖွဲ့အစည်းများအနေဖြင့် ဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ ဆွေးနွေးတင်ပြချက်များကို အလေးအနက်ထားစဉ်းစားကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ ငွေကျပ် သိန်း ၃၀၀၀ လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၁၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(National League for Democracy)မှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ငွေကျပ်သိန်း ၃၀၀၀ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံခဲ့သည်။

**ဝမ်းမြောက်ဂုဏ်ယူ**

ရှေးဦးစွာ လှူဒါန်းရသည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဦးဝင်းထိန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်လှူဒါန်းရသည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လှူဒါန်းမှုအတွက် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ ဆောင်ရွက်နေသူများအားလုံး၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့် နီးနွှယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ စနစ်တကျတပ်ဆင်ကြရေး လူထုကျန်းမာရေး အသိပညာပေးလှုပ်ရှားမှုစီမံချက်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံချက်လုပ်ငန်းများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း တတ်နိုင်သမျှ ပါဝင်ကူညီကြပါရန် သဘာပတိကြီးက မေတ္တာရပ်ခံပေးစေလိုပါကြောင်း၊ ရောဂါကူးစက် ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် အဆိုပါစီမံချက်သည် ပြည်သူများ၏ ကျန်းမာရေးအတွက် အရေးကြီးသော စီမံချက်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးပါက ရောဂါကူးစက်မှုများ အချိန်တိုအတွင်း ကျဆင်းသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀၀၀ အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဦးဝင်းထိန်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်တို့က ပြည်ထောင်စုဝန်ကြီးထံ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ သင်တန်းကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မပြန့်ပွားစေရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၈**

လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်း/ဌာနငယ် များတွင် စောင့်ရှောက်ထားရှိသော ကလေးများ၊ အမျိုးသမီးများ၊ ဝန်ထမ်းများ ကိုဗစ်–၁၉ ရောဂါကူးစက်မှု မပြန့်ပွားစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ သင်တန်းကျောင်း၊ ဌာနငယ်ကျောင်းအုပ်များနှင့် ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ၏ ပထမလှိုင်း ဖြစ်ပွားစဉ်ကတည်းက သင်တန်းကျောင်း/ ဌာနငယ်များတွင် ကြိုတင်ကာကွယ်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ထမ်းများ၊ သင်တန်းသားများ လိုက်နာရမည့် စည်းကမ်းချက်များကို စံလုပ်ငန်းလမ်းညွှန်များဖြင့် စနစ်တကျလိုက်နာနိုင်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါကြောင်း၊ ယခု ကိုဗစ်–၁၉ ကပ်ရောဂါ ဒုတိယလှိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အတွင်းရှိ ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းတွင် နိုဝင်ဘာ ၁၇ ရက်မှစတင်၍ ကလေးများ ဖျားနာခြင်း၊ နေမကောင်းဖြစ်ခြင်းများကြောင့် ကိုဗစ်–၁၉ ရောဂါ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝန်ထမ်း ၁၁ ဦးနှင့် ကလေး ၂၉ ဦး တို့တွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိခဲ့ပါကြောင်း၊ ကျန်ရှိဝန်ထမ်းများနှင့် ကလေးများ အားလုံးကိုလည်း စစ်ဆေးလျက်ရှိပါကြောင်း၊ ရောဂါပိုးတွေ့ ကလေးများနှင့် ဝန်ထမ်းများကို သက်ဆိုင်ရာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ကူးစက်မှုများ မဖြစ်ပွားစေရန် ကလေးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ချမှတ်ထားသည့် လုပ်ငန်းလမ်းညွှန်များနှင့် စည်းကမ်းချက်များကို တိကျစွာလိုက်နာစေရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိစေရေးနှင့် အာဟာရများ ပြည့်ဝစွာ ရရှိစေရေးတို့ကို ယခုထက်ပို၍ ပံ့ပိုးပေးရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၊ မိသားစုများနှင့် ကလေးများ၏ စိတ်ဓာတ်ခွန်အားရရှိစေရေးအတွက်လည်း အားပေးနှစ်သိမ့်မှုများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ကျန်တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ သင်တန်းကျောင်း/ဌာနငယ်များတွင်လည်း ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများ မဖြစ်ပေါ်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်ရန်လိုပါကြောင်း၊ ကျန်းမာရေး အသိပညာပေးမှုများကို စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း၊ ယခုကာလအတွင်း သင်တန်းကျောင်း/ဌာနငယ်များတွင် သတ်မှတ်ထားသော အသွားအလာကန့်သတ်မှုများကို လိုက်နာကြစေရန် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများကို နားလည်သဘောပေါက်အောင် ရှင်းပြရမည်ဖြစ်ပါကြောင်း၊ သင်တန်းကျောင်းများတွင် ဝန်ထမ်းများ၊ ကလေးများ အစုအဝေးဖြင့် နေထိုင်ရသည့်အတွက် အထူးဂရုပြုရမည့် အခြေအနေဖြစ်ပါကြောင်း၊ ကျောင်းများတွင် မဖြစ်မနေ အပြင်ထွက်ရပါက အကာအကွယ်ပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ မျက်နှာအကာနှင့် လက်အိတ်များကို မဖြစ်မနေ အသုံးပြုရမည်ဖြစ်ကြောင်း၊ ယခုကာလအတွင်း အာဟာရပြည့်ဝစေမည့် ဖြည့်စွက်စာများကို ထပ်မံ၍ ကျွေးမွေးရန်လိုအပ်ကြောင်း၊ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးရုံးအနေဖြင့် လိုအပ်ချက်များကို အချိန်မဆိုင်းဘဲ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ၊ ကျောင်းအုပ်များ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြန်လည်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ပြည်ပနိုင်ငံများမှ**

ထို့ပြင် တောင်အာဖရိကနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအတွက် ရည်ရွယ်လျက် ပရီတိုးရီးယားမြို့ရှိ မြန်မာသံရုံး၊ ဘရာဇီးလျားမြို့ရှိ မြန်မာသံရုံးနှင့် ရီယာဒ်မြို့ရှိ မြန်မာသံရုံးတို့ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာသဘော်သား ၁၃၉ ဦးအား အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သဘော်ကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတနော်မြို့၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် ရွေးချယ်သတ်မှတ်

**ပန်းတနော် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသည့် အခြေခံမူများနှင့်အညီ ရွေးချယ်နိုင်ရန် ယနေ့နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ပန်းတနော်မြို့နယ်တွင် ကျေးရွာအုပ်စု ၅၆ အုပ်စုရှိပြီး ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ပန်းတနော်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာ (၂)ယူနစ်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာ ၂၆ ရွာအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်တာဝန်ရှိသူများဖြင့် သတ်မှတ်လမ်းညွှန်ချက်များအတိုင်း ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိပ်မက်တက္ကသိုလ်

## ပုညခင်


ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။ ဓာတ်ပုံ-မြင့်မောင်မောင်

တစ်ခါက ဧရာဝတီမြစ်ကြီး၏ မြစ်ခွဲလေးတစ်ခုနံဘေးက မြို့ငယ်လေးတစ်ခုတွင် ရန်ကုန်တက္ကသိုလ်တက်ချင်ဇောဖြင့် မျှော်မောခဲ့ရသော မိန်းကလေးတစ်ယောက် ရှိခဲ့ဖူးလေသည်။

*****

ကျွန်မ၏တက္ကသိုလ်အိပ်မက်သည် တက္ကသိုလ်နောက်ခံဝတ္ထုများမှ အစပျိုးခဲ့သည်ဟု ဆိုကောင်းဆိုနိုင်ပါသည်။ စာဖတ်ဝါသနာပါသော ကျွန်မသည် အလယ်တန်းကျောင်းသူဘဝကပင် တက္ကသိုလ်နောက်ခံဝတ္ထုများကို စွဲစွဲလမ်းလမ်းဖတ်ခဲ့သည်။ ရန်ကုန်မြို့ကြီးကို မရောက်ဖူးသည့်တိုင် အင်းလျားကန်၊ သစ်ပုပ်ပင်၊ ဂျပ်ဆင်၊ အဓိပတိလမ်းမနှင့် ဘွဲ့နှင်းသဘင်ခန်းမတို့သည် ကျွန်မနှင့်မစိမ်း။ တက္ကသိုလ်နောက်ခံဝတ္ထုများက ကျွန်မကို တက္ကသိုလ်ထဲက အထင်ကရနေရာများနှင့် မိတ်ဆက်ပေးသည်။ တက္ကသိုလ်မှာပွင့်သည့် ကံ့ကော်၏ ရနံ့နှင့် စိန်ပန်း၏ နီစွေးသောအလှကိုပင် အဝေးက လှမ်း၍ ခံစားနိုင်သေးသည်။ တက္ကသိုလ်သည် ပညာသင်ကြားရာသာမက အနုပညာအရပ်ရပ်တို့ပေါက်ဖွားရာနေရာလည်းဖြစ်ပေရာ အနုပညာတွင်ပျော်ဝင်ညွတ်နူးသောကျွန်မအတွက်တော့ တပ်မက်ဖွယ်နယ်မြေဖြစ်လို့နေခဲ့သည်။ ကျွန်မဆယ်တန်းအောင်လျှင် ရန်ကုန်တက္ကသိုလ်တက်မည်။ တက္ကသိုလ်တက်ရင်း စာတွေရေးမည်။ ပြီးတော့ တက္ကသိုလ်တွင် ဆရာမပြန်လုပ်မည်။ စာလည်းသင်၊ စာလည်းရေးမည်။ ဒါက ကျွန်မ၏ ထက်သန်သောရည်မှန်းချက်ဖြစ်ခဲ့ရသည်။ ကျွန်မက စာတော်သည်။ ကျွန်မမိဘများကလည်း စီးပွားရေးပြေလည်ကြသည်။ ထို့ကြောင့်ပင် တက္ကသိုလ်သို့ မရောက်နိုင်စရာလည်း ဘာအကြောင်းမှမရှိဟု လောကဓံကို နားမလည်သေးသော မိန်းမငယ်လေးက တွေးခဲ့ပါသည်။

*****

**၁၉၉၁ ခုနှစ်။**
**ကျွန်မ ဆယ်တန်းအောင်ခဲ့ပြီ။**

နှစ်ချင်းပေါက် အောင်သည့်အပြင် အင်္ဂလိပ်စာနှင့် သမိုင်း ဂုဏ်ထူးနှစ်ဘာသာဖြင့်အောင်ခဲ့ခြင်းဖြစ်သည်။ ရှစ်တန်းတုန်းက ဂုဏ်ထူးသုံးဘာသာဖြင့်အောင်ခဲ့သောကြောင့် သိပ္ပံတွဲရခဲ့သော်လည်း ဘာသာစကားနှင့် သမိုင်းကို စိတ်ဝင်စားသော ကျွန်မက အင်္ဂလိပ်စာ နှစ်ဘာသာ၊ မြန်မာစာ နှစ်ဘာသာနှင့် သမိုင်းဘာသာတွဲများပါသည့် စိတ်ကြိုက်မြန်မာစာတွဲကို ပြောင်း၍ယူခဲ့သည်။ ထိုဘာသာတွဲကိုယူလျှင် ဆယ်တန်းမှာ ဂုဏ်ထူးတွေ ဘယ်လောက်ပါပါ ပေါ်ပြူလာဖြစ်လှသော ဆေးတက္ကသိုလ်ကိုတက်ခွင့်မရှိပါ။ သို့သော် ဘာဖြစ်သေးလဲ၊ ကျွန်မဆေးတက္ကသိုလ်မတက်ချင်ပါ။ ဝါသနာမပါသည့် ပညာကို မသင်ချင်ပါ။ ကျွန်မဝါသနာပါရာကို သင်ယူရန် ကျွန်မတက်ချင်လှသော တက္ကသိုလ်ကိုတက်ရလျှင်ဖြင့် ကျွန်မ၏အိပ်မက်တို့ ပြည့်ဝရပေတော့မည်။

ထိုခေတ်ကာလ ၁၉၉၁ ခုနှစ်က အင်္ဂလိပ်စာမေဂျာကို ရန်ကုန်တက္ကသိုလ်မှာပင် သင်ကြားရမည်ဖြစ်ရာ ဧရာဝတီတိုင်းရှိ မြို့ငယ်လေးမှာနေထိုင်သော ကျွန်မက အင်္ဂလိပ်စာမေဂျာလျှောက်ထားခဲ့၏။ မကြာခင်မှာပင် ရန်ကုန်တက္ကသိုလ်မှာ အင်္ဂလိပ်စာမေဂျာ သင်ယူခွင့်ကျလာခဲ့သည်။ ကျွန်မလောက် ပျော်သူမရှိပြီ။ ကျွန်မလိုပင် စာဖတ်ဝါသနာပါသည့် ကျွန်မချစ်သော သူငယ်ချင်းကလည်း ကျွန်မနှင့်အတူ တက္ကသိုလ်တက်မည်ဖြစ်ရာ ကျွန်မတို့သည် တက္ကသိုလ်အကြောင်းပြောရင်း စိတ်ကူးယဉ်လို့မဆုံး။ သို့သော်လည်း လောကဓံဆိုသော အုတ်တံတိုင်းက ကျွန်မနှင့် ရန်ကုန်တက္ကသိုလ်ကြားမှာ စည်းခြားလို့နေခဲ့ပါသည်။ ကျွန်မမိဘများမှာ ကျွန်မကို တက္ကသိုလ်ထားရန် မတတ်နိုင်ကြတော့ပြီ။ ကျွန်မကား ချက်ချင်းအားမလျှော့။ ဓာတ်ပုံဆိုင်တစ်ဆိုင်တွင်ဓာတ်ပုံရိုက်သွားသင်သည်။ ကျွန်မ တက္ကသိုလ်ထဲမှာ ဓာတ်ပုံရိုက်ကာ ကျောင်းစရိတ်ရှာရင်း ကျောင်းတက်မည်။ သို့သော် ..တဖြည်းဖြည်းနှင့်ပင် ကျွန်မသည် သမီးကြီးဖြစ်သော ကျွန်မတာဝန်ကို သိမြင်လာသည်။ တက္ကသိုလ်အိပ်မက်ကိုစွန့်လျက် ကျောင်းဆရာမအလုပ်ဝင်ရန် ဆုံးဖြတ်လိုက်သည်။ အဲဒီနောက် အဝေးသင်တက္ကသိုလ်ပြောင်းရန် ရန်ကုန်မြို့ကြီးသို့သွားခဲ့ရသည်။ ထိုခရီးကတော့ လွမ်းဖွယ်ခရီးပါပင်။ ထိုအချိန်က ကျွန်မ၏ဇာတိ ကျောင်းကုန်းမြို့ကလေးမှ ရန်ကုန်သို့ သွားရာလမ်းတွင် ဇက်ရေယာဉ်များဖြင့် ဧရာဝတီမြစ်ကို တစ်ကြိမ်၊ လှိုင်မြစ်ကိုတစ်ကြိမ် ဖြတ်ကူးရသည်။ မနက်လေးနာရီထွက်သည့် ဒိုင်နာကားဖြင့်လိုက်သွားလျှင် ညနေလောက်မှ ရန်ကုန်ရောက်နိုင်သည်။ ဇက်စောင့်ရလျှင် စောင့်ရသလို ခရီးဖင့်သည်။ ဤခရီးသည် ရန်ကုန်တက္ကသိုလ်တက်ဖို့သွားရသည့်ခရီးမဟုတ်၊ မတက်တော့ကြောင်း သွားရောက်တင်ပြရမည့်ခရီးဖြစ်သည်။ ထို့ကြောင့်ပင် လမ်းတစ်လျှောက်လုံး စိတ်နှလုံးပန်းလျနေခဲ့ရသည်။

ရန်ကုန်ရောက်ပြီး နောက်တစ်နေ့တွင် အဝေးသင်တက္ကသိုလ်ဝင်းထဲသို့သွားပြီး ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ရသည်။ ကျွန်မဝါသနာပါသည့် မြန်မာစာမေဂျာကို လျှောက်ဖြစ်ခဲ့သည်။ ဧရာဝတီတိုင်းမှာနေသူမို့ ပုသိမ်တက္ကသိုလ်မှာပင် တက်ရမည်ဖြစ်ပါသည်။ ဆောင်ရွက်ဖွယ်ကိစ္စများအပြီး ပြန်ခါနီးတစ်ရက်မှာတော့ ကျွန်မ မတက်နိုင်တော့ပြီဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီးကို သွားရောက်နှုတ်ဆက်ခဲ့ပါသည် ။ ထိုစဉ်က အဓိပတိလမ်းပေါ် လျှောက်ကြည့်ခဲ့သော်လည်းကျွန်မ၏ခြေလှမ်းများကား အားငယ်စိတ်ဖြင့် နွမ်းလျနေခဲ့လေသည်။

*****

**၂၀၀၅ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်**

ကျွန်မသည် ကျွန်မ၏ ဝတ္ထုစာမူခများဖြင့်ဝယ်ယူထားသည့် အဖြူရောင်ဆလွန်းကားလေးကိုကိုယ်တိုင်မောင်းကာ အဓိပတိလမ်းမဘက်သို့ ချိုးကွေ့ဝင်လာခဲ့သည်။ အဓိပတိလမ်းမထက်တွင် စိန်ပန်းနီတို့ပျံ့ကျဲလျက်။ အဓိပတိလမ်းမထိပ်ရှိ ဘွဲ့နှင်းသဘင်ခန်းမကြီးကား နံနက်ခင်းနှင်းမြူများအောက်တွင် ထည်ဝါစွာဆီးကြိုလျက်။ ကျွန်မကကားကို တောင်ငူဆောင်ဘက်သို့ ချိုးကွေ့မောင်းနှင်လာပြီး ကင်န်တင်းရှိဆိုင်များကို ဖြတ်ကျော်ကာ တောင်ငူဆောင်ရှေ့ ဦးချစ်ဆိုင်အနီး ကားပါကင်မှာ ရပ်လိုက်သည်။ ပြီးတော့ ရာမညဆောင် စာသင်ခန်းဘက်သို့ လမ်းလျှောက်ဝင်ခဲ့လေသည်။ **စာမျက်နှာ ၇ သို့** ❍


ရန်ကုန်တက္ကသိုလ်၏ အထင်ကရတစ်ခုဖြစ်သည့် ဂျပ်ဆင်ဘုရားကျောင်း။ ဓာတ်ပုံ-မြင့်မောင်မောင်

**တက္ကသိုလ်အိပ်မက်က ပူနွေးဆဲဖြစ်ရာ ကျွန်မဘဝမှာ တစ်ကြိမ်တစ်ခါပဲဖြစ်ဖြစ် ရန်ကုန်တက္ကသိုလ်၏ရင်ခွင်ကို ခိုဝင်ခွင့်ရရန်ရောက်ရှိလာခဲ့ရပါသည်။ ရန်ကုန်တက္ကသိုလ်သည် လွန်ခဲ့သော ၁၄ နှစ်က သူ မထွေးပိုက်လိုက်ရသော မိန်းကလေး၏ နှလုံးသားကို နားလည်စွာဆီးကြိုထွေးပွေ့လိုက်သည်။ ကံ့ကော်ပွင့်ချိန်၌ ကံ့ကော်ရနံ့ကို ပေးကာ၊ သစ်ပုပ်ပင်ရိပ်တွင်ခိုနားစေကာ အေးမြသော ကွန်းခိုရာဖြစ်စေခဲ့။**

❍ စာမျက်နှာ ၆ မှ

ခုတော့ ကျွန်မငယ်စဉ်က မက်ခွင့်မရခဲ့သော အိပ်မက်ကို ပြန်မက်ရန် စိတ်ပညာဒီပလိုမာကျောင်းသူဘဝဖြင့် တက္ကသိုလ်ထဲသို့ ရောက်လာခဲ့ရပြီ။ စိတ်ပညာဆိုသည်မှာ စာရေးသူတစ်ယောက်အဖို့ သိအပ်သော ပညာဖြစ်ပေရာ စိတ်ပညာဒီပလိုမာတန်းကိုတက်ဖို့ ရွေးချယ်ဖြစ်ခဲ့သည်။ ၁၉၉၁ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်ဆိုတော့ ၁၄ နှစ်တောင်ကြာခဲ့ပြီပေါ့။ ဒီ ၁၄ နှစ်အတွင်းမှာ ကျွန်မ အလုပ်တွေ အများကြီးလုပ်ခဲ့ရသည်။ အခွင့်အရေးတစ်ခု ဆုံးရှုံးရခြင်းဟာ နောက်အခွင့်အရေးတစ်ခုရဖို့လမ်းစလည်း ဖြစ်နိုင်သည်မဟုတ်လား။ လွန်ခဲ့သောနှစ်တွေအတွင်း ကျောင်းဆရာမလည်းလုပ်ခဲ့သည်၊ မဂ္ဂဇင်း အယ်ဒီတာလည်း လုပ်ခဲ့သည်၊ ဇာတ်ညွှန်းတွေလည်းရေးခဲ့သည်၊ ဝတ္ထုတွေလည်းရေးခဲ့သည်။ ကလောင်တစ်လက်လည်း တောက်ပလာခဲ့သည် ။မိသားစုကိုလည်း စောင့်ရှောက်နိုင်ခဲ့သည်။ သို့သော်လည်း တက္ကသိုလ်အိပ်မက်က ပူနွေးဆဲဖြစ်ရာ ကျွန်မဘဝမှာ တစ်ကြိမ်တစ်ခါပဲဖြစ်ဖြစ် ရန်ကုန်တက္ကသိုလ်၏ရင်ခွင်ကို ခိုဝင်ခွင့်ရရန်ရောက်ရှိလာခဲ့ရပါသည်။ ရန်ကုန်တက္ကသိုလ်သည် လွန်ခဲ့သော ၁၄ နှစ်က သူမထွေးပိုက်လိုက်ရသော မိန်းကလေး၏ နှလုံးသားကို နားလည်စွာ ဆီးကြိုထွေးပွေ့လိုက်သည်။ ကံ့ကော်ပွင့်ချိန်၌ကံ့ကော်ရနံ့ကိုပေးကာ၊ သစ်ပုပ်ပင်ရိပ်တွင် ခိုနားစေကာ အေးမြသော ကွန်းခိုရာဖြစ်စေခဲ့ပါသည်။

အပေါ်ယံကြည့်လျှင် ငယ်စဉ်က မပြည့်စုံသဖြင့် မတက်ခဲ့ရသော တက္ကသိုလ်ကို အောင်မြင်စ စာရေးဆရာမလေးဘဝဖြင့် ကိုယ်တိုင်ကားလေးမောင်း၍ တက်နိုင်ခြင်းသည် အနိုင်နှင့်ပိုင်းသည့်ပမာ ထင်မှတ်စရာဖြစ်သည်။ သို့သော်လည်း အသက် ၃၀ ဝန်းကျင် တက္ကသိုလ်ကျောင်းသူသည် ဆယ်ကျော်သက်အရွယ်တက္ကသိုလ်ကျောင်းသူနဲ့တော့ ဘယ်တူနိုင်ပါတော့မလဲ။ ကျွန်မ၏ နှလုံးသားသည် ဆယ်ကျော်သက်တုန်းကလောက် မနုနယ်နိုင်တော့ပြီ။

ငယ်စဉ်ကဖတ်ခဲ့ဖူးသည့် တက္ကသိုလ်ဝတ္ထုထဲက တက္ကသိုလ်ကျောင်းသူများလို ဗရုတ်ကျ၍လည်း မတင့်တယ်တော့၊ အလုပ်တစ်ဖက် stress များနှင့်မို့ ဆယ်ကျော်သက်များလိုတော့ မပေ့ါပါးနိုင်တော့ပြီ။ ဆယ်ကျော်သက်အရွယ်က တက္ကသိုလ်ကိုခြေချခွင့်ရခဲ့ကြသည့် ကျောင်းသူကျောင်းသားများဟာ ဘယ်လောက်များ ကံထူးခဲ့ပါသလဲ။ သူ့အရွယ်နှင့်သူ အချိန်ကိုက်ရသင့်ရထိုက်သော အတွေ့အကြုံနှင့် အခွင့်အရေးများကိုရရှိကြသူများသည် အင်မတန်မှ ကံကောင်းကြသူများဖြစ်ပါသည်။


ရန်ကုန်တက္ကသိုလ်ဝန်းကျင်မှ အင်းလျားကန်နှင့်စိန်ပန်းအလှ။ ဓာတ်ပုံ-မြင့်မောင်မောင်

မည်သို့ပင်ဖြစ်စေ တက္ကသိုလ်ရင်ခွင်၌ နှစ်နှစ်တာ ခိုလှုံခွင့်ရခဲ့သော အချိန်ကာလများသည် ကျွန်မအတွက်တော့ အဖိုးထိုက်တန်သော၊ မမေ့နိုင်သော နေ့ရက်များဖြစ်ပါသည်။ တက္ကသိုလ်၌ ဆုံစည်းခဲ့ရသော ဆရာဆရာမများနှင့် သူငယ်ချင်းများကို သတိရဆဲဖြစ်ပါသည်။ ကျောင်းသူဘဝထိုကာလက အထူးအားဖြင့် ချစ်ခင်တွယ်တာခဲ့ရသော ပင်းယဆောင်အဆောင်မှူး စိတ်ပညာပါမောက္ခ ဆရာ ဦးအောင်သန်းဦးနှင့် ချစ်ခင်လေးစားရသောဆရာမကြီး ဒေါ်ခင်အေးဝင်းတို့လည်း ကွယ်လွန်ဆုံးပါးခဲ့ကြပြီ။ စာသင်ခန်းပြင်ပ၌ ကျွန်မနှင့် တွေ့သည့်အခါ "ပုညခင်ရဲ့ ..တို့ရောဝတီတိုင်းသားတွေဟာလေ..''ဟု အစချီကာ အားရပါးရစကားဆိုတတ်သော အိမ်မဲသား ဆရာဦးအောင်သန်းဦး၏အသံကို ကြားယောင်မိသည့်အခါ လွမ်းဆွတ်မျက်ရည်ဝဲခဲ့မိပါသည်။

ယခုအခါမှာတော့ တက္ကသိုလ်ကို လွမ်းရသောအလွမ်းတို့သည် ချစ်ခင်ရသူတို့နှင့်အတူတွဲ၍ ပိုမိုလေးနက်လာခဲ့ရသည်။ ကံ့ကော်တို့သည်သူ့ရနံ့နှင့်အတူ ဆရာဆရာမများ၏ စာသင်ကြားသံများကိုရောယှက်လျက် အလွမ်းကိုဆောင်ယူလာသည်။ တောင်ငူဆောင်ထက်က ခိုကလေးများသည်ကင်န်တင်းမှာထိုင်၍ စကားဆိုခဲ့ကြစဉ်က စကားသံများကို မှတ်သားလျက် သစ်ပုပ်ပင်ကြီးဘက်သို့ ပျံသန်းသွားခဲ့သည်။ ရာမညဆောင် စာသင်ခန်းများ၏ ခုံတန်းကလေးများသည် တစ်ယောက်ဆင်းတစ်ယောက်တက် ထွက်ခွာသွားသူတို့၏ ကိုယ်ငွေ့ဖြင့် နွေးဆဲပဲလား။

နှစ်စဉ် နွေနှောင်းမိုးဦးအခါရောက်လေတိုင်း တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက်တွင် စိန်ပန်းတို့ ရဲရဲနီစွေးနေသည်ကို တွေ့မြင်ရလေ့ရှိပါသည်။ စိန်ပန်းနီတွေခြံရံထားသည့် လမ်းတစ်လျှောက်ကားမောင်းသွားရင်း အဓိပတိဂိတ်တံခါးဝသို့ရောက်လျှင် အဓိပတိလမ်းမဆီ လှမ်းမျှော်ကြည့်မိမြဲဖြစ်ပါသည်။

အဓိပတိလမ်းမကတော့ အရင်လိုပါပဲတဲ့။ အဓိပတိလမ်းကို မြင်တွေ့ရတိုင်း ထိုသီချင်းလေးကို တီးတိုးညည်းမိတတ်ပါသည်။

သို့သော်လည်း အဓိပတိလမ်းပေါ်ဖြတ်သန်းဖူးကြသူများ၏ ဘဝတွေကတော့ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲခဲ့ကြပြီ၊ ရှင်ခြင်းဖြင့်ခွဲခွာခဲ့ကြသလို သေခြင်းဖြင့်ခွဲခွာသွားသူတွေလည်း များလှပြီ။

အဓိပတိလမ်းမကြီးကတော့ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကလိုပင် သူ့ထံရောက်လာပြီး ပြန်ထွက်သွားကြမည့်သူများကို ဆီးလို့ကြိုမြဲ ကြိုဆဲပင်ဖြစ်လေသည်။ ။


ရန်ကုန်တက္ကသိုလ်၏ သစ်ပုပ်ပင်ကြီး။ ဓာတ်ပုံ-မြင့်မောင်မောင်

## ဆရာမ ပုညခင်၏ ကိုယ်ရေးအကျဉ်း



- အမည်ရင်း ဒေါ်သင်းသင်းမာဖြစ်သည်။
- ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ အဖ ဦးညွန့်ရှိန် အမိ ဒေါ်ငွေးငွေး တို့မှ မွေးဖွားသည် ။ မွေးချင်း သုံးဦးအနက် သမီးကြီးဖြစ်သည်။
- ၁၉၉၁ ခုနှစ်တွင် ကျောင်းကုန်းမြို့ အထက (၁) မှ အခြေခံပညာအထက်တန်းအောင်မြင်ခဲ့ပြီးနောက် ကျောင်းကုန်းမြို့နယ် တာကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းပြကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်ရင်း ဝတ္ထုတို ဝတ္ထုရှည်များ စတင်ရေးသားခဲ့သည်။
- ၁၉၉၅ ခုနှစ်တွင် ပုသိမ်အဝေးသင်တက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ဘွဲ့ရသည်။
- ၂၀၀၀ ပြည့်နှစ်တွင် ပုညခင်ကလောင်အမည်ဖြင့် "ရင်ခုန်ရဲတိုက်"ဝတ္ထုကို ထုတ်ဝေခဲ့သည်။
- ၂၀၀၅ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် အသုံးချစိတ်ပညာဒီပလိုမာတန်းကို တက်ရောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် Counselling ဘာသာဂုဏ်ထူးဖြင့် ဘွဲ့လွန်အသုံးချစိတ်ပညာဒီပလိုမာဘွဲ့ရရှိသည်။
- ယခုအချိန်ထိ ဝတ္ထုတိုပေါင်း ၈၀ ကျော်နှင့် ဝတ္ထုရှည် ၁၀၀ ကျော်၊ လူငယ်စာပေ ၊ အတွေးအမြင်စာပေများ ရေးသားခဲ့သည်။
- ဝတ္ထုများစွာကို ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးခြင်းခံရပြီး အချို့သောရုပ်ရှင်များမှာ အကယ်ဒမီဆုများ ဆွတ်ခူးရရှိခဲ့သည်။
- အရှေ့တံခါးအဝင် (ရွှေကြာ) ဝတ္ထုကို လူသားချင်းစာနာစိတ်ဖြင့်ရေးဖွဲ့ခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်တွင် ကုလသမဂ္ဂ AIDS ပူးပေါင်းအစီအစဉ် (UNAIDS) အဖွဲ့အစည်းကပေးအပ်သော မှတ်တမ်းတင်ဂုဏ်ပြုလွှာကို လက်ခံရရှိခဲ့သည်။

# ရန်ကုန်တက္ကသိုလ်တွင် ပညာရည်နို့သောက်စို့ခဲ့ကြသည့် စာပေ၊ ဂီတ၊ အနုပညာ ကျောင်းသား ကျောင်းသူဟောင်းများ၏ အမှတ်တရများ

ရီရီမြင့်၊ ဥမ္မာသန့်

ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်ပွဲဆင်နွှဲရန် ပြင်ဆင်နေကြလေပြီ။ သမိုင်းအစဉ်အလာကြီးမားသည့် ရန်ကုန်တက္ကသိုလ်သည် အမိနိုင်ငံအတွက် ထူးချွန်ထက်မြက်သည့် ပုဂ္ဂိုလ်များ၊ ပညာရှင်များ မွေးထုတ်ပေးသည်သာမက စာရေးဆရာ၊ ကဗျာဆရာ၊ အနုပညာရှင်များစွာကိုလည်း မွေးထုတ်ပေးခဲ့သည်ဟုဆိုရပေမည်။ ထိုအမိရန်ကုန်တက္ကသိုလ်ကြီးတွင် ပညာရည်နို့သောက်စို့ခဲ့ကြသည့် စာပေ၊ ဂီတ၊ အနုပညာကျောင်းသား ကျောင်းသူဟောင်းကြီးများက ရာပြည့်သဘင်ပွဲတွင် တစ်ထောင့်တစ်နေရာမှ မိမိတို့ကျွမ်းကျင်ရာ အနုပညာ၊ အတတ်ပညာများစွာဖြင့် ပါဝင်အားဖြည့်ပေးလျက်ရှိသည်။

စာပေ၊ ဂီတ၊ အနုပညာကျောင်းသား ကျောင်းသူဟောင်းကြီးများက ၎င်းတို့ ဖြတ်သန်းခဲ့သည့် ကျောင်းသားဘဝတစ်လျှောက် အမှတ်တရများကို ယခုကဲ့သို့ ပြောကြားခဲ့ကြပါသည် -



မေဆွိ



အရိုင်း

**မေဆွိ(အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်)**

၁၉၇၉ မှာ ဆယ်တန်းအောင်တယ်။ ၈၀ မှာ ဒေသကောလိပ် (၃) မှာ တက်တယ်။ အဲဒီကမှ ရန်ကုန်တက္ကသိုလ်ထဲကို ရောက်တယ်။ ၈၄ ခုနှစ်မှာ ကျောင်းပြီးတယ်။ အစ်မက တက္ကသိုလ်မတက်ခင်ကတည်းက သီချင်းစဆိုနေပြီ။ တက္ကသိုလ်တက်တဲ့အချိန်မှာ အဆိုတော်မေဆွိဆိုတာ ဖြစ်နေပြီ။ မေဆွိနဲ့ပဲ ကျောင်းပွဲတွေမှာ ဆိုဖြစ်တယ်။ စီးရီးတွေလည်း စဆိုနေပြီ။ ရန်ကုန်တက္ကသိုလ်ကို ရောက်တဲ့အချိန်မှာ ရုပ်ရှင်လည်းရိုက်နေပြီ။ ရန်ကုန်တက္ကသိုလ်မှာ အစ်မရဲ့ အနုပညာလှုပ်ရှားမှုတွေက တော်တော်များနေပါပြီ။

များသောအားဖြင့် မေဂျာပေါင်းစုံလုပ်တဲ့ပွဲတွေဆိုရင် အဲဒီမှာ သီချင်းတွေ အမြဲတမ်းဆိုဖြစ်တယ်။ ကိုယ့်မေဂျာအနေနဲ့လည်း ဆိုဖြစ်တယ်။ တခြားမေဂျာတွေကလည်း ကိုယ့်ကိုလာပြီးဆိုစေချင်ရင် ဆိုပေးပါတယ်။ ဒါတွေက တက္ကသိုလ်မှာ အမှတ်တရလေးတွေပါပဲ။ အဲဒီတုန်းကဆိုရင် အာရ်စီမှာ အမြဲတမ်းပွဲတွေရှိတယ်။ အခုချိန်မှာ သိပ်မလုပ်တော့ဘူး။ အစ်မတို့ ကျောင်းတက်တုန်းက အားကစားပွဲတွေအပြင် တိုင်းရင်းသားစားသောက်ပွဲတွေ၊ တိုင်းရင်းသားနေ့တွေ၊ ဥပမာ - ကချင်ပြည်နယ်နေ့တို့၊ ရှမ်းပြည်နယ်နေ့တို့၊ အဲဒီလိုမျိုးတွေမှာ ဈေးရောင်းပွဲတော်တွေရှိတယ်။ ကိုယ့်မေဂျာအလိုက် အပြိုင်ကျင်းပကြတယ်။ သီချင်းဆိုတာပါရင် ကိုယ်ကဆိုဖြစ်တယ်။ အနုပညာလှုပ်ရှားမှု အမှတ်တရအနေနဲ့ ကျောင်းပွဲတွေအများကြီးမှာ သီချင်းတွေ လှည့်ပတ်ပြီးဆိုနေရတာ။ အစ်မက ရုက္ခဗေဒ (Botany)ကပါ။ အမှတ်တရကတော့ အများကြီးပါပဲ။

**ကျောင်းသားတိုင်း မသွားဖူးတဲ့လူမရှိ**

အင်းလျားမှာ ဘူးသီးကြော် သွားစားကြတယ်၊ ဦးချစ်ဆိုင်ထိုင်ကြတယ်၊ ဘွဲ့နှင်းသဘင်ရှေ့က ခြသေ့်ကြီးနားမှာ ထိုင်ကြတယ်၊ အဓိပတိလမ်းမှာ လျှောက်တယ် စတဲ့ အမှတ်တရတွေကတော့ ကျောင်းသားတိုင်းအတွက် အမှတ်တရနေရာတွေဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာတက်တဲ့ ကျောင်းသားတိုင်း မသွားဖူးတဲ့လူ မရှိပါဘူး။ အစ်မလည်း ကျောင်းတက်တုန်းက အဲဒီနေရာတွေ သွားခဲ့ရတာတွေက အမှတ်တရချည်းပါပဲ။ အခုချိန်အထိလည်း ဒီနေရာတွေက ရှိနေတာဆိုတော့ ဒီနေရာတွေကို ဖြတ်သန်းသွားတိုင်း အရင်တုန်းက ကျောင်းတက်ခဲ့တဲ့ ကျောင်းသားဘဝကို အမြဲတမ်း သတိရနေတာပေါ့နော်။ အဲဒီလိုတွေတော့ ရှိပါတယ်။

အစ်မအနေနဲ့ကတော့ ထူးထူးဆန်းဆန်း သိပ်မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ အစ်မက ကျောင်းကို ပြီးအောင်တက်တယ်။ ရည်းစားတွေ အများကြီးထားခဲ့တာ၊ အသည်းကွဲတာတို့၊ အသည်းခွဲထားခဲ့တာတို့ အစ်မက အဲဒီထဲမှာ မပါတော့ အချစ်ဇာတ်လမ်းနဲ့ ပတ်သက်ပြီးတော့ အမှတ်တရမရှိဘူး။ သူငယ်ချင်းတွေနဲ့ သိပ်အရေးမကြီးတဲ့ Class ဆိုရင် ထုံးစံအတိုင်း နောက်မှ စာပြန်ကူးကြပြီးတော့ အမြဲတမ်းလိုလို ကျောင်းထဲမှာပဲ လျှောက်သွားနေကြတာက ပိုများတာပေါ့။ တစ်ခါတလေကျရင် မနက်ကတည်းက ကျောင်းကိုရောက်ပေမယ့် ကျောင်းခန်းထဲကို မရောက်ခဲ့တဲ့နေ့တွေလည်း ရှိတယ်။ တစ်ချိန်လုံး လျှောက်သွားနေလို့၊ အစ်မကတော့ တက္ကသိုလ်တက်ချိန်မှာ ဒီလိုပဲသူငယ်ချင်းတွေနဲ့ ဖြတ်သန်းတာပေါ့။ သူငယ်ချင်းတွေနဲ့ပဲ အချိန်ကုန်တာများပါတယ်။

တက္ကသိုလ်မှာ အစ်မက ကိုယ်ပိုင်သီချင်းတွေပဲ ဆိုဖြစ်တယ်။ တက္ကသိုလ်နဲ့ပတ်သက်တဲ့ သီချင်းတွေကိုတော့ တက္ကသိုလ်စိန်ရတုလိုပွဲမျိုးမှာ အမှတ်တရရေးတဲ့အခါမျိုးမှာ ဒီတက္ကသိုလ်က ကျောင်းပြီးပြီး အဆိုတော်ဖြစ်ခဲ့တဲ့အတွက်ကြောင့် ဆိုဖြစ်တယ်။ ၈၄ ခုနှစ်မှာ ကျောင်းပြီးတယ်။ ၈၈ ခုနှစ်မှာ တက္ကသိုလ်နဲ့ပတ်သက်တဲ့ **“ဂျပ်ဆင်ထိပ်က လရိပ်ပြာ”** သီချင်းကို အဲဒီမှာမှ ဆိုဖြစ်တယ်။ ကိုခင်မောင်တိုးတို့ ကိုမွန်းအောင်တို့ကတော့ တက္ကသိုလ်နဲ့ပတ်သက်တဲ့ သီချင်းတွေကို များသောအားဖြင့် ဆိုကြတယ်။ အောင်နိုင်တို့ဆို ရန်ကုန်တက္ကသိုလ်နဲ့ပတ်သက်တဲ့သီချင်းတွေ အများကြီးဆိုခဲ့တယ်။ ကျောင်းပြီးတဲ့နောက်ပိုင်းမှာ **“မာလာဆောင်”**တို့၊ ဘာတို့က နောက်ပိုင်း ကျောင်းပွဲတွေမှာ ဆိုဖြစ်တယ်။ မအယ်လ်ခွန်းရီရဲ့သီချင်း **“ခွဲခွာရမယ့် နေ့ရက်များ”** အဲဒီလိုသီချင်းတွေ ဆိုဖြစ်တယ်။ ကိုစိန်လွင်ရဲ့ **“နွေပုံပြင်”** သီချင်း၊ **“အဓိပတိလမ်းကခြေရာများ”** အဲဒီလိုမျိုးတွေကို ကျောင်းပြီးတဲ့နောက်ပိုင်းမှ ပြန်ပြီးဆိုဖြစ်တယ်။ တကယ်တမ်းကျောင်းမှာ ကျောင်းသီချင်းကို ဆိုခဲ့တာမရှိခဲ့ဘူး။

**ကူညီပံ့ပိုးခွင့်ရတာ ကျေနပ်ပီတိဖြစ်**

ဒီတက္ကသိုလ်ကြီးက ဘယ်တော့မှ မပြောင်းလဲဘူး။ ပညာတတ်တွေ အများကြီး မွေးထုတ်ပေးခဲ့တယ်။ ပညာတတ်တွေ၊ ပညာရှိတွေ အများကြီးကို မွေးထုတ်ပေးခဲ့တဲ့အတွက်ကြောင့် တက္ကသိုလ်ကြီးကို နှစ် ၁၀၀ မှသည် နှစ်ပေါင်းများစွာတိုင် တည်ပါစေလို့ အစ်မကတော့ ဆုတောင်းပေးပါတယ်။ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ MRTV မှာ စုံတွဲတစ်ပုဒ်၊ တစ်ယောက်တည်း တစ်ပုဒ်ဆိုဖို့ရှိပါတယ်။ တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အနေနဲ့ပေါ့။ ကပ်ရောဂါဖြစ်နေတဲ့ ကာလကြီးမှာ ရုပ်ရှင်နှစ်တစ်ရာဆိုလည်း ပြီးသွားခဲ့ပြီ။ အခုဆိုလည်း ရန်ကုန်တက္ကသိုလ်လည်း နှစ် ၁၀၀ ပြည့် ဖျော်ဖြေပွဲတွေ လုပ်တဲ့နေရာမှာ ကိုယ်တွေလည်း တစ်ထောင့်တစ်နေရာကနေပါဝင်ပြီး သီဆိုခွင့်ရတဲ့အတွက် အမှတ်တရလည်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ် ၁၂၀ ဆိုရင် ကိုယ်လည်းရှိချင်မှ ရှိတော့မှာဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုယ်သက်ရှိထင်ရှား ရှိနေချိန်လေးမှာ တက္ကသိုလ်ကြီးအတွက် ကူညီပံ့ပိုးခွင့်ရတာကိုပဲ အများကြီး ကျေနပ်တယ်။ ပီတိလည်းဖြစ်တယ်၊ ဝမ်းလည်း ဝမ်းသာ၊ ဂုဏ်လည်းယူပါတယ်လို့ ပြောချင်ပါတယ်။

**အရိုင်း(လူရွှင်တော်၊ ရုပ်ရှင်သရုပ်ဆောင်)**

၁၉၇၇ မှာ ဆယ်တန်းအောင်တယ်။ ၇၈ မှာ ပထမနှစ် အာရ်စီဝမ်းမှာ တက်တယ်။ ၇၉ မှာ ဒုတိယနှစ်၊ ၈၀ မှာ တတိယနှစ် တက်တယ်။ ကျတယ်။ ၈၁ မှာ တတိယနှစ် ပြန်တက်တယ်။ ၈၂ မှာ နောက်ဆုံးနှစ်ပြီးသွားတယ်။ ဦးအရိုင်းတို့တုန်းက ရန်ကုန်တက္ကသိုလ်ကို တိုက်ရိုက်တက်ခွင့်မရှိဘူး။ တတိယနှစ်မှ တက်ရတယ်။ အနုပညာလှုပ်ရှားမှုက အာရ်စီဝမ်းကတည်းက ဆရာ တက္ကသိုလ်ဟန်မြတ်မော်က ဦးအရိုင်းတို့ဆရာပေါ့။ Business Management ဌာနမှာ ဆရာ ဦးဟန်မြတ်မော်က ကထိကပေါ့။ ဦးအရိုင်းတို့ရဲ့ အနုပညာအသင်းကို ဆရာက ကိုင်တွယ်ရတယ်။ အဲဒီမှာ ဦးအရိုင်းတို့ အဆိုသင်တန်းတက်ပြီးတော့ သင်္ကြန်ဆိုရင် ဖျော်ဖြေပွဲတွေလုပ်ရတယ်။ အဲဒီအတွက် သင်္ကြန်နားနီးရင် ဦးအရိုင်းတို့ အဆိုအတွက်လူရွေးတယ်။ ဦးအရိုင်းတို့ ဝင်ပြိုင်တော့ အရွေးခံရတယ်။

အဲဒီခေတ်က မြို့တော်ခန်းမမှာ မြို့တော်ဝန်မဏ္ဍပ်လုပ်တယ်။ အဲဒီမဏ္ဍပ်မှာသွားပြီး တင်ဆက် ဖျော်ဖြေပေးရတယ်။ ပထမနှစ်၊ ဒုတိယနှစ် နှစ်နှစ်ကို အာရ်စီဝမ်းရဲ့ အနုပညာအသင်းမှာ လုပ်ခဲ့တယ်။ ပြီးတော့ တတိယနှစ် ရန်ကုန်တက္ကသိုလ်ရောက်တော့ အနုပညာအသင်းနဲ့ဆက်သွယ်ပြီး အဲဒီမှာ အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်တွေ ကဖြစ်ကြတယ်။ ၁၉၈၀ မှာ ရန်ကုန်တက္ကသိုလ်ထဲမှာ စလုပ်ဖြစ်တာ။ အဲဒီတုန်းက အတူတူတွဲပြီးလုပ်ခဲ့တဲ့ ကျောင်းသားတွေကတော့ မြန်မာစာဌာနက ကိုကျော်ငွေးဇံ၊ သူက အခု တပ်ကုန်းမှာနေတယ်။ သူ့လူရွှင်တော်နာမည်က ကြွက်ပြုံး။ ဦးအရိုင်းက သင်္ချာမေဂျာ။ အဲဒီတုန်းက ကိုပိန်ပိန်တို့ ဘာတို့ရှိတယ်။ သူတို့က ဒီဘက်အသင်းကို အဆက်အသွယ်မရှိသေးဘူး။ တစ်ခါတလေတော့ရောက်လာပါတယ်။ ပွဲတွေဘာတွေဖြစ်တယ်ဆိုရင်တော့ သင်္ချာဌာနကပေါ်ပေါ်ဆိုတဲ့ တစ်ယောက်ရှိသေးတယ်။ သူနဲ့အတူတူ လူရွှင်တော်လုပ်ဖူးတယ်။ သူ့နာမည်အရင်းက ကိုငွေးမော်တဲ့။ သူက အညာသား၊ တောင်တွင်းကြီးက။

ဦးအရိုင်းတို့က Day တက်ရတယ်ဆိုပေမယ့် ကျောင်းထဲမှာပဲ အတန်းရှိရင် အတန်းတက်တယ်။ အတန်းမရှိရင် အနုပညာအသင်းမှာပဲ အချိန်ကုန်တယ်။ အနုပညာအသင်းမှာက တချို့လည်း အပြင်မှာ အလုပ်လုပ်ကြတယ်။ တချို့ကျောင်းပြီးတော့ ကျောင်းမှာပဲ ဆရာပြန်လုပ်ကြတာရှိတယ်။ ကျောင်းသားရေးရာဌာနတွေမှာ အလုပ်တွေ ပြန်ဝင်လုပ်ကြတယ်။ ဒီအနုပညာအသင်းကြီးကို ပြန်လည်ပံ့ပိုးနေတဲ့ အနုပညာကျောင်းသားတွေအနေနဲ့ ကျောင်းကနေ မထွက်ခွာသေးတဲ့လူတွေလည်း ရှိတယ်။ အဲဒီတော့ ကျောင်းမှာ အသင်းသား အသင်းသူဟောင်းတွေနဲ့ ဦးအရိုင်းတို့ မျိုးဆက်သစ်တွေက ပူးပေါင်းပြီး အနုပညာအသင်းကြီးမှာ အလုပ်တွေက နှစ်ပေါင်းများစွာ လုပ်ဖြစ်ခဲ့ကြတယ်။ လုပ်ဖြစ်ခဲ့ကြတယ်ဆိုတာလည်း ဒီမှာရှိတဲ့ ကျောင်းသားကြီးတွေက အနုပညာအသင်း မျိုးဆက်ပြတ်မသွားအောင်ဆိုတဲ့ သဘောရှိတယ်။ အဲဒီတုန်းက ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ခ လက်ထက်။ ဦးအရိုင်းတို့ တစ်နှစ်လောက် မီလိုက်သေးတယ်။

**အနုပညာအသင်းရှင်သန်အောင် သင်တန်းတွေ သင်ပေး**

ဆရာကြီး ဒေါက်တာမောင်မောင်ခ လက်ထက်မှာ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းက တော်တော်လေးကို အောင်အောင်မြင်မြင် ထွန်းထွန်းပေါက်ပေါက် ဖြစ်ခဲ့တယ်လို့ ပြောရမယ်။ နောက်ပိုင်း ဦးအရိုင်းတို့က ဒါကို အဆက်မပြတ်စေချင်တဲ့အတွက် ကျောင်းသားဟောင်းတွေရော၊ မျိုးဆက်သစ်ကျောင်းသားသစ်တွေပါ မော်ကွန်းထိန်းဆရာကြီး ဦးစံအုန်း ဦးဆောင်ပြီးတော့ အနုပညာအသင်းကြီးကို ရှင်သန်နေအောင် အငြိမ့်၊ ဆိုင်းဝိုင်း၊ အဆို၊ အက၊ အတီး သင်တန်းတွေရှိတယ်။ ကျောင်းသားဟောင်းတွေက သင်ပေးတယ်။ ဆိုင်းဝိုင်းမှာ ရွှေစားလုပ်တာ ဆရာဦးငွေးဝင်း၊ သူက ဘူမိဗေဒဘာသာက။ ကျန်တဲ့ မောင်း၊ ဆိုင်းတီး၊ စည်းဝါး၊ နဲ၊ ခြောက်လုံးပတ် ဒိုးတီးသူတွေက အခြားမေဂျာက ကျောင်းသားဟောင်းကြီးတွေပေါ့။ သူတို့နဲ့ ပူးပေါင်းပြီး ဦးအရိုင်းတို့လည်း ဝင်ပြီးတီးတာပေါ့။ လူရွှင်တော်တွေက မြန်မာစာဌာန၊ ဥပဒေဌာနက ဘီယာ၊ နိုးတူး၊ လန်ဘား၊ ချစ်စရာတို့က လူရွှင်တော်ဟောင်းကြီးတွေ။ နောက်ပိုင်း ဦးအရိုင်းတို့ ရောက်သွားတော့ ပြဇာတ်တွေ ကကြတယ်၊ အငြိမ့်တွေ ကကြတယ်၊ နှစ်ပါးသွားတွေ ကကြတယ်၊ နောက်ပိုင်း ဇာတ်တော်ကြီးတွေပါ ကကြတယ်။ နောက်ပြီး ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေလုပ်တယ်။

သင်္ကြန်ဆိုရင် ပညာရေးဝန်ကြီးဌာနမဏ္ဍပ်တွေမှာ နှစ်စဉ်နှစ်တိုင်း ဖျော်ဖြေပေးတယ်။ အကတွေ တိုက်ကြတယ်၊ အတီးတွေ တိုက်ကြတယ်၊ နွေရာသီကျောင်းပိတ်ရက် သူများတွေက အိမ်ပြန်ကြတယ်။ ဒီအနုပညာအသင်းမှာပါတဲ့ ကျောင်းသား ကျောင်းသူတွေ ပါမောက္ခချုပ်က စာထုတ်ပြီး တာဝန်ယူပြီး Camp ဝင်ကြရတယ်။ ပွဲတွေ ဘာတွေပြီးတော့မှ အိမ်ပြန်ကြရတယ်။ ဒါက တက္ကသိုလ်အနုပညာအသင်းကြီးရဲ့ လှုပ်ရှားမှုပေါ့။ လစဉ် လစဉ် ကျောင်းဖွင့်နေတဲ့ အချိန်မှာတော့ အဆို၊ အက၊ အတီး၊ ပန်းချီ သင်တန်းတွေ တောက်လျှောက်ရှိတယ်။

၈၈ အရေးအခင်းမတိုင်ခင် ကျောင်းတွေ ပိတ်လိုက်ဖွင့်လိုက်နဲ့ အရေးအခင်းပြီးတော့မှ အနုပညာအသင်းကို ပြန်လည်လှုပ်ရှားဖြစ်ခဲ့တယ်။ အဲဒီအသင်းကြီးမှာပဲ အိပ်ကြတယ်။ ညဘက်ဆို အဆောင်တွေမှာ သီချင်းသွားဆိုကြ၊ မယ်ဒလင်တီးကြ၊ နောက်ဆုံးစန္ဒရားကို ကားနဲ့တင်ပြီး အဆောင်ရှေ့သွားပြီး သီချင်းတွေ ဆိုကြ၊ တီးကြ၊ စားကြ သောက်ကြနဲ့ နေခဲ့ရတဲ့ညတွေ နည်းတာမဟုတ်ဘူး။ ညပေါင်းများစွာ အဲဒီလို နေခဲ့ရတယ်။ ကျောင်းတက်တုန်းက ကျောင်းသားဘဝမှာ ပျော်စရာကောင်းတဲ့ အရာတွေပေါ့။ ကျောင်းထဲမှာ ကျောင်းသား ကျောင်းသူတွေက တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွားလာလို့ရတယ်။ ကျောင်းသား ကျောင်းသူတွေကို ပြောတာနော်။ တခြားသူစိမ်းတွေကတော့ ကျောင်းထဲကို ဝင်ကို မဝင်ရဲတာ။ တက္ကသိုလ်ကြီးရဲ့ အရှိန်အဝါ ဘယ်လောက်ကြီးသလဲဆိုတာ။ တော်ရုံတန်ရုံလူက တက္ကသိုလ်ထဲကို လမ်းဖြတ်လျှောက်ဖို့ မပြောနဲ့၊ ဝင်တောင်မဝင်ရဲတဲ့ခေတ်၊ အဲဒီတုန်းက တက္ကသိုလ်ကြီးရဲ့ အရှိန်အဝါ အဲဒီလောက်ကြီးမားတယ်ဆိုတာ ပြောပြတာ။ အဲဒါ ဦးအရိုင်းတို့ ကျောင်းတက်ခဲ့တဲ့ ကာလတွေပေါ့။

ဦးအရိုင်းတို့ကတဲ့ အငြိမ့်နာမည်က “ကံ့ကော်မြိုင်အငြိမ့်” ပဲ။ ရန်ကုန်တက္ကသိုလ်ကိုယ်စားပြုပြီး မှည့်ထားတာ။ အခုချိန်အထိ နောက်မျိုးဆက်သစ်ကလေးတွေ ကနေတုန်းပဲ။ ကံ့ကော်မြိုင်အငြိမ့် နာမည်လို့ပဲ အစဉ်အဆက်သုံးပြီး ထိန်းသိမ်းစောင့်ရှောက်ကြတာပေါ့။ ဦးအရိုင်းတို့လည်း အခုအချိန်အထိ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းကို ပြန်လည်ဖွင့်လှစ် ပံ့ပိုးပေးနေရတယ်။ အခုလက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာဖိုးကောင်းကလည်း ဦးအရိုင်းတို့လို ကျောင်းသားဟောင်းတွေကို မေတ္တာရပ်ခံပြီး အကူအညီပေးဖို့ ပြောတဲ့အတွက်ကြောင့် အခုတော့ ကျောင်းပိတ်နေတယ်၊ ကျောင်းဖွင့်တဲ့ရက်တွေဆိုရင်တော့ သွားရောက်ပြီး မျိုးဆက်သစ်ကလေးတွေ အရှိန်လေးရအောင် ဝိုင်းကူပြီး သင်တန်းတွေ ဖွင့်ပေးတယ်။ ကျောင်းသား ကျောင်းသူဟောင်းတွေအနေနဲ့ ကော်မတီတစ်ရပ်ဖွဲ့ပြီး လုပ်ပေးတယ်။ ကျောင်းသားဟောင်း လူရွှင်တော်ကြီးတွေထဲမှာ တချို့လည်း ဆုံးပါးသွားကြရပြီ။ တချို့လည်း နိုင်ငံခြား ရောက်နေတဲ့သူတွေရှိတယ်။

**ကျောင်းသူ ကျောင်းသားဟောင်းတွေက အနုပညာအသင်းကို ကူညီဆောင်ရွက်နေဆဲ**

တကယ်လို့ ကျောင်းဖွင့်ပြီဆိုရင် နိုင်ငံခြားကနေ ရောက်နေချိန်ဆို အနုပညာအသင်းကို လာကြတယ်။ မြန်မာပြည်မှာရှိတဲ့ အနုပညာအသင်း ကျောင်းသား ကျောင်းသူဟောင်းတွေကတော့ အခုထက်ထိ အနုပညာအသင်းကို ကူညီဆောင်ရွက်ပေးနေဆဲပါပဲ။ ဟိုအရင် အကသင်တန်းမှာ ကျောင်းသူဖြစ်ခဲ့တဲ့၊ ပန်တျာကျောင်းအုပ်လည်း ဖြစ်ခဲ့တဲ့ ဒေါ်မူမူခင်တို့ မိုးနတ်သူဇာ အငြိမ့်မင်းသမီးဖြစ်တဲ့ သီတာဝင်း ကျောင်းသူဟောင်းက ဆရာမအနေနဲ့လာပြီး အကသင်တန်းမှာ အကတွေ သင်ပေးနေတယ်။ ဦးအရိုင်းတို့က သူတို့ရဲ့နောက်မှ ပေါက်ဖွားလာတဲ့လူရွှင်တော်တွေပေါ့၊ ဆရာမ ထိပ်တင်ဟန်ကတော့ မြန်မာစာဌာနက။ သူက ဦးအရိုင်းတို့နဲ့အတူ အငြိမ့်တွေဘာတွေ ကတယ်။ သူတို့က မင်းသမီးပေါ့။ နောက် တင့်တင့်ထွန်းနဲ့လည်း အငြိမ့်ကဖူးတယ်။ တင့်တင့်ထွန်းကတော့ ဦးအရိုင်းတို့ထက် ငယ်တယ်။ ခင်နှင်းနှင်းကြည်တို့က ဒီဘက်ခေတ်ကလေးတွေကို ပြန်ပြီးအကတွေ လာသင်ပေးကြတယ်။ အသင်းသူ အသင်းသားဟောင်းတွေက ပြန်လာပြီး လုပ်ပေးနေကြတယ်။

ငှက်ပျောကြော်တို့၊ ကင်းကောင်တို့က ဦးအရိုင်းတို့ထက် ငယ်တယ်။ ဒါပေမယ့် နောက်ပိုင်း ကျောင်းမှာဆုံကြတော့ သူတို့က အာရ်စီတူးမှာ လူရွှင်တော်ပြိုင်ပွဲတွေ ဘာတွေ လုပ်တာ၊ ဦးအရိုင်းတို့ပဲ ဒိုင်လူကြီးသွားလုပ်ပေးရတယ်။ အဲဒီကတည်းက နာမည်တွေ ရင်းနှီးနေပြီး **စာမျက်နှာ ၉ သို့** ❍

○ စာမျက်နှာ ၈ မှ

ကျောင်းထဲရောက်လာတော့ ဒီမှာတွေ့ပြီး ရင်းနှီးသွားကြတာပေါ့။ သူတို့က ဦးအရိုင်းကို "ဒါ ငါတို့ရဲ့ စီနီယာအစ်ကိုပဲ" ဆိုပြီး အတူတူ အငြိမ့်တွေကကြ၊ ပြန်သင်ပြ၊ သူတို့ကလည်း မသိတာမေးပေါ့။ အဲဒီလို ခင်မင်ရင်း အပြင်ရောက်သွားကြတော့၊ ကျောင်းတွေ ပြီးသွားကြတော့ ဦးအရိုင်းတို့ ကိုယ်ပိုင်အငြိမ့်တွေကကြတော့ ပြန်ဆုံဖြစ်ပြီး မြပုဏ္ဏမာ အငြိမ့်ထောင်ပြီး တောက်လျှောက်လုပ်ဖြစ်သွားတာ အခုအချိန်ထိပေ့ါ။ သူတို့နဲ့ ကျောင်းသားဘဝကတည်းက ဆုံခဲ့ကြတာပါပဲ။ ကျောင်းထဲကပွဲတွေမှာ အတူတူကကြ၊ သူတို့ကိုလည်း တွဲခေါ်ပေ့ါ၊ ဆုံဖြစ်တာပါ။

ရန်ကုန်တက္ကသိုလ်ကြီးဟာ သမိုင်းကြီးတဲ့၊ အင်မတန်မှ အထင်ကရ တန်ဖိုးရှိတဲ့ တန်ဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိလွန်းတဲ့ မြန်မာနိုင်ငံရဲ့ တစ်ခုတည်းသော အထင်ကရတက္ကသိုလ်ကြီးပေ့ါ။ ဒီတက္ကသိုလ်ကြီးကို ရှေးတုန်းကတည်းက နိုင်ငံရေး အစဉ်အလာကြီးမားခဲ့ကြတဲ့ တက္ကသိုလ်ကျောင်းသားဟောင်းကြီးတွေ၊ ကျောင်းသားခေါင်းဆောင်တွေ၊ တိုင်းပြည်ကို အုပ်ချုပ်တယ်၊ တိုင်းပြည်ကို ဦးဆောင်လမ်းပြတယ်၊ ခေါင်းဆောင်ကောင်းတွေကို ဒီတက္ကသိုလ်ကြီးက မွေးထုတ်ပေးခဲ့တယ်။ အဲဒီလို အစဉ်အလာကြီးမားခဲ့တဲ့ ပုဂ္ဂိုလ်မျိုးတွေကို အများကြီး မွေးထုတ်ပေးခဲ့တဲ့ ဒီတက္ကသိုလ်ကြီးက သမိုင်းအစဉ်အလာ ကြီးမားခဲ့တဲ့အတွက် မေ့ပျောက်လို့ မရခဲ့ဘူး။ မေ့ပျောက်လို့မရတဲ့အတွက် ဒီတက္ကသိုလ်ကြီးကို မျိုးဆက်သစ်လူငယ်တွေက လက်ဆင့်ကမ်းပြီး ကျောင်းကြီးရဲ့ ပုံရိပ်ကြီးမားသည်ထက်ကြီးမားအောင်၊ ထွန်းတောက်သည်ထက် ထွန်းတောက်အောင် ကျောင်းသားတိုင်း ကျောင်းသားတိုင်းက အဆင့်ဆင့် လက်ဆင့်ကမ်းပြီး ထိန်းသိမ်းလာခဲ့ကြတာ။ အဲဒီလောက် တန်ဖိုးကြီးမားတဲ့ ဒီရန်ကုန်တက္ကသိုလ်ကြီးအကြောင်းကို ဒီဘက်ခေတ်လူငယ်လူရွယ် ကျောင်းသား ကျောင်းသူတွေအကုန်လုံး၊ ဆရာ ဆရာမတွေအားလုံးကို သိစေချင်ပါတယ်။

**ခေတ်အဆက်ဆက်**
**လက်ဆင့်ကမ်းထိန်းသိမ်း**

ဒီကျောင်းကြီးရဲ့ တန်ဖိုးကို နောက်လာမယ့် မျိုးဆက်သစ်တွေ လက်ဆင့်ကမ်းနိုင်အောင်၊ ဒီကျောင်းကြီးရဲ့ တန်ဖိုးကို သိသည်ထက်သိအောင် အများကြီးလေ့လာ ကြိုးစားမှတ်သားကြပါလို့၊ ဒါမှ သမိုင်းကြောင့် ကြီးမားပြီး တန်ဖိုးဘယ်လောက် ကြီးမားတယ်ဆိုတာ သိကြမှာလေ။ ဒါကြောင့် ဒီနှစ် ၁၀၀ မှ နှစ် ၂၀၀ ဖြစ်သွားရင်လည်း ဖြစ်သွားအောင် လုပ်ပေးကြရမှာပဲ။ သမိုင်းပေးတာဝန်အရ ခေတ်အဆက်ဆက် ပခုံးပြောင်းတာဝန်ယူကြဖို့ ကျောင်းသား ကျောင်းသူတိုင်း လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်ကြပါစေလို့ အမှတ်တရအနေနဲ့ပြောချင်ပါတယ်။ ဒီနှစ် ၁၀၀ ပြည့်မှာ ဦးအရိုင်းတို့ ပထမစဉ်းစားထားတာက ရန်ကုန်တက္ကသိုလ်ရဲ့ နှစ် ၁၀၀ ပြည့်ပွဲမှာ ဖျော်ဖြေတင်ဆက်ဖို့ အပိုင်းကို အနုပညာအသင်းက တာဝန်ယူမယ်ဆိုပြီး ဖျော်ဖြေရေးဆပ်ကော်မတီအစည်းအဝေးလုပ်တုန်းရှိသေးတယ်။ ကိုဗစ်ကြီးက ဖြစ်သွားတာ။ ပထမရည်ရွယ်တာကတော့ ဒီပွဲမှာ အငြိမ့်တွေကကြမယ်၊ ပြဇာတ်တွေကကြမယ်၊ ဟာသပြောပွဲစင်မြင့်တွေရှိတယ်၊ ခေတ်ပေါ်တေးဂီတတွေ ဖျော်ဖြေကြမယ်ဆိုပြီး အများကြီးပဲအစီအစဉ်တွေ ဆွဲထားကြတာပဲ။ အခုတော့ ကိုဗစ်ကြောင့် အကုန်လုံး ခန့်မှန်းလို့မရတော့ဘဲနဲ့ ဖြစ်နေတာပေ့ါ။

ဖျော်ဖြေဖို့ကိုတော့ အစီအစဉ်လေးတွေတော့ ရှိပါတယ်။ ကိုဗစ်ကြီးပြီးသွားလို့ ဦးအရိုင်းတို့ကို လုပ်ခွင့်ပေးမယ်ဆိုရင်တော့ ကျောင်းနဲ့ပတ်သက်တဲ့ ပွဲလေးကိုတော့ အရင်လို တစ်နှစ်ပတ်လည် မဟုတ်တောင်မှ တစ်လလောက်တော့ လုပ်ချင်ပါတယ်။

**ရာသက်ပန်(တောင်ငူဆောင်)**

**စာရေးဆရာမ**

ရန်ကုန်တက္ကသိုလ်ကို ၁၉၈၅ မှာ ရောက်တယ်။ ပြည်ကောလိပ်ကနေ ဂုဏ်ထူးတန်းဝင်လို့ ပထမနှစ် ဂုဏ်ထူးတန်းလာတက်တာပေ့ါ။ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်ကို တစ်နိုင်ငံလုံးက ကောလိပ်တွေက ပထမနှစ်၊ ဒုတိယနှစ်အောင်ပြီး ဂုဏ်ထူးတန်းဝင်ရင် လာတက်ကြရတယ်။ အထက်မြန်မာပြည်က မန္တလေးတက္ကသိုလ်၊ အောက်မြန်မာပြည်က ရန်ကုန်တက္ကသိုလ်မှာ အကုန်လုံးတက်ရတယ်။ ဂုဏ်ထူးတန်းမှာ ကျွန်မတို့တုန်းက ၆၅ ယောက်လောက်ပဲရှိတယ်။ အကုန်လုံးက အောက်မြန်မာပြည် တက္ကသိုလ်ပေါင်းစုံက လာတက်ကြတယ်။ အဲဒီကနေစပြီး ရန်ကုန်တက္ကသိုလ်ကို ရောက်ခဲ့တယ်။ ၈၈ အရေးအခင်းမဖြစ်ခင် ပိုက်ဆံကိစ္စဖြစ်တယ်။ အဲဒီအချိန် ကျောင်းသူဘဝမှာ စာမေးပွဲဖြေနေတဲ့အချိန်မှာပဲဖြစ်တယ်။ ပြီး စာမေးပွဲဖြေတယ်၊ ခဏပိတ်လိုက်တယ်၊ ပိတ်ပြီးတော့ ပြန်ဖြေပြီး ၁၉၈၈ ခုနှစ် မတ်လမှာ တစ်ခါဖြစ်တော့ ကျောင်းတစ်ခါ ပိတ်သွားတယ်။ ၁၉၉၁ မှာ ကျောင်းပြန်ဖွင့်တယ်။ တတိယနှစ် ဂုဏ်ထူးတန်းဖြေတယ်။ အဲဒီမှာ ဝိဇ္ဇာ (ဂုဏ်ထူးတန်း) ဘွဲ့ရတယ်။ မဟာဝိဇ္ဇာ ဆက်တက်တယ်။ ၁၉၉၅ မှာ မဟာဝိဇ္ဇာပြီးခဲ့တယ်။

မဟာဝိဇ္ဇာဘွဲ့မယူခင် ၁၉၉၃ မှာ လုပ်သားများ ကောလိပ်မှာ အချိန်ပိုင်းနည်းပြလုပ်ခဲ့တယ်။ ၁၉၉၅ ဒဂုံတက္ကသိုလ်မှာ နည်းပြလုပ်တယ်။ ခြောက်နှစ်အကြာမှာ တောင်ကြီးတက္ကသိုလ်ကို ပြောင်းတယ်။ ပါရဂူဘွဲ့သင်တန်းအောင်ပြီး ၂၀၀၁ မှာ ရန်ကုန်တက္ကသိုလ်ကို ပြောင်းရတယ်။ လက်ထောက်ကထိက ဖြစ်တယ်။ ၂၀၀၈ မှာ ထားဝယ်တက္ကသိုလ်ကို ပြောင်းရတယ်။ နှစ်နှစ်နေပြီး ၂၀၁၀ မှာ ရန်ကုန်တက္ကသိုလ်ကို ကထိကနဲ့ ပြန်ပြောင်းလာတယ်။ ၂၀၁၄ မှာ ဟင်္သာတတက္ကသိုလ်ကို ပြောင်းရတယ်။ တွဲဖက်ပါမောက္ခနဲ့ ဒဂုံတက္ကသိုလ်ကို ပြောင်းရပြန်တယ်။ ၂၀၁၇ မှာ မကွေးတက္ကသိုလ် ပါမောက္ခနဲ့ပြောင်းရတယ်။ လက်ရှိ ဘားအံတက္ကသိုလ်မှာ ပါမောက္ခတာဝန်ထမ်းဆောင်နေပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသူဘဝနဲ့ရော ဆရာဘဝနဲ့ရော နေခဲ့တယ်။

ကျောင်းသူဘဝအမှတ်တရဆိုရင် ကျောင်းတက်တဲ့အချိန်မှာ အဆောင်က အခက်အခဲရှိတော့ အပြင်ဆောင်ပဲနေရတယ်။ အင်းလျားဆောင်ကို ကျွန်မသိပ်နေချင်ခဲ့တာ၊ မိုးမိုး(အင်းလျား)တို့ကို အားကျလို့။ ကျောင်းသူဘဝ ကျောင်းတက်ခဲ့ရတာ အပျော်ဆုံးအချိန်တွေပါပဲ။ ကျွန်မတို့တုန်းက နံနက်ကျောင်းနဲ့ညကျောင်း ရှိတယ်။ ကျောင်းသားတွေများလို့ ညကျောင်းဆိုတာ ရှိတယ်။ ဆရာနီကိုရဲတို့ဆိုရင် ညကျောင်းတက်ရပေမယ့် မနက်ထဲက ကျောင်းမှာပဲနေကြတယ်။ ကျောင်းမှာပဲ အချိန်ပြည့်နေကြတယ်။ ကျွန်မတို့လည်း အပြင်ဆောင်ဆိုပေမယ့် ကျောင်းမှာ မိုးချုပ်အထိနေကြတယ်။ သူငယ်ချင်းတွေနဲ့အတူ တောင်ငူဆောင် ပတ်ဝန်းကျင်၊ ဦးချစ်လက်ဖက်ရည်ဆိုင်ထိုင်ကြတယ်။ အတန်းတွေလည်းတက်ကြတယ်၊ စာလည်း ကျက်ကြတယ်။ ပြန်စဉ်းစားကြည့်မယ်ဆိုရင် အဲဒီတုန်းက ကျောင်းသူ ကျောင်းသားဘဝဟာ ကိုယ့်ကျောင်းကိုလည်း တက်တယ်၊ ကျောင်းမှာပဲ ပျော်ပျော်ရွှင်ရွှင်နေတယ်။ ပွဲတွေကလည်း ကျောင်းမှာ အဆက်မပြတ်ရှိတယ်။ အဲဒီပွဲတွေမှာလည်း ပျော်ရတာပေ့ါ။ ကျောင်းထဲကို ရောက်သွားရင် လုံခြုံသလိုခံစားရတယ်။

ကျွန်မက တံတားဖြူ မေခလာဆောင်မှာ နေခဲ့တယ်။ အဆောင်ခန်းလေးတွေ ကျဉ်းပေမယ့်ပျော်တယ်။ အမှတ်တရအနေနဲ့ ကျွန်မနေတဲ့ အဆောင်ကနေ အင်းလျားကန်ပေါင်ကို တက်တယ်၊ အဲဒီကနေ တောင်ငူဆောင်ကို လမ်းလျှောက်ပြီး ကျောင်းတက်တယ်။ အင်းလျားကန်ပေါင်ပေါ်မှာလည်း ကျောင်းသား ကျောင်းသူတွေချည်းပဲ။ မိုးချုပ်မှပဲ ပြန်ကြတယ်။ စာမေးပွဲဖြေပြီးတာနဲ့ မပြန်ကြသေးပဲ ဦးချစ်ဆိုင်မှာ ထိုင်ကြ၊ ပြန်ကြ၊ နောက်တစ်နေ့ ဖြေကြနဲ့ နေခဲ့ကြတယ်။ အဲဒီလို ဘဝလေးတွေကို တော်တော်ပျော်ခဲ့တယ်။ အခုပြန်စဉ်းစားရင် ကျောင်းသူဘဝနဲ့ ဆရာဘဝနဲ့ မတူဘူးလေ။ ရန်ကုန်တက္ကသိုလ်ကြီးက ကျွန်မတို့အတွက် ဒုတိယအိမ်ပါပဲ။ ဘယ်တက္ကသိုလ်ကို ရောက်ရောက် ရန်ကုန်တက္ကသိုလ်ကြီးကို ပြန်ပြန်လာခဲ့တယ်။ ဒီအသက်အရွယ်အထိ ကျောင်းနဲ့မကင်းခဲ့ပါဘူး။

**ငါးမူးစေ့လေးနဲ့ဖုန်းဆက်ရ**

နောက်ထပ် အမှတ်တရတစ်ခုကတော့ ဝမ်းနည်းစရာပါ။ ပိုက်ဆံတွေ သိမ်းချိန်တုန်းက ငါးမူးစေ့လေးတွေနဲ့ ဖုန်းဆက်ရတဲ့ အချိန်လေ။ ပြန်တော့ပိုက်ဆံမရှိလို့ ငါးမူးစေ့ထည့်တဲ့ စုဘူးလေးခွဲပြီး အိမ်ပြန်ရတယ်။ အဲဒီချိန်တုန်းက အင်းလျားလမ်းက သဇင်အဆောင်မှာနေတယ်။ အဲဒီကနေ မင်းလှအိုးသည်ကုန်းကို ရထားနဲ့ ပြန်ခဲ့ရတယ်။ ရထားတစ်စင်းလုံးက ကျောင်းသားတွေအပြည့်ပဲ၊ ဘယ်တော့ ကျောင်းပြန်ဖွင့်မလဲဆိုတဲ့ ခံစားချက်ဖြစ်တယ်။ အဲဒါက အမှတ်တရပါပဲ။ ကျောင်းပိတ်ချိန်မှာ အီးမေဂျာက သူငယ်ချင်းတစ်ယောက်ကလည်း ဆုံးသွားတယ်။ အဲဒီအကြောင်းကိုလည်း ဝတ္ထုတို ရေးထားတယ်။ ကျောင်းတွေပြန်ဖွင့်တော့ အကြောင်းအမျိုးမျိုးကြောင့် သူငယ်ချင်းတွေ မလာနိုင်ကြတော့ဘူး။ အဲဒီ အမှတ်တရလေးတွေက ရင်ထဲမှာ အခုချိန်ထိရှိနေတယ်။ အနုပညာအသင်းရဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ဖူးတယ်။ ၁၉၈၉ ခုနှစ် ဧပြီလ မဟေသီမဂ္ဂဇင်းမှာ စာစရေးပြီးပါခဲ့တယ်။ အဲဒီမှာ ရာသက်ပန် (တောင်ငူဆောင်)ဆိုပြီး သိကြတယ်။ နောက်ပိုင်း တောက်လျှောက် မဂ္ဂဇင်းတွေမှာ ပါတယ်။

ရန်ကုန်တက္ကသိုလ်ကြီးကို (၇၅) နှစ် စိန်ရတုတုန်းကလည်း စမီခဲ့တယ်။ အဲဒီတုန်းက ပွဲလမ်းသဘင်တွေရှိတယ်။ အခု နှစ် ၁၀၀ ပြည့် တစ်နှစ်လုံးလုပ်နေတဲ့အချိန်မှာ ရင်ထဲမှာ ခံစားရတယ်။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ နှစ် ၁၀၀ ပြည့်ကို သက်ရှိထင်ရှား ကြုံတွေ့ရတယ်။ ဒီနှစ် ၁၀၀ မှာ ဝတ္ထုတွေထုတ်တယ်၊ စာမူလှမ်းတောင်းတယ်။ ရုပ်ရှင်တေးကဗျာမှာ ရေးထားတဲ့ ဒုတိယအိမ်ဆိုတဲ့ တက္ကသိုလ်အကြောင်း ဝတ္ထုလေး ပေးလိုက်တယ်။ တက္ကသိုလ်နဲ့ပတ်သက်တဲ့ D-lann ဆိုတဲ့ ပေ့ချ်ကနေ တက္ကသိုလ်ဘုန်းနိုင်ရဲ့ **"ညီမလေးရယ် စိုးရိမ်မိတယ်"** ဝတ္ထုကို ခွဲခြမ်းစိတ်ဖြာပြီး ပြောရမယ်။ စာဖတ်သူတစ်ယောက်အနေနဲ့ဖြစ်ဖြစ်၊ စာရေးဆရာတစ်ယောက်အနေနဲ့ဖြစ်ဖြစ် ပြောရမှာဖြစ်တယ်။ ဘယ်နေ့လဲတော့ မသိသေးဘူး။ အမှတ်တရ ကိုယ်လုပ်ပေးနိုင်တာလေးတွေ လုပ်ပေးတယ်။ ကိုဗစ်ကာလဖြစ်နေတော့ လူစုလူဝေးနဲ့ မဆင်နွှဲရတဲ့အတွက် စိတ်မကောင်းဖြစ်မိတယ်။ ဒါပေမယ့် နိုင်သလောက်လေးတွေ လုပ်နေကြတာဖြစ်တဲ့အတွက်ကြောင့် အားရဝမ်းသာရှိပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့က ကိုယ်နဲ့သာ ဝေးနေပေမယ့် ကိုယ့်နှလုံးသားထဲမှာ အမြဲတမ်းရှိနေမယ်လို့ ပြောချင်ပါတယ်။



ရာသက်ပန်(တောင်ငူဆောင်)



ဖိုးဖြူ



မေခလာ



ငှက်ပျောကြော်

**ဖိုးဖြူ(လူရွှင်တော်၊ ရုပ်ရှင်သရုပ်ဆောင်)**

ကျွန်တော်က ရန်ကုန်တက္ကသိုလ်ကို ၁၉၈၄-၈၅ မှာ မြန်မာစာအဓိကနဲ့ စရောက်တာပါ။ ကျွန်တော် ပထမနှစ်နဲ့ ဒုတိယနှစ်ကို အာရ်စီတူးမှာတက်ရတယ်။ ကျွန်တော်တို့ ခေတ်ကျတော့ Regional ခေတ်မဟုတ်တော့ဘူး။ လှိုင်နယ်မြေဖြစ်သွားပြီပေ့ါ။ ပထမနှစ်၊ ဒုတိယနှစ် လှိုင်နယ်မြေမှာ တက်ရပါတယ်။ တတိယနှစ်ကျတော့ ကျွန်တော် တောင်ငူဆောင်ကို ရောက်ပါတယ်။ တက္ကသိုလ်ကျောင်းသား ဘဝအနုပညာလောကထဲမှာ Professional ဖြစ်ပြီပေ့ါဗျာ။

ကျွန်တော်တို့ရဲ့ မိခင်တပ်ရင်းသည် တက္ကသိုလ်အနုပညာအသင်းပါ။ ကျွန်တော်တို့ရဲ့ ဝါသနာနဲ့ လုပ်ကိုင်ရည် ဝါသနာပါတဲ့ အလုပ်တွေကိုစပြီး လုပ်ခွင့်ရတာတော့ မြန်မာစာမေဂျာက အငြိမ့်ပွဲလေးတွေ၊ နောက်ပြီး ရန်ကုန်တက္ကသိုလ် အနုပညာအသင်းက စခဲ့တာ။ တက္ကသိုလ် အနုပညာအသင်းသည် ကျွန်တော်တို့ရဲ့ မိခင်တပ်ရင်းဆိုလည်း မမှားပါဘူး။ ကျွန်တော်တို့ မြန်မာစာမေဂျာကိုရောက်တဲ့အချိန်မှာ ငှက်ပျောကြော်ရယ်၊ ကင်းကောင်၊ ညောင်ညောင်၊ ချစ်ချစ်ဇော်၊ တက္ကသိုလ်သျှန်ထွန်း၊ တက္ကသိုလ်ဂွမ်းပုံရယ်၊ ကျွန်တော်တို့ရယ် မြန်မာစာအဓိက အနုပညာရှင်တွေပါ။ ကျောင်းသားဘဝ အမှတ်တရကတော့ အများကြီးပါ။ အထင်ကရအမှတ်တရကတော့ ကျွန်တော်တို့ ဝါသနာပါတဲ့ အနုပညာကို မြေတောင်မြှောက်ပေးတာ ရန်ကုန်တက္ကသိုလ်ပါပဲ။ ရန်ကုန်တက္ကသိုလ်နှစ် ၁၀၀ မက တည်ပါစေ။ နောင်လာမယ့် မျိုးဆက်သစ်အများကြီး မွေးထုတ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။

**မေခလာ(အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်)**

ချစ်ငယ်က လှိုင်နယ်မြေ အာရ်စီတူးကနေ ရန်ကုန်တက္ကသိုလ်ကို မြန်မာစာအဓိကနဲ့ ရောက်တာပါ။ မြန်မာစာအဓိကနဲ့ တောင်ငူဆောင်မှာ တက်ခဲ့တာပါ။ အာရ်စီတူးမှာ စပြီး သီချင်းစဆိုတာပါ။ တက္ကသိုလ်မှာ အနုပညာအသင်းတွေ ရှိပါတယ်။ ချစ်ငယ်က သီချင်း စသွင်းခါစဆိုတော့ အဆိုတော် ပေါက်စလေးပေ့ါ။ နာမည်ကြီးတော့ မဟုတ်သေးဘူးပေ့ါ။ သိတော့သိနေတဲ့ အချိန်ကာလပေ့ါ။ ချစ်ငယ်ဆီကို လာပြီးတော့ ဟိုဘက်မေဂျာ၊ ဒီဘက်မေဂျာတွေကနေ လာပြီးတော့ သီချင်းတွေဆိုခိုင်းတယ်။ အာရ်စီထဲမှာ အမြဲတမ်း ပွဲတွေလုပ်တယ်။ သီချင်းတွေဆိုရတယ်။ နောက် တက္ကသိုလ်အနုပညာနဲ့ပတ်သက်ပြီး သင်္ကြန်မှာ မြို့တော်ဝန်မဏ္ဍပ်မှာ သွားဆိုရတယ်။ တက္ကသိုလ် အမှတ်တရကတော့ ကျောင်းတက်တယ်၊ ကျောင်းတက် မမှန်ဘူး၊ မမှန်ဘူးဆိုတာ ဒီလိုပါ။ ချစ်ငယ်က အဆိုတော်ပေါက်စဆိုတော့ ခရီးတွေထွက်ရ၊ နယ်တွေ သွားရတာပေ့ါနော်။ အဲဒီအခါကျရင် ကျောင်းမတက်တဲ့နေ့တွေ ရှိပါတယ်။ ကျောင်းမတက်ရပေမယ့် သူငယ်ချင်းတွေက စာတွေ၊ ကျောင်းခေါ်ချိန်တွေ ဝိုင်းလုပ်ပေးကြတယ်။ အနုပညာနဲ့ပတ်သက်ပြီး သွားတာကို သိတဲ့အတွက် ဆရာမတွေကလည်း နားလည် ခွင့်ပေးထားတယ်။ သို့သော်လည်း စာမေးပွဲကို အောင်အောင် ဖြေရတာပေ့ါ။

အမှတ်တရအများကြီးပါ။ ဝိဇ္ဇာဆိုတော့ တောင်ငူဆောင်မှာ အချောအလှတွေလည်း အများကြီးရှိတယ်။ ကွင်းဖြစ်တဲ့ အမျိုးသမီးတွေကို ဒီနေ့အထိ အားကျခဲ့တာပါ။ ဒီနေ့အထိ မျက်လုံးထဲမှာ မြင်ယောင်နေဆဲပါ။ နောက်ပြီး သိပ္ပံဘက်မှာရှိတဲ့ ကွင်းတွေကို သွားသွား ကြည့်ပါတယ်။ ယောကျ်ားလေးတစ်ယောက်လိုပေ့ါ။ ဘာရယ်လို့မဟုတ်ဘူး။ သူတို့အလှတွေ သွားငေးတာ။ ကန်ပေါင်ဘက် ဘူးသီးကြော်ဆိုင်ဘက်ကို သိပ်မသွားဖြစ်ဘူး။ သူငယ်ချင်းတွေနဲ့အတူ နှီးသစ်ခွနဲ့ ဘူးသီးကြော်ကို တစ်ခါတစ်ရံ သွားစားတယ်။ အဆောင်တွေမှာ သူငယ်ချင်းတွေရှိတဲ့အခါ အဲဒီအဆောင်တွေမှာ သွားလည်တာတို့၊ အဲဒီမှာ သီချင်းလေးသွားအော်ဆိုတာတို့ ရှိခဲ့ဖူးတယ်။ နောက်ပြီးတော့ မြန်မာစာ အတန်းထဲမှာ သူငယ်ချင်းတွေစုပြီးတော့ ဆရာမလာခင် သီချင်းတွေဝိုင်းဆိုကြတာတို့၊ ချစ်ငယ်ကို မုန့်တွေကျွေးပြီးတော့ သီချင်းဆိုခိုင်းတာတို့ အဲဒါတွေက အမှတ်တရတွေပါ။

**ပြားချပ်ချပ်က အလွန်ပေါက်**

ချစ်ငယ်က အဲဒီတုန်းက အတော်ပိန်တယ်။ ချစ်ငယ်လမ်းလျှောက်ရင် ဝိုင်းစတယ်။ ဦးဘိုဘိုဟန်သီချင်း ပြားချပ်ချပ်က အလွန်ပေါက်တာကိုး။ အဲဒီယောကျ်ားလေး အုပ်စုကိုလိုက်ပြီး ချစ်ငယ်တစ်ယောက်တည်း လိုက်ပြီးရန်တွေ့တာ၊ အဲဒါတွေကတော့ အမှတ်တရတွေရှိတာပေ့ါ။ အခုကျတော့ ဒီသူငယ်ချင်းတွေ အကုန်လုံးကလည်း အဘိုးကြီးတွေဖြစ်ကုန်ကြပြီ၊ အဲဒါတွေ ပြန်ပြီး သတိရတယ်။ ကိုယ်က ပိန်ပိန်ခြောက်ခြောက် သူတို့မျက်လုံးထဲမှာ မိန်းကလေးကိုယ်လုံး မဟုတ်ဘူးလေ။ သူတို့အနေနဲ့ စ စရာ နောက်စရာပေ့ါ။ အပူအပင်ကင်းမဲ့တဲ့ ဘဝပါ။ ဆရာတွေ ဆရာမတွေက ချစ်ငယ်ကို အတော်ချစ်တယ်။ ကျောင်းမတက်တာ သိတယ်။ မေခလာနော်ဆိုပြီး လက်ညှိုးထိုးပြီးတော့ အော်သွားတယ်။ ပြီးရင် ဆရာမတွေက စာပြန်သင်ပေးတယ်။ အဲဒီလိုမျိုးတွေရှိခဲ့တယ်။ သူငယ်ချင်းတွေကလည်း ချစ်ငယ်အပေါ် အများကြီးကောင်းတယ်။

ဒီလို တက္ကသိုလ် နှစ် ၁၀၀ ကို ကြုံဖို့ဆိုတာ မလွယ်ပါဘူး။ ချစ်ငယ်တို့ကံကောင်းတယ်ပဲခေါ်ရမှာပေ့ါ။ နောင်နှစ် ၁၀၀ ဆိုရင်လည်း ချစ်ငယ်တို့မရှိတော့ဘူး။ ဒီလိုမျိုး နှစ် ၁၀၀ မှာ ကြုံတွေ့ရတဲ့ ပညာသင်ပေးခဲ့တဲ့ ဆရာတွေ ဆရာမတွေအားလုံး ဒီနေရာကနေပြီး ကန်တော့ပါတယ်။ တက္ကသိုလ်ရာပြည့်အတွက် လှုပ်ရှားမှုကတော့ ပြီးခဲ့တဲ့ တစ်ပတ်တုန်းကတော့ သီချင်းတစ်ပုဒ်ဆိုခဲ့တယ်။ ကိုမင်းအောင်ရဲ့ **"အနိုင်မယူသူအရှုံး"** တက္ကသိုလ်ကျောင်းသူဖြစ်တာကြာတော့ ဆိုတဲ့သီချင်း ဆိုခဲ့တယ်။ နိုဝင်ဘာ ၂၀ ရက်မှာလည်း ချစ်ငယ်တို့ပြန်ဆိုရမှာပါ။ Success အဖွဲ့နဲ့ပါ။ ချစ်ငယ်ရယ်၊ မဆွေရယ်၊ ကိုကိုင်ဇာရယ်၊ ဟေမာတို့ ပါမယ်ထင်တယ်။ အမှတ်တရအဖြစ် ပါဝင်ဆိုမယ်။ ချစ်ငယ်က နှစ်ပုဒ်ပါမယ်။ ချစ်ငယ်စီးရီးထဲမှာ ဆိုခဲ့တဲ့ **"တစ်ချိန်တုန်းက တက္ကသိုလ်"** ချစ်ငယ်ရဲ့ သီချင်းလေးပဲ ပြန်ဆိုမှာပါ။ နောက်တစ်ပုဒ်က **"ကျောင်းဖွင့်ချိန်"**၊ ကျောင်းဖွင့်ရင် ရည်းစားလေးကိုခေါ်ပြီး ဦးချစ်လက်ဖက်ရည်သွားသောက်မယ်။ အဲဒါကိုတော့ ချစ်ငယ်နဲ့ ကိုညီနဲ့ ပြန်ဆိုမှာပါ။

**ငှက်ပျောကြော်(လူရွှင်တော်၊ ရုပ်ရှင်သရုပ်ဆောင်)**

ကျွန်တော်က ၁၉၈၂ ခုနှစ်မှာ ဗဟန်း အထက(၁) ကနေ ဆယ်တန်းအောင်တယ်။

စာမျက်နှာ ၁၀ သို့ ○

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း အကြိမ်(၂၀)မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးများသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၈**
အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (ASEAN Cooperation on Civil Service Matters–ACCSM) ၏ ၂၀၁၉–၂၀၂၀ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ နိုင်ငံ့ဝန်ထမ်းကော်မရှင်ရုံးက ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အကြိမ်(၂၀)မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးများကို ယနေ့တွင် ကျင်းပသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးများသို့ အာဆီယံနိုင်ငံအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကဏ္ဍဆိုင်ရာ အကြီးအကဲများနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း တက်ရောက်ပြီး ထိုင်းနိုင်ငံ နိုင်ငံ့ဝန်ထမ်းကော်မရှင်ရုံးမှ အထွေထွေအတွင်းရေးမှူးချုပ် M.L. Patcharapakorn Devakula က အဖွင့်အမှာစကားပြောကြားသည်။

ယင်းအစည်းအဝေးများ၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပခဲ့သည့် အကြိမ် (၂၀)မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးမှ ဆွေးနွေးရရှိခဲ့သော အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက် (၂၀၁၆–၂၀၂၀) [ACCSM Work Plan(2016– 2020)] အောက်၌ ဆောင်ရွက်အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဆန်းစစ်သုံးသပ်ပြီး နောင်လာမည့် (၅)နှစ်တာကာလအတွင်း ပိုမိုထိရောက်အကျိုးရှိစေရေး အကြံပြုဆွေးနွေးပေးခြင်း၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက် (၂၀၂၁–၂၀၂၅) [ACCSM Work Plan (2021–2025)] နှင့် အာဆီယံ+၃ နိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍလုပ်ငန်းစီမံချက် (၂၀၂၁–၂၀၂၅) [ACCSM Plus Three Work Plan (2021– 2025)] တို့နှင့်စပ်လျဉ်းသည့် ဆွေးနွေးမှုရလဒ်များကို အတည်ပြုခြင်း၊ အာဆီယံ၏ အခြားဆက်စပ်အစည်းအဝေးများမှ ACCSM ကဏ္ဍနှင့် သက်ဆိုင်သည့် အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များအပေါ် လေ့လာသုံးသပ်ခြင်းတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်စပ်လျဉ်းပြီး ပြည်သူများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများသည် စီးပွားရေးနှင့် လူမှုရေးအခြေအနေများနှင့် သင့်တင့်မျှတမှုရှိစေရေးနှင့် ထိရောက်သည့် ခေါင်းဆောင်မှု ဖြစ်စေရေးအတွက် အာဆီယံနိုင်ငံများနှင့် အာဆီယံဒေသတွင်း ချမှတ်ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာများနှင့်စပ်လျဉ်း၍ အမြင်များမျှဝေရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို ဖွဲ့စည်းပြီး ယင်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ပေးရေးကော်မတီမှ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေသူများနှင့် အနီးကပ်ထိတွေ့သူများကို လိုအပ်သည့် စောင့်ကြပ်ကြည့်ရှုကုသမှုပေးနိုင်ရေး ဆောင်ရွက်ခြင်းကို လည်းကောင်း၊ Community Quarantine ပြုလုပ်ရန် လိုအပ်မှုများရှိပါက ထိန်းချုပ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်ဓာတ်မြှင့်တင်ပေးမှုစသည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံးက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်းကောင်း၊ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စားဝတ်နေရေး အခက်အခဲပြဿနာ၊ အလုပ်လက်မဲ့ပြဿနာတို့ပြေလည်နိုင်ရေး ပြည်သူများအား ပံ့ပိုးပေးနိုင်ရေးအတွက် COVID–19 Economic Relief Plan (CERP) Action Plan ကို ရေးဆွဲပြီး ထောက်ပံ့ပေးနေမှုအစီအစဉ်များ၊ အာဆီယံဒေသတွင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းကို e–development ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေ့ကျင့်သင်ကြားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ပြည်သူ့ဝန်ထမ်းသင်တန်းကျောင်းများ၏ အာဆီယံကွန်ရက်မှတစ်ဆင့် “Training and Development in the Age of COVID–19 Challenges and Opportunities” နှင့် “Building ASEAN Public Service Capabilities for the Future” သင်တန်းအစီအစဉ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရာထူးဝန်အဖွဲ့အနေဖြင့် အရာထမ်းငယ်အခြေခံသင်တန်းများကို ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် သင်တန်းသား ၁၀၀ စီဖြင့် အွန်လိုင်းမှတစ်ဆင့် သင်တန်းတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ကြောင်းတို့ကို မျှဝေပေးခဲ့သည်။

ယင်းနောက် (၂၁)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ ဥက္ကဋ္ဌတာဝန်ကို ဗီယက်နမ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဗီယက်နမ်နိုင်ငံက ကြိုတင်ပြင်ဆင်ထားရှိမှုများအား တင်ပြခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်ခြောက်ဦး ပါဝင်တက်ရောက်ခဲ့ပြီး အဆိုပါအစည်းအဝေးမတိုင်မီ အကြိမ်(၂၀)မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို နိုဝင်ဘာ ၁၇ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇန်းမောက်မြို့နယ်၌ လမ်း၊ တံတားလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၁၈**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် စာခမ်း–ဟော်ယောလမ်း (၁၅/၀)မိုင် ကျောက်လမ်းပေါ်တွင် (၂/၀)မိုင် ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်တွင် Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်း ဇန်းမောက်မြို့နယ်အတွင်း ကျောက်လမ်း(၃/၀)မိုင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ဒေသခံကျေးရွာများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသောကြောင့် ကျေးရွာတစ်ရွာနှင့်တစ်ရွာ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်းပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၈**
ရန်ကုန်တက္ကသိုလ်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် တက္ကသိုလ်ဖွဲ့တေးသီချင်းအပုဒ် ၁၀၀ ကို အပတ်စဉ် သောကြာနေ့တိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်မည်ဖြစ်ရာ နိုဝင်ဘာ ၂၀ ရက် ညတွင် ပွဲစဉ်(၆) အဖြစ် SUCCESS တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ကိုင်ဇာ၊ မေဆွိ၊ မေခလာနှင့် ဟေမာနေဝင်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါတင်ဆက်မှုကို နိုဝင်ဘာ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၉ မှ
တက္ကသိုလ်မှာ မြန်မာစာမေဂျာရတယ်။ အဲဒီအတွက် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ နှစ်နှစ်တက်ခဲ့တယ်။ တတိယနှစ်ကျတော့ ရန်ကုန်တက္ကသိုလ်ထဲ ရောက်တယ်။ ဘီအေ မြန်မာစာနဲ့ ဘွဲ့ရတယ်။ တက္ကသိုလ်ကျောင်းသားဘဝ အမှတ်တရကတော့ ကျွန်တော်နဲ့ အနီးဆုံးက ကင်းကောင်ပဲ ရှိတာပေါ့။ ကျန်တဲ့သူငယ်ချင်းတွေလည်း အများကြီးရှိတယ်။ ကျွန်တော်တို့ မြန်မာစာမှာ အုပ်စုတွေရှိတယ်။ ယောကျ်ားလေးအုပ်စု၊ မိန်းကလေးအုပ်စုတွေရှိကြတယ်။ လှိုင်တက္ကသိုလ်မှာကတည်းက အုပ်စုတွေရှိကြတယ်။ လှိုင်တက္ကသိုလ်ထဲက မိန်းကလေးအုပ်စုဆိုလည်း လေး၊ ငါး၊ ခြောက်ယောက်ရှိတယ်။ ယောကျ်ားလေးအုပ်စုဆိုလည်း ကင်းကောင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့အုပ်စုတွေရှိတယ်။ ဒီဘက်ရောက်တော့လည်း အဲဒီလို အတွဲလိုက်ရှိနေတယ်။ သံယောဇဉ်ကြီးကြတယ်။

ကျွန်တော်ဆို တစ်နှစ်ကျလိုက်တာမို့ ငါးနှစ်တက်ရတာပေါ့။ ငါးနှစ် သံယောဇဉ်က တော်တော်ကို မလွယ်ဘူး။ ကျောင်းပြီးသွားတော့လည်း မပြီးနိုင်ကြဘူး။ အပြင်မှာ မတွေ့ဘူး။ ကျောင်းထဲပဲ ချိန်းကြတယ်။ အခုထက်ထိလည်း တစ်ခါတလေ ကျောင်းထဲပဲ ချိန်းကြတာ။ ဒီသံယောဇဉ်က နည်းနည်းနောနော သံယောဇဉ်မဟုတ်ဘူး။ အဲဒါ အမှတ်တရပေါ့။ ကျွန်တော့်ရဲ့ ကျောင်းသားဘဝ အမှတ်တရဆိုရင် ဒီအငြိမ့်စကတာက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနရဲ့ ပါမောက္ခ ဒေါ်စီစီဝင်းက မြန်မာစာဌာနရဲ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာ မြန်မာစာကျောင်းသားတွေ အငြိမ့်ခန်းလေးကို တခြားပြဇာတ်တို့၊ သီချင်းတို့ သီဆိုဖျော်ဖြေမှုတွေထက် နောက်ဆုံး အငြိမ့်ခန်းလေးနဲ့ ပိတ်လိုက်ပါလား။ ကိုယ်က မြန်မာစာကျောင်းသူကျောင်းသားတွေဆိုတော့ ရိုးရာယဉ်ကျေးမှုနဲ့လည်း ကိုက်ညီတယ်ဆိုပြီး အငြိမ့်ခန်းလေး ကခိုင်းတယ်။ အဲဒီမှာ အမှတ်တရက ကျွန်တော့် လူရွှင်တော်နာမည် မပေးရသေးဘူး။ ငှက်ပျောကြော်ဆိုပြီး ကြုံတဲ့နာမည်ကိုပေးပြီး တက်ကလိုက်တာ အဲဒီပွဲမှာ ကျွန်တော်တောင်ရှည်ကျွတ်ပြီး အမှတ်တရတွေ ဖြစ်သွားတာပေါ့။ တောင်ရှည်ကျွတ်ပြီး ကုန်းကောက်လိုက်တော့ အဲဒီမှာ ရှုပ်ကုန်တာပေါ့ဗျာ။ အဲဒီမှာ ရယ်စရာတွေဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမက စင်ပေါ်မှာ တောင်ရှည်ကျွတ်သွားတာ အမှတ်ရပါတယ်။ အဲဒီအချိန်မှာ ငှက်ပျောကြော်ဆိုပြီး ပိုပြီးသိလာတာ။ ကျွန်တော်က ပျက်လုံးကြောင့်မဟုတ်ဘဲ တောင်ရှည်ကျွတ်တာနဲ့ ဝိုင်းရယ်ကြတာ။ ကျွန်တော်ထွက်လာရင် ရယ်တာတွေက ပြက်လုံးကြောင့်မဟုတ်ဘဲ အဲဒါက အမှတ်တရပါ။

အနုပညာလှုပ်ရှားမှု နောက်ဒုတိယခြေလှမ်းက ရန်ကုန်တက္ကသိုလ် အနုပညာအသင်း ရန်ပုံငွေဆိုပြီး ကိုဇာဂနာ၊ ကိုအရိုင်းတို့နဲ့ ကတယ်။ အဲဒါက ကိုဇာဂနာတို့၊ ကိုအရိုင်းတို့က အတော်လေး အောင်မြင်နေပြီလေ။ သူတို့က Professional ဖြစ်နေပြီ။ ကျွန်တော်တို့ ကျောင်းသားတွေ ကျွန်တော်၊ ကင်းကောင်၊ ဖိုးဖြူ၊ ညောင်ညောင်တို့နဲ့ကတော့ ပွဲက အောင်မြင်တယ်။ ရန်ပုံငွေပွဲဖြစ်တဲ့အတွက် အပြင်က တေးသံရှင်တွေလည်း ပါတယ်။ လွှမ်းမိုး၊ ရီရီသန့်၊ ဦးမင်းနောင်၊ နှင်းရည်သန့်တို့ အကုန်ပါကြတယ်။ အဲဒီပွဲက ဒုတိယအောင်မြင်တယ်။ ကျွန်တော့်အတွက် ဒုတိယခြေလှမ်း အောင်မြင်တယ်။

နောက်ရုပ်မြင်သံကြားမှာ မြပုဏ္ဏမာဆိုပြီး ကိုဇာဂနာဦးစီးပြီး ရိုက်တဲ့အချိန်မှာ ရုပ်မြင်သံကြားကနေ ဗုဒ္ဓဟူးနေ့တိုင်းလွှင့်တဲ့အခါ တစ်တိုင်းပြည်လုံး သိသွားတာပေါ့။ အဲဒီကစပြီး ငှက်ပျောကြော်ဖြစ်တယ်။ တစ်က တက္ကသိုလ်ကြောင့် ငှက်ပျောကြော်ဖြစ်တယ်။ နှစ်က ရုပ်မြင်သံကြားကြောင့် တိုင်းပြည်က သိတယ်။ ငှက်ပျောကြော်ဆိုတဲ့ နာမည်နဲ့ပဲ ယနေ့ထိ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး အကုန်ရပ်တည်နေတာပါ။

တက္ကသိုလ်ရာပြည့်က ကြုံတောင့်ကြုံခဲမှာ ကိုယ်ကိုယ်တိုင် ဂုဏ်ပြုဖျော်ဖြေပွဲကို ရာပြည့်နဲ့ပတ်သက်ပြီးတော့ သောကြာနေ့တိုင်း မြန်မာ့ရုပ်မြင်သံကြားကနေ တင်ဆက်နေတဲ့ တက္ကသိုလ်ရာပြည့် Live Show ကို တက္ကသိုလ်နဲ့ပတ်သက်တဲ့ တေးသီချင်းအပုဒ် ၁၀၀ ဖျော်ဖြေတဲ့အစီအစဉ်မှာ ကျွန်တော်က Presenter လုပ်ခွင့်ရတဲ့အတွက် ကျွန်တော့်အတွက် အမှတ်တရပါ။ ရန်ကုန်တက္ကသိုလ်ကျောင်းသားဟောင်းတစ်ယောက်အနေနဲ့ရော၊ နှစ် (၁၀၀) ပြည့်အနေနဲ့ရော၊ ငှက်ပျောကြော်ဆိုတဲ့ လူရွှင်တော်တစ်ယောက်အနေနဲ့ရော အတော်ကျေနပ်ပါတယ်။ အားရပါတယ်။ ဂုဏ်ယူပါတယ်။

နှစ် (၁၀၀)ပြည့်တဲ့နေ့မှာ ဘာလုပ်မလဲဆိုတာတော့ ဘာမှမပြောသေးဘူး။ ဒါပေမယ့် တစ်ခုခု လုပ်ပေးပါဆိုရင်တော့ လုပ်ပေးရမှာပေါ့။ ကိုယ်က တက္ကသိုလ်ကျောင်းသားဟောင်းလည်းဖြစ်နေတော့လေ ခိုင်းရင်လုပ်ပေးမှာပါ။ ဘယ်နေရာ၊ ဘယ်ဖြစ်ဖြစ် အဆင်ပြေမယ်ဆိုရင် လုပ်ပေးမှာပါ။ နှစ် (၁၀၀) ပြည့်ကြီးကို ကြုံတောင့်ကြုံခဲ ကျွန်တော့်သူငယ်ချင်း ကင်းကောင်ဆို မရှိတော့ဘူး။ သူရှိရင် သူနဲ့ ကျွန်တော်နဲ့ မြန်မာ့ရုပ်မြင်သံကြား ရိုက်ကူးရေးမှာ သူနဲ့ ကျွန်တော် ပိုလှတာပေါ့ဗျာ။ သူငယ်ချင်းကိုလည်း သတိရတယ်။ တက္ကသိုလ်ကြီး နှစ်(၁၀၀)ပြည့်အတွက် အမှတ်တရ ကိုယ်ကိုယ်တိုင်ပါဝင်ပြီးတော့ ဖျော်ဖြေခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ နောင်ကိုလည်း တက္ကသိုလ်နဲ့ပတ်သက်ရင် ဘာပဲဖြစ်ဖြစ် ပခုံးပေါ်ကျလာတဲ့ အနုပညာနဲ့ပတ်သက်တဲ့အလုပ်မှန်သမျှ ကျွန်တော် မငြင်းပါဘူးလို့ ပြောပါရစေ။

# အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးကို Virtual Meeting ဖြင့် ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၈**

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ပူးတွဲကော်မတီဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ ဦးဆောင်၍ Virtual Meeting ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပူးတွဲကော်မတီဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အစည်းအဝေး ကျင်းပရသည့် ရည်ရွယ်ချက်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အခက်အခဲများကို တင်ပြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ ဌာနများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ နည်းပညာနှင့် စွမ်းဆောင်ရည်ကောင်းမွန်စေရေးဆိုင်ရာ အကူအညီများ တောင်းခံသွားရန်နှင့် Category C အောက်ရှိ Article များနှင့်ပတ်သက်၍ Indicative Timeline များကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မတိုင်မီ WTO သို့ Notify ပြုလုပ်နိုင်ရေးအတွက် လိုအပ်သော ကြိုတင်ညှိနှိုင်းမှုများ ပြင်ဆင်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ Category C အောက်ရှိ Article များအတွက် TACB (Technical Assistance and Capacity Building) နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာကိစ္စနှင့် ပတ်သက်၍ အဖွဲ့ဝင်ဌာနများအနေဖြင့် လိုအပ်သော အကူအညီများ ပြုစုပေးပို့ပြီးဖြစ်သည့်အတွက် Donors ရှာရန်အတွက် အတွင်းရေးမှူးရုံးမှ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက OECD ၏ COVID–19 Policy Response အကြံပြုချက် သုံးရပ်ဖြစ်သည့် လုပ်ရိုးလုပ်စဉ်များအား ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အလွယ်တကူသိရှိစေရေး၊ ကိုဗစ်ရောဂါ ထိန်းချုပ်မှုအတွက် ထားရှိသည့် Standard Formality များ မြန်ဆန်စွာ ဆောင်ရွက်ရေးနှင့် ဒစ်ဂျစ်တယ်အသုံးပြုသည့် လုပ်ငန်းစဉ်များ ပြောင်းလဲဆောင်ရွက်သွားရေး အကြံပြုချက်များနှင့်အညီ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လုပ်ဆောင်ချက်များကို ဆောင်ရွက်သွားရန် တိုက်တွန်းထားကြောင်း၊ အနာဂတ်တွင် ဒစ်ဂျစ်တယ်ကုန်သွယ်ရေးအတွက် အရေးပါသည့် ပြတင်းတစ်ပေါက်စနစ်ကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် MACCS၊ TradeNet 2.0 အစရှိသည့် စနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် များမကြာမီကာလအတွင်းမှာ ပိုမိုမြန်ဆန်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် လုပ်ငန်းအစီအမံများကို ဦးစားပေးအလိုက် သတ်မှတ်ကာလများအလိုက် စတင်အကောင်အထည်ဖော်ရန်နှင့် Collective Approach ဖြင့် စုစုစည်းစည်း ဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလေးက စတုတ္ထအကြိမ်မြောက် ကော်မတီ၏အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများ၊ ဆောင်ရွက်ဆဲအခြေအနေများအား တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက TradeNet 2.0 စနစ် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ရရှိသည့်အကျိုးရလဒ်များအား တင်ပြဆွေးနွေးသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က အကောက်ခွန်ဦးစီးဌာနအနေဖြင့် Trade Facilitation သည် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်နေသည့်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတကာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်နေမှု၊ MACCS စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား တင်ပြဆွေးနွေးသည်။

ယင်းနောက် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီအောက်တွင် ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့ ငါးခုဖြစ်သည့် ဆက်သွယ်ဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာရှိမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ စမ်းသပ်စစ်ဆေးမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ Individual Agency Programme ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့များ၏ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးများက လုပ်ငန်းအဖွဲ့များ အလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများကို ဆွေးနွေးကြပြီး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝင်းမင်းဖြိုးက အာဆီယံဒေသတွင်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအစည်းအဝေးသို့ တက်ရောက်လာကြသောဌာန၊ အဖွဲ့အစည်းများမှ အကြီးအကဲများက ဌာနများအလိုက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပူးတွဲကော်မတီဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိဂုံးချုပ်ပြောကြားရာတွင် WTO TFA Measures များကို သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေမည်ဖြစ်ပြီး အကျိုးဖြစ်ထွန်းမှုအနေဖြင့် အချိန်ကုန်သက်သာ ကုန်ကျစရိတ်လည်းသက်သာပြီး ကုန်သွယ်မှုကဏ္ဍတိုးတက်စေရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ TFA Measures များကို မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် နိုင်ငံတော်က တွန်းအားပေးရသည့် Ease of Doing Business အပိုင်းကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးပေးလာနိုင်မည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် အလိုအလျောက်စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးကို မျှော်မှန်းပြီး စာရွက်စာတမ်းများ အသုံးပြုသည့် လုပ်ငန်းစဉ်များကို လျှော့ချနိုင်ရန်အတွက် Single Window စနစ်ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေများ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်အတွင်း ကန့်သတ်စောင့်ကြည့်ရေးစင်တာများအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူဖြစ်စေရန် အလှူငွေများကို ယနေ့ညနေ ၃ နာရီက အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ရှိ အင်းစိန်ဂျိတီအိုင် ကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ လာရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့ လှူဒါန်းကြရာတွင် အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက် က /၂ လမ်းတွင် နေထိုင်ကြသော လမ်းသူလမ်းသား အလှူရှင်များ စုပေါင်း၍ ငွေကျပ် ၄၅၀၀၀၀ ကို ထောက်ပံ့လှူဒါန်းကြရာ အင်းစိန်မြို့နယ် ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီနာယက၊ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်တို့က လက်ခံရယူပြီး ကျေးဇူးတင်စကားများပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။


**ဉာဏ်ဟိန်း**



## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID-19 Test Kit များ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် KB Financial Group နှင့် Industrial Bank of Korea တို့က COVID–19 Test Kit များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission / Minister Counsellor Mr. Hahm Jeonghan က အမှာစကားပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားကာ KB Financial Group မှ တာဝန်ရှိသူက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission /Minister Counsellor Mr. Hahm Jeonghan၊ KB Financial Group နှင့် Industrial Bank of Korea တို့မှ တာဝန်ရှိသူတို့က COVID–19 Test Kit များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ COVID–19 Test Kit များ ပေးအပ်လှူဒါန်းရာတွင် KB Financial Group က အမေရိကန်ဒေါ်လာ ၁၂၄၂၅ ဒေါ်လာနှင့်ညီမျှသော COVID–19 Test Kit ၂၅၀၀ နှင့် Industrial Bank of Korea က အမေရိကန်ဒေါ်လာ ၆၇၉၄ နှင့် ညီမျှသော COVID–19 Test Kit ၁၀၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း–မင်းသစ်(MNA)**
**ဓာတ်ပုံ–ဇော်မင်းလတ်**

# မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံမှုတိုးမြှင့်ရေး မိုဒီနှင့် ဂျိုးဘိုင်ဒင် ဖုန်းဖြင့်ဆွေးနွေး

**နယူးဒေလီ နိုဝင်ဘာ ၁၈**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယမန်နေ့က အမေရိကန် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရာသီဥတု ပြောင်းလဲမှုနှင့် အာရှ-ပစိဖိတ်ဒေသတွင် ပူးပေါင်းဆောင်ရွက်ရေးများကို ဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ပြီး မဟာဗျူဟာမြောက် နှစ်နိုင်ငံမိတ်ဖက်ဆောင်ရွက်မှု ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

"အမေရိကန် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်နဲ့ ဖုန်းပြောဆိုခဲ့ပါတယ်။ အိန္ဒိယ-အမေရိကန် မိတ်ဖက်ဆောင်ရွက်မှု ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သလို ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရာသီဥတုပြောင်းလဲမှုနဲ့ အာ ရှ-ပစိဖိတ်ဒေသမှာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ပါတယ်" ဟု မိုဒီက တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့ သည်။ အိန္ဒိယ-အမေရိကန် ဘက်စုံပါဝင်သော မဟာဗျူဟာမြောက် မိတ်ဖက်ဆောင်ရွက်မှု ရှေ့ဆက်ဆောင်ရွက်ရာတွင် အနီးကပ် လက်တွဲဆောင်ရွက်ရန် ခေါင်းဆောင်နှစ်ဦးက သဘောတူခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး၊ ဈေးသက်သာသော ဗိုင်းရပ်စ်ကာကွယ်ဆေးများရရှိရေး၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် အာရှ-ပစိဖိတ်ဒေသတွင် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ဦးစားပေးလုပ်ငန်းများကိုလည်း ၎င်းတို့က ဆွေးနွေးခဲ့ကြသည်။ အိန္ဒိယနှင့် အမေရိကန် ကြားဆက်ဆံရေးမှာ ဂျိုးဘိုင်ဒင်ဦးဆောင်သော အစိုးရသစ်လက်ထက်တွင် ပို၍ကောင်းမွန်လာမည်ဟု ယုံကြည်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီး အက်စ်ဂျိုင်ရှန်ကာက ပြောကြားခဲ့ပြီးနောက် မိုဒီနှင့် ဘိုင်ဒင်တို့နှစ်ဦး ဖုန်းပြောဆိုခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနှင့်အမေရိကန်ကြား မဟာဗျူဟာမြောက် ကာကွယ်ရေးဆိုင်ရာဆက်ဆံမှုမှာ သမ္မတဘားရက်အိုဘားမားလက်ထက်တွင် အထူးကောင်းမွန်ခဲ့ပြီး ထိုအချိန်က ဂျိုးဘိုင်ဒင်က ဒုတိယသမ္မတအဖြစ် တာဝန်ယူခဲ့သည်။

ကိုးကား-ပီတီအိုင်
ဘာသာပြန်-ကျော်ထိုက်စိုး







## ရွေးကောက်ပွဲသတင်းအမှားများနှင့် ပတ်သက်၍ တွစ်တာနှင့် ဖေ့စ်ဘွတ်အမှုဆောင်ချုပ်တို့ ကာကွယ်ပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

လူမှုကွန်ရက်ပလက်ဖောင်းများပေါ်တွင် ပျံ့နှံ့နေသည့် အမေရိကန်သမ္မတရွေးကောက်ပွဲသတင်းအမှားများနှင့် ပတ်သက်ပြီး ဖေ့စ်ဘွတ်နှင့် တွစ်တာတာဝန်ရှိသူတို့က အမေရိကန်အထက်လွှတ်တော်နှင့် ဗီဒီယိုမှတစ်ဆင့် ဖြေရှင်းချက်ပေးခဲ့ကြောင်း သိရသည်။

သမ္မတထရမ့်နှင့် ရီပတ်ဘလီကန် ဥပဒေပြုအမတ်များက ရွေးကောက်ပွဲအတွင်း လူမှုကွန်ရက်ကုမ္ပဏီများ၏ မီဒီယာကျင့်ဝတ်နှင့် ဘက်မလိုက်ကျင့်စဉ်များအပေါ် ပြစ်တင်ဝေဖန်ခဲ့ကြပြီးနောက် အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြေရှင်းချက်ပေးရန် အထက်လွှတ်တော် တရားရေးကော်မတီက လူမှုကွန်ရက် ကုမ္ပဏီများကို ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် တွစ်တာအမှုဆောင်ချုပ် ဒေါ်ဆေးနှင့် ဖေ့စ်ဘွတ်အမှုဆောင်ချုပ် မက်ဇူကာဘတ်တို့နှစ်ဦးစလုံးက ဆင်ဆာပြုလုပ်ခြင်းနှင့် ရှေးရိုးဝါဒဘက်လိုက်လှုပ်ရှားမှုများကို တားမြစ်ခြင်းနည်းလမ်းများဖြင့် ရွေးကောက်ပွဲသတင်းအမှားများပျံ့နှံ့မှုကို တားဆီးခဲ့ကြောင်း ယမန်နေ့တွင် ပြုလုပ်ခဲ့သည့် အထက်လွှတ်တော် တရားစီရင်ရေးကြားနာမှုကော်မတီ၌ အသီးသီးလျှောက်လဲချက် ပေးခဲ့ကြသည်။

တရားစီရင်ရေးကော်မတီဥက္ကဋ္ဌ ဂရေဟမ်က ရွေးကောက်ပွဲမတိုင်မီ တွစ်တာနှင့် ဖေ့စ်ဘွတ်ပေါ်တွင် အချက်ပြသင်္ကေတဖြင့် သတိပေးခြင်း၊ အကြောင်းအရာများကို ဖယ်ရှားပစ်ခြင်းတို့နှင့် ပတ်သက်ပြီး မေးခွန်းများစွာ မေးမြန်းခဲ့သည်။ တွစ်တာအမှုဆောင်ချုပ်က အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁၁ရက်ကြားတွင် ကုမ္ပဏီမှချမှတ်ထားသည့် မူဝါဒနှင့် မကိုက်ညီသည့် တွစ်တာပေါ်ရှိ ပို့စ်သုံးသိန်းကို သင်္ကေတပြ သတိပေးခဲ့ကြောင်း အဆိုပါတားမြစ်မှုက နည်းလမ်းအမှန်မဟုတ်သည်ကို တွေ့ရှိခဲ့သဖြင့် ယခုအခါ ပြန်လည်ပြင်ဆင်ထားပြီးဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

ဖေ့စ်ဘွတ်အမှုဆောင်ချုပ်ကမူ ဖေ့စ်ဘွတ်သည် လူတစ်ဦးချင်း၏ ကိုယ်ပိုင်ခံစားမှုအားလွတ်လွတ်လပ်လပ် ဖော်ပြနိုင်အောင် ဆောင်ရွက်ထားခြင်းသာဖြစ်ကြောင်း တုံ့ပြန်ခဲ့ရာ ယင်းသို့ လွယ်လွယ်ကူကူ ပို့စ်တင်ခွင့်ပြုခြင်းကပင် သတင်းမှားများ ပေါ်ပေါက်လာစေခြင်းကြောင့် အဆိုပါကိစ္စရပ်အတွက် ဖေ့စ်ဘွတ်အနေဖြင့် တာဝန်ယူရမည်ဖြစ်ကြောင်း အထက်လွှတ်တော်က သတိပေးခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလွဲ့သင်း

## နျူကလီးယားသဘောတူညီချက်တွင် အမေရိကန်နိုင်ငံ ပြန်လည်ပါဝင်လာရေး ဆွေးနွေးရန်အသင့်ရှိဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**တီဟီရန် နိုဝင်ဘာ ၁၈**

နျူကလီးယားအစီအစဉ်တွင် အမေရိကန်နိုင်ငံက မည်ကဲ့သို့ ပြန်လည်ပါဝင်နိုင်သည်ကို ဆွေးနွေးရန် အီရန်နိုင်ငံက အဆင်သင့်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်ဖ်က ပြောကြားလိုက်သည်။

"လက်ရှိသမ္မတ ဒေါ်နယ်ထရမ့် ပယ်ချခဲ့တဲ့ ဘက်စုံပါဝင်တဲ့ ပူးတွဲလုပ်ငန်းစီမံချက် (JCPOA) မှာ အမေရိကန်နိုင်ငံက အဖွဲ့ဝင်ဖြစ်လိုတယ်ဆိုရင် ဘယ်လိုပါဝင်နိုင်တယ်ဆိုတာ ဆွေးနွေးဖို့ ကျွန်တော်တို့အသင့်ပါပဲ" ဟု ဇာရစ်ဖ်က ပြောသည်။ နျူကလီးယားသဘောတူညီချက်မူဘောင်အတွင်း၊ အခြားနိုင်ငံများ ပါဝင်မှုဖြင့်သာ အမေရိကန်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းရန် အသင့်ရှိပါကြောင်း အီရန်နိုင်ငံက ထပ်တလဲလဲ ပြောကြားခဲ့သည်။

အပြန်အလှန်အားဖြင့် ဒဏ်ခတ်အရေးယူမှုများ ရုပ်သိမ်းရန်နှင့် ထိခိုက်မှုများအတွက် လျော်ကြေးပေးရန် အီရန်နိုင်ငံက တောင်းဆိုခဲ့သည်။ အီရန်နျူကလီးယားအစီအစဉ်တွင် ပြန်လည်ပူးပေါင်းရာတွင် ဘုံနည်းလမ်းတစ်ခုဖြင့်လုပ်ဆောင်ရန် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လီဒရီယန်နှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟိုင်ကိုမတ်စ်တို့က အမေရိကန်နိုင်ငံအား တိုက်တွန်းခဲ့သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ကာလရှည်ပြဿနာဖြေရှင်းရန် အီရန်နှင့် အင်အားကြီး ခြောက်နိုင်ငံက ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် သမိုင်းဝင်သဘောတူညီချက်တစ်ရပ်ရရှိခဲ့သည်။

ကိုးကား-စပွတ်ညစ်ခ်
ဘာသာပြန်-ကျော်ထိုက်စိုး



## ဆွီဒင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လာခြင်းကြောင့် ကိုးဦးနှင့်အထက် လူစုဝေးခွင့်ကို တားမြစ်

**စတော့ဟုမ်း နိုဝင်ဘာ ၁၈**

ဆွီဒင်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာခြင်းကြောင့် ကိုးဦးနှင့်အထက် လူစုဝေးခွင့်တားမြစ်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်အစီအမံသစ်များကို ကြေညာခဲ့ကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ၌ နိုဝင်ဘာ ၂၄ ရက်မှစတင်ကာ အများပြည်သူစုဝေးခွင့် သို့မဟုတ် အခမ်းအနားများတွင် အနည်းဆုံး ရှစ်ဦးသာ ခွင့်ပြုမည်ဖြစ်ကြောင်းလည်း ဆွီဒင်နိုင်ငံဝန်ကြီးချုပ် စတီဖန်လော့ဗ်ဗန်က နိုဝင်ဘာ ၁၆ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ပြည်သူများအား အားကစားခန်းမများ သို့မဟုတ် စာကြည့်တိုက်များသို့ မသွားရန်နှင့် ပါတီပွဲများသို့ တက်ရောက်ခြင်းကို ရှောင်ရှားရန် ဝန်ကြီးချုပ် စတီဖန်လော့ဗ်ဗန်က တိုက်တွန်းထားသည်။ သို့ရာတွင် နိုင်ငံတစ်ဝန်းလုံး ခရီးသွားလာခွင့်ကန့်သတ်ပိတ်ပင်ရန်မှာ လိုအပ်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဆွီဒင်နိုင်ငံသည် မတ်လအတွင်းက အများပြည်သူနှင့်ဆိုင်သည့် အခမ်းအနားများတွင် လူစုဝေးခွင့်ကို ၅၀ အထိ လျှော့ချခဲ့ပြီး အောက်တိုဘာလနောက်ပိုင်းတွင်မူ ၃၀၀ အထိ တိုးမြှင့်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

## လာမည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ဘွဲ့ရများ အလုပ်အကိုင်ရရှိမှု ခက်ခဲနိုင်

**တိုကျို နိုဝင်ဘာ ၁၈**

လာမည့် ၂၀၂၁ခုနှစ် မတ်လအတွင်း ဂျပန်နိုင်ငံရှိ တက္ကသိုလ် ၆၂ ခုတို့မှ ကျောင်းသားငါးထောင်နီးပါး ဘွဲ့ရရှိမည်ဖြစ်ပြီး ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ၎င်းတို့မှာ အလုပ်အကိုင်ရရှိရန် အခက်အခဲကြုံရမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ အလုပ်သမားဝန်ကြီးဌာနက ဖော်ပြသည်။

၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၁ ရက်အထိ စာရင်းများအရ ဘွဲ့ရသူများ၏ ၆၉ ဒသမ ၈ ရာခိုင်နှုန်းသာ အလုပ်အကိုင်ရရှိခဲ့ပြီး ယင်းမှာ ယမန်နှစ်အလားတူကာလအောက် ခုနစ်ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ယခုလို ဘွဲ့ရများ အလုပ်အကိုင်ရရှိမှု ကျဆင်းလာခြင်းသည် ၂၀၀၉ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကာလ ပြီးနောက် အဆိုးရွားဆုံးကျဆင်းမှုလည်း ဖြစ်သည်။ ဘွဲ့ရများအနေဖြင့် အလုပ်အကိုင်ရရှိရန် စောင့်ဆိုင်းချိန် ပိုမိုကြာမြင့်မည်ဖြစ်သလို အလုပ်ရှင်များ၏ ပယ်ချမှုကိုလည်း ပိုမိုတွေ့ကြုံရတော့မည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများက သတိပေးထားသည်။ သို့ရာတွင် အစိုးရက တက္ကသိုလ်များကို အထောက်အပံ့ပေးရန် ဆောင်ရွက်နေကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလွဲ့သင်း

## ကမ္ဘာ့နေထိုင်မှု ကုန်ကျစရိတ်အမြင့်ဆုံး မြို့ကြီးများစာရင်းပြောင်းလဲမှုဖြစ်ပေါ်

**ဟောင်ကောင် နိုဝင်ဘာ ၁၈**

၂၀၂၀ပြည့်နှစ်၏ ကမ္ဘာ့နေထိုင်မှု စရိတ်အမြင့်ဆုံး မြို့ကြီးသုံးမြို့မှာ ဟောင်ကောင်၊ ဇူးရစ်နှင့် ပါရီမြို့များ ဖြစ်လာခဲ့ရာ ယခင်က နေထိုင်မှုစရိတ် အမြင့်မားဆုံးမြို့များမှာ အာရှမြို့ကြီးများသာ ဖြစ်ခဲ့သည့်အစဉ်အလာမှာ ကိုဗစ်-၁၉ ရောဂါ ရိုက်ခတ်မှုကြောင့် ပြောင်းလဲခဲ့ကြောင်း နေထိုင်မှုကုန်ကျစရိတ်အစီရင်ခံစာ၏ ဖော်ပြချက်အရ သိရသည်။

ယခင်နှစ်က ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည့် အိုဆာကာနှင့် စင်ကာပူမြို့များမှာ ယခုနှစ်တွင် မပါဝင်တော့ဘဲ ဟောင်ကောင်တစ်မြို့သာလျှင် အဆိုပါ စာရင်းတွင် ဆက်လက်ပါဝင်ခဲ့သည့် တစ်ခုတည်းသော အာရှမြို့ဖြစ်လာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် စင်ကာပူတွင် အလုပ်လာရောက်လုပ်ကိုင်နေသူများ နေရပ်ပြန်မှုနှင့်အတူ စင်ကာပူ၏ အိမ်ငှားခစရိတ်များမှာ နှစ်ရာခိုင်နှုန်းကျော်အထိ ကျဆင်းသွားခဲ့သည်။

အမေရိကား၊ အာဖရိကနှင့် အရှေ့ဥရောပနိုင်ငံများတွင် နေထိုင်မှု ကုန်ကျစရိတ်သက်သာသော်လည်း အနောက်ဥရောပနိုင်ငံများရှိ မြို့ကြီးအားလုံးနီးပါးမှာ နေထိုင်မှုကုန်ကျစရိတ် အမြင့်ဆုံး စတုတ္ထနေရာတွင် ရှိနေသလို အနောက်ဥရောပနိုင်ငံများအနက် ပါရီနှင့် ဇူးရစ်မြို့များမှာ ဟောင်ကောင်နှင့်အတူ ကုန်ကျမှုစရိတ်အမြင့်ဆုံး ထိပ်ဆုံးနေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။

ကိုးကား- အမ်အက်စ်အမ်
ဘာသာပြန်-မေလွဲ့သင်း

# ကိုဗစ်-၁၉ ဆိုင်ရာ အချက်အလက်များကို ရွေးကောက်ခံသမ္မတ ဘိုင်ဒင်ထံသို့မျှဝေရန် အမေရိကန်ဆေးဘက်ဆိုင်ရာခေါင်းဆောင်များက သမ္မတထရမ့်အား တိုက်တွန်း

**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၁၈**

ရွေးကောက်ပွဲအလွန် ကာလရောက်ရှိပြီဖြစ်သဖြင့် အမေရိကန်သမ္မတ ထရမ့်အနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအားလုံးကို ရွေးကောက်ခံသမ္မတ ဘိုင်ဒင်ထံသို့ ဝေမျှပေးရန်လိုအပ်ကြောင်း အမေရိကန် ထိပ်တန်းဆေးဘက်ဆိုင်ရာပညာရှင်များက ယမန်နေ့တွင် အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့တိုက်တွန်းခဲ့သည်။

ဘိုင်ဒင်အဖွဲ့သည် အမျိုးသားကိုရိုနာဗိုင်းရပ်စ် ပူးပေါင်းဆောင်ရွက်ရေးဗျူဟာအတွက် ပြင်ဆင်နေပြီး ပြည်နယ်နှင့် ဗဟိုအစိုးရကြား ပူးပေါင်းဆောင်ရွက်မှုများတွင် လစ်ဟင်းမှုများ လျော့နည်းနိုင်သမျှ လျော့နည်းစေရေးအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များကို မျှဝေပေးရန် ယခုလို တိုက်တွန်းလိုက်ခြင်းဖြစ်သည်။


"ကုထုံး၊ စစ်ဆေးမှု၊ လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရေးစနစ်၊ ဆေးရုံခုတင်များ၏ ခံနိုင်ဝန်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ ထိန်းသိမ်းပေးထားမှုစတဲ့ အချက်အလက် အစစ်အမှန်တွေကို မျှဝေပေးမှသာလျှင် နောက်တက်လာမယ့် အစိုးရက ဘာတွေ ဆက်လုပ်ရမည်လဲဆိုသည့် အဖြေရမည်ဖြစ်ကြောင်း" အမေရိကန်ဆေးဘက်ဆိုင်ရာအသင်း၊ အမေရိကန်သူနာပြုများအသင်းနှင့် အမေရိကန်ဆရာဝန်များအသင်းတို့ ပူးတွဲလက်မှတ်ထိုးကာ သမ္မတထရမ့်ထံသို့ အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့ခြင်းဖြစ်သည်။

သမ္မတ ထရမ့်က ရွေးကောက်ပွဲတွင် ရှုံးနိမ့်မှုကို ဝန်ခံခြင်းမရှိသေးသည့်အတွက် ဇန်နဝါရီလ၌ သမ္မတအာဏာလွှဲပြောင်းရေးကို ချောချောမွေ့မွေ့မဆောင်ရွက်ပါက ကိုဗစ်-၁၉ ရောဂါကြောင့် အမေရိကန်တစ်ဝန်း သေဆုံးမှုနှုန်းတိုးလာမည်ဖြစ်ကြောင်း သတိပေးမှုများလည်း ရှိနေသည်။

အမေရိကန်ပြည်ထောင်စုတွင် ဆောင်းရာသီရောက်ရှိလာပြီး မကြာမီအချိန်အတွင်း ခရစ္စမတ်နှင့် နှစ်သစ်ကူးပိတ်ရက်များ ရောက်ရှိလာမည်ဖြစ်သဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ထပ်မံမြင့်တက်နိုင်သည်။ ထို့ပြင် ပြည်နယ် ၂၅ ပြည်နယ်၌ ဆေးစစ်မှုပြုထားသူများအနက်မှ ၁၀ ရာခိုင်နှုန်းမှာ ရောဂါကူးစက်မှုတွေ့ရှိထားခြင်းကြောင့် ဖြစ်သည်။

**ကိုးကား-ဂါးဒီးယန်း**
**ဘာသာပြန်-မေလှဲ့သင်း**



# ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ ကာကွယ်ရေးဆိုင်ရာ သဘောတူညီမှုရရှိ

**တိုကျို နိုဝင်ဘာ ၁၈**

ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် ဩစတြေးလျစစ်ဘက်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် ဆက်နွှယ်သည့်စာချုပ်တစ်ရပ်နှင့် စပ်လျဉ်း၍ ကျယ်ပြန့်သည့် သဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

ယမန်နေ့တွင် ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်နှင့်အတူ ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးအပါအဝင် နယ်ပယ်အသီးသီး၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ထုတ်ဖော်ပြောကြားခဲ့သည်။ ဩစတြေးလျနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် သိသာထင်ရှားသည့် ဆောင်ရွက်မှုများရှိခဲ့ပါကြောင်းနှင့် ကာကွယ်ရေးဆိုင်ရာသဘောတူညီချက်တစ်ရပ်လည်း ရရှိခဲ့ကြောင်း ဩစတြေးလျဝန်ကြီးချုပ် မောရစ်ဆင်က ပြောကြားခဲ့သည်။

ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်ရရှိရေးတွင် ဂျပန်နိုင်ငံ၏ယုံကြည်မှုကို ဩစတြေးလျနိုင်ငံအနေဖြင့် လေးစားတန်ဖိုးထားပါကြောင်းလည်း ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်က ထပ်လောင်းပြောကြားခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၅၆၀၉၃၇၉၀ | ဦး |
| သေဆုံးသူ | ၁၃၄၆၅၇၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၉၀၉၀၈၉၀ | ဦး |

# အာဖဂန်နှင့် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်အစီအစဉ် ပင်တဂွန် အတည်ပြု

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလလယ်တွင် ၂၅၀၀ အထိ အသီးသီးလျှော့ချသွားမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က နိုဝင်ဘာ ၁၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို ၂၅၀၀ နှင့် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို ၂၅၀၀ အသီးသီးဆက်လက်ထားရှိမည်ဖြစ်ကြောင်း အမေရိကန်ခေတ္တနိုင်ငံခြားရေးဝန်ကြီး ခရစ္စတိုဖာမီလာက ပင်တဂွန်သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၅၀၀ နီးပါးရှိကြောင်းနှင့် အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ရာတွင် အီရတ်တပ်ဖွဲ့ဝင်များအား အထောက်အပံ့ဖြစ်စေရန် အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀ တပ်ဖြန့်ချထားလျက်ရှိကြောင်းလည်း သိရသည်။

အမေရိကန်ပြည်ထောင်စုနှင့် အာဖဂန်တာလီဘန်တို့သည် ဖေဖော်ဝါရီလနောက်ပိုင်းက သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၁ ခုနှစ် မေလတွင် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များကို အပြီးတိုင် ရုပ်သိမ်းရန်လည်း အဆိုပါသဘောတူညီချက်တွင် ပါဝင်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဩစတြေးလျ၊ ဂျပန်၊ အမေရိကန်နှင့် အိန္ဒိယတို့ လေးနိုင်ငံ ရေတပ်ပူးတွဲလေ့ကျင့်မှု ပြန်လည်စတင်

**နယူးဒေလီ နိုဝင်ဘာ ၁၈**

ဩစတြေးလျ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယလေးနိုင်ငံတို့၏ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှု ဒုတိယအဆင့်ကို အိန္ဒိယနိုင်ငံအနောက်ပိုင်း အာရေဗီယံပင်လယ်အတွင်း ယမန်နေ့တွင် စတင်ခဲ့သည်။ ယခုစစ်ရေးလေ့ကျင့်မှုသည် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ရက်အထိ လေးရက်ကြာမြင့်မည်ဖြစ်သည်။

ယခုစစ်ရေးလေ့ကျင့်မှုသည် ၂၀၁၅ ခုနှစ်နောက်ပိုင်း အင်ဒို-ပစိဖိတ်ဒေသ အင်အားကြီးလေးနိုင်ငံစလုံး ပါဝင်လေ့ကျင့်ခဲ့သည့် ဒုတိယအကြိမ်မြောက် ရေတပ်စစ်ရေးလေ့ကျင့်မှုဖြစ်ကာ "မာလာဘာ" ဟု အမည်ပေးခဲ့သည့် ပထမအကြိမ် လေးနိုင်ငံပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာလဆန်းပိုင်းက ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အမေရိကန်ရေတပ် နစ်မစ်တိုက်လေယာဉ်တင်သင်္ဘောအုပ်စုနှင့် အိန္ဒိယရေတပ် ဘီခရာမာတီရာတိုက်ခိုက်ရေးတပ်တို့ကို ဗဟိုပြု၍ လေးနိုင်ငံအကြီးမားဆုံး ရေတပ်ပူးတွဲလေ့ကျင့်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုစစ်ရေးလေ့ကျင့်သည့် အာရေဗီယံပင်လယ်သည် အာရှနှင့် အရှေ့အလယ်ပိုင်းဒေသ ဒေသချိတ်ဆက်ပေးသည့် ရေယာဉ်လမ်းကြောင်းနှင့် နီးကပ်နေပြီး အင်ဒို-ပစိဖိတ်ဒေသ လေးနိုင်ငံစုစည်းမှုအင်အားကို ပြသရန်အတွက် ရေတပ်လေ့ကျင့်မှုများ ငါးနှစ်တာကာလအတွင်း ဒုတိယအကြိမ် ထပ်မံပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလှဲ့သင်း**



# ဂျပန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပထမအကြိမ်အဖြစ် ၂၀၀၀ ကျော်တွေ့ရှိ

**တိုကျို နိုဝင်ဘာ ၁၈**

ဂျပန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၈၉ ဦး စံချိန်တင်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် ပထမအကြိမ်အဖြစ် တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၂၀၀၀ ကျော်လွန်ခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အာဏာပိုင်များမှ ရရှိထားသည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ဂျပန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၈၉ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းနှင့်အတူ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၃၅၃၂ ဦး ရှိလာခဲ့ကြောင်း၊ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစာရင်းတွင် ယခုနှစ်အစောပိုင်းက မြို့တော်တိုကျိုအနီး၌ အသွားအလာကန့်သတ်ထားသည့် သင်္ဘောပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစာရင်းမပါဝင်ကြောင်း သိရသည်။

ဂျပန်၌ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၂ ဦး ထပ်မံသေဆုံးခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၉၄၅ ဦး ရှိလာကြောင်း သိရသည်။ အဆိုပါ သေဆုံးသူစာရင်းတွင် အသွားအလာကန့်သတ်ထားသည့်သင်္ဘောမှ သေဆုံးသူ ၁၃ ဦး ပါဝင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် လူနာ ၂၇၆ ဦး၏ ကျန်းမာရေးအခြေအနေမှာ အလွန်ဆိုးရွားပြီး လတ်တလောအချိန်၌ အထူးကြပ်မတ်ကုဆောင်များတွင် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားပြီး အနီးကပ်စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံရှိ ပြည်နယ် ၄၇ ခုအနက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းအများဆုံးဖြစ်သည့် မြို့တော်တိုကျိုတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ တိုကျို တစ်မြို့တည်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၅၇၂၂ ဦးရှိလာခဲ့သည်။

တိုကျိုဒေသန္တရအစိုးရသည် တိုကျိုမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ဆက်လက်မြင့်မားလာသည့်အတွက် အဆင့်အမြင့်မားဆုံး ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်ကို ထုတ်ပြန်ကြေညာရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၁၈ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်၏ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများနှင့် ဆွေးနွေးမေးမြန်းခန်းအစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**အစီအစဉ်မှူး။** ။ ကိုဗစ် – ၁၉ ရောဂါနဲ့ပတ်သက်လို့ မှန်ကန်တဲ့သတင်းအချက်အလက်တွေ၊ စိတ်ခံစားမှုအပိုင်းဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာ သိသင့်သိထိုက်တဲ့ ကိစ္စတွေ၊ သိချင်တဲ့ အကြောင်းအရာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက အပတ်စဉ်အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားပေးနေတဲ့ ကိုဗစ် –၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကနေ ပြန်လည်ကြိုဆိုပါတယ်။

ကမ္ဘာပေါ်မှာ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကာလဟာ တစ်နှစ်ပြည့်ခါနီးကာလကို ရောက်ရှိနေပြီး ယခုအချိန်အထိ ကူးစက်ခံရသူ ၅၅ သန်းကျော်နဲ့ သေဆုံးသူ ၁ ဒသမ ၃ သန်း ကျော်လွန်လာပြီး ရောဂါဖြစ်ပွားမှုဒဏ်ကို ခံနေကြရဆဲဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါအန္တရာယ်ဟာ လူသားတွေနဲ့အတူ ဆက်လက်ရှိနေဦးမှာဖြစ်ပြီး ကာကွယ်ဆေး မရခင်အချိန်အထိ ကိုဗစ် – ၁၉ ရောဂါနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့အတိုင်း တိတိကျကျလိုက်နာကြဖို့လည်း တကယ်လိုအပ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် အဘက်ဘက်မှာ ထိခိုက်မှုတွေရှိနေသလို စီးပွားရေး ထိခိုက်မှုတွေကိုလည်း တစ်ကမ္ဘာလုံးမှာ ရင်ဆိုင်နေကြရတာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပြည်သူတွေကြုံတွေ့နေရတဲ့ စီးပွားရေးအခက်အခဲတွေကို ပြေလည်စေဖို့ ကြိုးစားဆောင်ရွက်နေတာကြောင့် ပြည်သူတွေအနေနဲ့ လူစုလူဝေးတွေကို တတ်နိုင်သမျှရှောင်ကြဉ်ပြီး အခြေခံကျန်းမာရေးကောင်းအောင် သတိပြုနေထိုင်ကြဖို့ အကြံပေးပါရစေ။

ဒီနေ့အစီအစဉ်မှာ ကိုဗစ် – ၁၉ ရောဂါနဲ့ ရင်ဆိုင်ခဲ့ရပြီး မှန်ကန်ကောင်းမွန်တဲ့ ကုသမှုတွေ ခံယူခဲ့သူတွေနဲ့ တွေ့ဆုံပြီး သူတို့ဘယ်လိုခွန်အားတွေနဲ့ ဒီရောဂါကို ကျော်လွှားခဲ့ကြတယ်ဆိုတဲ့ အတွေ့အကြုံတွေကို မျှဝေပေးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့အစီအစဉ်မှာ ဆေးတက္ကသိုလ် –၂ (ရန်ကုန်) စိတ်ကျန်းမာပညာဌာနမှ ကထိက ဒေါက်တာမျိုးကျော်သူ၊ သဃ်န်းကျွန်းမြို့နယ်မှ ဦးကျော်သူရဝင်းနဲ့ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ သူနာပြုဆရာမကြီး ဒေါ်ကြည်ကြည်ဝေတို့ကို ဖိတ်ခေါ်ထားပါတယ်။

**ကိုဗစ် –၁၉ ရောဂါကူးစက်ခံရတဲ့ အခြေအနေကစပြီး ပြောပြပေးဖို့ ပထမဦးဆုံး ဒေါက်တာမျိုးကျော်သူက ပြောပေးပါဦးရှင်။**

**ဒေါက်တာမျိုးကျော်သူ။** ။ ကျွန်တော် ကူးစက်ခံရတာက ကျွန်တော့်ရဲ့ အမျိုးသမီးဆီက လို့ ယူဆထားပါတယ်။ သူကလည်း စိတ်ကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ် –၁ (ရန်ကုန်)က ကထိက တစ်ဦးပါ။ သူက ဒီလို ကူးစက်ခံရတယ်လို့ မသိခင်တစ်ပတ်ကလေးဆေးရုံမှာ ပြင်ပလူနာသွားကြည့်ပါတယ်။ ပြင်ပလူနာသွားကြည့်ရင်းနဲ့ အဲဒီထဲက စိတ်ကျန်းမာရေး ဆရာဝန်တစ်ယောက်က Positive ဖြစ်တယ်လို့ စသိပါတယ်။ စသိပြီး သူနဲ့ Contact တွေကို နောက်ပိုင်းလိုက်စစ်တဲ့အခါ ကျွန်တော့်အမျိုးသမီးလည်း Positive ဖြစ်နေတာကို သိရှိရပါတယ်။ အဲဒါနဲ့ ကူးစက်ခံရတယ်လို့ ကျွန်တော်ယူဆပါတယ်။

### နှလုံးခုန်နှုန်းမမှန်တာ ပိုဖြစ်လာ

ကျွန်တော် တကယ်ဖြစ်တဲ့အချိန်က စက်တင်ဘာ ၂၂ ရက်နေ့မှာပါ။ PCR Test နဲ့ စစ်လိုက်တော့ Positive ဆိုတာ သေချာသွားပါတယ်။ အဲဒီမတိုင်ခင်မှာ ကျွန်တော်က အိမ်မှာ Home Quarantine လုပ်နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် နှလုံးခုန်တာ မမှန်တာကိုလည်း မြောက်ဥက္ကလာပဆေးရုံကြီးက Fever Clinic မှာ သွားပြခဲ့ပါတယ်။ ဒီလိုပြသတဲ့အချိန်မှာ လိုအပ်တဲ့ သွေးဖောက်စစ်ဆေးမှုတွေ၊ ဓာတ်မှန်ရိုက်တာတွေ၊ လိုအပ်တဲ့ကုသမှုတွေကို သတ်မှတ်ထားတဲ့အတိုင်း လုပ်ဆောင်ခဲ့ပါတယ်။ ဒီရဲ့ အဖြေတွေ အကုန်လုံးကလည်း ကောင်းနေတယ်။ အဖြေကောင်းတဲ့အတွက် အိမ်မှာဆက်ပြီး ကျွန်တော်နေပါတယ်။ စက်တင်ဘာ ၃၀ ရက်နေ့ ညနေကျတော့ အောက်ဆီဂျင် နည်းနည်းကျလာတယ်။ နှလုံးခုန်နှုန်း မမှန်တာက ပိုဖြစ်လာတဲ့အတွက် အောက်တိုဘာ ၁



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ဒေါက်တာမျိုးကျော်သူ၊ ဦးကျော်သူရဝင်းနှင့် အကြီးတန်းသူနာပြုဆရာမ ဒေါ်ကြည်ကြည်ဝေတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

**ကျွန်တော် အရင်တုန်းက ထင်ခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် လုပ်နိုင်ကိုင်နိုင်မယ်လို့ ထင်ခဲ့တာ ဝေဘာဂီဆေးရုံရောက်တဲ့အချိန်မှာ ကျွန်တော် အရေးပေါ်လူနာတင်ယာဉ်ပေါ်ကနေပြီး ဘေးကဗိုးချဲပေါ်မထိုင်နိုင်တဲ့အနေအထား ဖြစ်သွားတယ်။ တော်တော်လေးကိုမောပြီး ဘယ်လိုခံစားရမလဲကို မသိဘူး။ တော်တော်လေးကို ဆိုးဆိုးရွားရွား ခံစားရပါတယ်။ အဲဒီကနေ ကျွန်တော့်ကို တစ်ခါတည်းတန်းပြီး ICU ထဲကို ပို့ပါတယ်။ ICU ထဲမှာ ကျွန်တော်နဲ့အတူ ဆေးကုသမှုခံယူတဲ့သူတွေ ရှိပါတယ်။ ဆရာဝန်တွေက တော်တော်လေးကို ကြပ်ကြပ်မတ်မတ်နဲ့ ကုသပေးပါတယ်။**

ရက်နေ့ မနက်အစောကြီးမှာ အင်းစိန်ဆေးရုံကို တက်ရောက်ခဲ့ပါတယ်။

အင်းစိန်ဆေးရုံကို ရောက်တဲ့အခါ ဆေးရုံက သမားတော်ကြီးတွေရဲ့ လမ်းညွှန်မှုနဲ့ Rapid Test နဲ့ နှစ်ကြိမ် စစ်ခဲ့ပါတယ်။ Rapid Test နှစ်ကြိမ်လုံးကလည်း Negative ထွက်ပါတယ်။ အောက်တိုဘာ ၂ ရက်မှာ သမားတော်ကြီးတွေက PCR ပို့မယ်ဆိုပြီး PCR စစ်တဲ့အခါ အောက်တိုဘာ ၃ ရက် မနက်ခင်းမှာ Positive ဖြစ်တယ်ဆိုတာကို အဖြေရခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် ဝေဘာဂီဆေးရုံကို ပြောင်းရွှေ့ပြီး အဲဒီမှာ ကုသမှုခံယူခဲ့ပါတယ်။

### အတိုက်အခိုက်ခံရမှုအနည်းဆုံး

ဝေဘာဂီဆေးရုံမှာ အောက်တိုဘာ ၃ ရက် မနက်ခင်းကစပြီး အောက်တိုဘာ ၂၃ ရက်အထိကို ကုသမှုတွေ ခံယူခဲ့တယ်။ အဲဒီမှာ Remdesivir လည်းသွင်းတယ်။ Antibiotics တွေ သွင်းတယ်။ သွေးရည်ကြည်လည်း နှစ်ကြိမ်သွင်းတယ်။ ဒီထိထိရောက်ရောက်နဲ့ ရှေ့ကြိုပြီး ကုသမှုခံယူရတဲ့အတွက် ကျွန်တော့်ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ကလီစာတွေ အတိုက်အခိုက်ခံရမှု အနည်းဆုံးဖြစ်ပြီး ဆေးရုံက ပြန်လည်ဆင်းခွင့်ရခဲ့ပါတယ်။

ဆေးပညာအရ ပြောရရင် နည်းနည်းစီပေ့ါနော်၊ နှလုံး၊ ကျောက်ကပ်၊ အသည်းနဲ့ သွေးထဲမှာ ရောဂါတွေ အကြီးအကျယ် မဖြစ်သော်လည်း နည်းနည်းစီတိုက်ခိုက်ခြင်း ခံခဲ့ရတယ်လို့အဖြေထွက်ပါတယ်လို့သမားတော်ကြီးတွေက ပြောပါတယ်။ အခုထက်တိုင် ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ထဲမှာ သွေးခဲမှုမရှိအောင် သွေးဖောက်မှုကို ဆောင်ရွက်နေရဆဲဖြစ်ပါတယ်။ နောက် ဝေဘာဂီရဲ့ ညွှန်ကြားချက်နဲ့ နောက်ဆက်တွဲ ဆက်လက်လုပ်ဆောင်ရမယ့် အချက်တွေကိုလည်း ဆောင်ရွက်နေပါတယ်။ သွေးရည်ကြည် လှူဖို့အတွက်လည်း နာမည်စာရင်း ကျွန်တော်ပေးထားပါတယ်။ လှူရမယ့်ရက်ကို သတ်မှတ်ပြီးရင် ကျွန်တော့်ကို အကြောင်းကြားမှာ ဖြစ်ပါတယ်။

ကိုဗစ်ရောဂါ စဖြစ်တဲ့အချိန် နှစ်အစပိုင်းကစပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝေဘာဂီဆေးရုံမှာ လူနာတွေက ဒီစိတ်နဲ့ပတ်သက်ပြီး စိတ်ဖိစီးမှုတွေများလို့ ဖြစ်ဖြစ်၊ စိတ်နဲ့ပတ်သက်ပြီး မထိန်းနိုင်တဲ့အခါမျိုး ဖြစ်ဖြစ် ကုသမှုပေးနိုင်အောင် ကျွန်တော်တို့လို စိတ်ကျန်းမာရေး ဆရာဝန်တွေကို တာဝန်ချထားပေးခဲ့ပါတယ်။ ဒီလို တာဝန်ချပေးတဲ့အတွက် အဲဒီမှာ လူနာတွေကို သွားကြည့်ပြီး လူနာတွေနဲ့ပတ်သက်တဲ့ စိတ်ဖိစီးမှုတွေကို ကျွန်တော်ကိုယ်တိုင် နှစ်သိမ့်ဆွေးနွေးပေးမှုတွေ လုပ်တယ်။ လိုအပ်တဲ့ ဆေးဝါးတွေကို ပေးပြီး ကျွန်တော် ကုသပေးခဲ့ပါတယ်။

အခုအချိန်မှာ ကျွန်တော် ရောက်သွားတာက လူနာတစ်ယောက်အနေနဲ့ ရောက်သွားတာပါ။ လူနာတစ်ယောက်အနေနဲ့ ရောက်သွားတဲ့အတွက် လူနာတစ်ယောက်အနေနဲ့ ကျွန်တော်က ခန္ဓာကိုယ်နဲ့ပတ်သက်ပြီး ခံစားရတာတွေ ရှိတယ်။ စိတ်နဲ့ပတ်သက်ပြီး ခံစားရတာတွေရှိပါတယ်။

**အစီအစဉ်မှူး။** ။ **ဦးကျော်သူရဦးအနေနဲ့ ကိုဗစ် – ၁၉ ရောဂါ ဘယ်လိုမျိုး ကူးစက်ခံရသလဲဆိုတာကို အရင်ဆုံး ပြောပြပေးပါဦး။**

**ဦးကျော်သူရဦး။** ။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်မှာ နေပါတယ်။ ဒီရောဂါစပြီး ကူးစက်ခံရတဲ့အချိန်ဖြစ်တဲ့ ၉ လပိုင်း လဆန်းပိုင်းလောက်က သဃ်န်းကျွန်းမြို့နယ်က ကိုဗစ်ရောဂါ ကူးစက်ခံရမှုအများဆုံးဖြစ်နေပါတယ်။ အိမ်မှာက မိသားစု ၉ ယောက် ရှိပါတယ်။ အိမ်မှာ အသက်အကြီးဆုံး အမေက ၈၃ နှစ်ဖြစ်ပြီး အသက်အငယ်ဆုံး သမီးလေးက ၄ နှစ်ပဲ ရှိပါသေးတယ်။ သားက ၇ နှစ်ရှိပါတယ်။ အငယ်တွေ၊ အကြီးတွေ ရောနေပါတယ်။

မိသားစုထဲမှာ အလုပ်လုပ်တာက ကျွန်တော်က ဘဏ်တစ်ခုမှာ အလုပ်လုပ်သလို၊ ကျွန်တော့် အမျိုးသမီးကလည်း တခြားဘဏ်တစ်ခုမှာ အလုပ်လုပ်ပါတယ်။ ကျွန်တော့် သမီးအကြီးက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်။ ဘဏ်မှာနေတဲ့ ကျွန်တော်တို့က ရုံးမှာ စည်းကမ်းတွေ တင်းတင်းကျပ်ကျပ်နဲ့ ကိုဗစ်ကာကွယ်ရေးတွေကို စနစ်တကျ လုပ်ရပေမယ့်၊ အိမ်မှာနေတဲ့သူတွေကလည်း ဈေးသွားတာတွေ၊ ဘာတွေရှိပါတယ်။

### မိသားစုရှစ်ယောက်လုံးပါ

စပြီးကူးစက်ခံရတာက ကျွန်တော့်ရဲ့ ယောက္ခမဖြစ်ပါတယ်။ စက်တင်ဘာ ၄ ရက်နေ့မှာ စပြီး အနံ့ပျောက်ပါတယ်။ အနံ့ပျောက်တဲ့အခါ ကျွန်တော်က သဃ်န်းကျွန်း စံပြဆေးရုံကြီးကို ပို့ပါတယ်။ ဆေးရုံရောက်တဲ့အခါ သံသယလူနာစာရင်းထဲကို သွင်းတယ်။ Swab Test ယူပါတယ်။ အဖြေကို စက်တင်ဘာ ၆ ရက်နေ့မှာ Positive ဆိုတာကို သိရပါတယ်။ ယောက္ခမကို စံပြဆေးရုံကြီးကနေ ဖောင်ကြီးကို ပို့ပါတယ်။ ကျန်တဲ့ မိသားစု ၈ ယောက်က ဟိုတယ်မှာ Quarantine ဝင်ရပါတယ်။ စက်တင်ဘာ ၉ ရက်မှာ ကျွန်တော်တို့ကို Swab Test ယူပြီး ၁၁ ရက်နေ့မှာ Positive အဖြေရပါတယ်။ အဲဒီနေ့မှာ မှတ်မှတ်ရရ ၁၁၅ ယောက် အဖြေထွက်ပါတယ်။ ၁၁၅ ယောက်ထဲမှာ ကျွန်တော်တို့ မိသားစု ၈ ယောက်လုံး ပါပါတယ်။

### ခံနိုင်ရည်ရှိမယ်လို့ထင်ထား

ကျွန်တော့်ရဲ့အခြေအနေက ဘယ်လိုဖြစ်လဲဆိုရင် ၁၁ ရက်နေ့မှာ အဖျားတက်တယ်။ နောက်ပြီး ပြန်ကျတယ်။ နောက်ချောင်းဆိုးတာ ဖြစ်လာတယ်။ ၁၃ ရက်နေ့မှာလည်း အဖျားဆက်ပြီး တက်တယ်။ အနံ့လည်း ပျောက်သွားတယ်။ ဒါမျိုးတွေ ကျွန်တော်ခံစားရပါတယ်။ ၁၄ ရက်နေ့မှာ ကျွန်တော်တို့ကို ရိုးမရိပ်သာကို ပို့လိုက်ပါတယ်။ အဲဒီအချိန် ကျွန်တော် အစိုးရိမ်ဆုံးက အသက် ၈၃ နှစ်အရွယ် အမေနဲ့ ကလေး ၂ ယောက်ကို စိုးရိမ်ပါတယ်။ ကျန်တဲ့လူတွေက ခံနိုင်ရည်ရှိတယ်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ခံနိုင်ရည်အတော်ရှိမယ်လို့ ထင်ထားတာပါ။

အခုလက်ရှိလည်း ကျန်းမာရေးနဲ့ပတ်သက်လို့ တင်းနစ်ကစားနည်းကို မပြတ်ကစားနေတုန်းဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ခံနိုင်ရည်ရှိတယ်လို့ ထင်နေတုန်းပါပဲ။ ဒါပေမယ့် အမေ့ကို စိုးရိမ်တဲ့အတွက် အတင်းအကျပ်ကို ကုသရေးစင်တာပို့ပါတယ်။ သမီးအကြီးနဲ့အတူ အမေက အဲဒီနေ့မှာပဲ ဝေဘာဂီဆေးရုံကို ရောက်သွားတယ်။ ကျွန်တော်က ရိုးမရိပ်သာရောက်တယ်။ နောက်နေ့မှာ ဆက်ပြီးအဖျားတက်တဲ့အတွက် ကျွန်တော့် အမျိုးသမီးက မရဘူး၊ ကုသမှုခံယူမှရမယ်လို့ ဆရာဝန်တွေကို အတင်းအကျပ် သတင်းပို့ပြီး စက်တင်ဘာ ၁၆ ရက်မှာ ကျွန်တော်လည်း ဝေဘာဂီဆေးရုံကို ရောက်ခဲ့ပါတယ်။

ကျွန်တော် အရင်တုန်းက ထင်ခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် လုပ်နိုင်ကိုင်နိုင်မယ်လို့ ထင်ခဲ့တာ ဝေဘာဂီဆေးရုံရောက်တဲ့အချိန်မှာ ကျွန်တော် အရေးပေါ်လူနာတင်ယာဉ်ပေါ်ကနေပြီး ဘေးကဗိုးချဲပေါ်မထိုင်နိုင်တဲ့ အနေအထား ဖြစ်သွားတယ်။ တော်တော်လေးကို မောပြီး ဘယ်လိုခံစားရမလဲကို မသိဘူး။ တော်တော်လေးကို ဆိုးဆိုးရွားရွား ခံစားရပါတယ်။ အဲဒီကနေ ကျွန်တော့်ကို တစ်ခါတည်းတန်းပြီး ICU ထဲကို ပို့ပါတယ်။ ICU ထဲမှာ ကျွန်တော်နဲ့အတူ ဆေးကုသမှု ခံယူတဲ့သူတွေ ရှိပါတယ်။ ဆရာဝန်တွေက တော်တော်လေးကို ကြပ်ကြပ်မတ်မတ်နဲ့ ကုသပေးပါတယ်။

ကုသပေးတဲ့နေရာမှာ စောစောက ဆရာပြောခဲ့သလိုပါပဲ။ Zomax ဆိုတဲ့ဆေးကို ၁၇ ရက်နေ့မှာ ထိုးပေးပါတယ်။ ၁၈ ရက်နေ့နဲ့ ၂၀ ရက်နေ့မှာ သွေးရည်ကြည် ကုထုံးနဲ့ ဆက်ပြီး ကုသပေးပါတယ်။ ၂၃ ရက်နေ့ကနေ ၂၈ ရက်နေ့အထိကို Remdesivir ဆေး ၇ လုံးထိုးပြီး ကုသပေးခဲ့ပါတယ်။ ကျွန်တော် ICU ထဲမှာ ရက်ပေါင်း ၃၀ ကျော် နေခဲ့ရပါတယ်။ အောက်တိုဘာ ၂၅ ရက်နေ့ကျမှ ဆေးရုံက ဆင်းခွင့်ရခဲ့ပါတယ်။ စုစုပေါင်း ဆေးရုံမှာ ရက်ပေါင်း ၄၀ နီးပါး ကြာမြင့်ခဲ့ပါတယ်။ ICU ထဲမှာ နေရတဲ့အချိန်ကာလမှာ ဆရာဝန်၊ ဆရာမတွေက တော်တော်လေးကို ကြပ်ကြပ်မတ်မတ်နဲ့ တော်တော်စေတနာထားပြီး ကုသပေးတာကိုလည်း ကျွန်တော်တွေ့ရပါတယ်။

ဆေးရုံ၊ ဆေးခန်းဆိုတာ ကျွန်တော်နဲ့ တော်တော်အလှမ်းဝေးပါတယ်။ တစ်ခါမှလည်း မရောက်ဖူးပါဘူး။ နောက်ပြီး ကိုယ်မြင်ရတဲ့၊ ကိုယ်ကြားရတဲ့ ဆေးရုံတွေဆိုတာ ဒီလိုမျိုးဖြစ်လိမ့်မယ်လို့ မထင်ပါဘူး။ ဆေးရုံမှာ ပိုက်ဆံလည်း တစ်ပြားမှ မကုန်ခဲ့ပါဘူး။ ဆေးဝါး၊ အစားအစာကအစ အလှူရှင်ရှိတာရော၊ အလှူရှင်မရှိဘဲ ဆေးရုံက ကျွေးတာရော တကယ်ကို ကောင်းကောင်းမွန်မွန်နဲ့ စေတနာထားပြီး ပြုစုစောင့်ရှောက်တာကိုလည်း ခံခဲ့ရပါတယ်။ ဆေးရုံနဲ့ ပတ်သက်ပြီးတော့လည်း တကယ်ကို ကျေးဇူးတင်ဖို့ကောင်းတဲ့အနေအထားဖြစ်ပါတယ်။

စာမျက်နှာ ၁၅ သို့ ☆

☆ စာမျက်နှာ ၁၄ မှ

ဆေးရုံက ဆင်းလာတဲ့အခါမှာတော့ Side Effect အနေနဲ့ အသည်းရောင်၊ အသားဝါတော့ ပါလာတယ်။ ဒါကို CT Scan သေချာစစ်ဆေးပြီး မြောက်ဥက္ကလာ ဆေးရုံကြီးက အသည်းရောဂါအထူးကုဆရာဝန်နဲ့ ချိတ်ဆက်ပြီးတော့ ကုသမှုကို Viber ကနေလည်း အခုထိ ဆက်လုပ်နေတုန်းပါပဲ။ အသည်းရောင်၊ အသားဝါကတော့ မပျောက်သေးပါဘူး။ ကိုဗစ်နဲ့ပတ်သက်ပြီး ဘာမှခံစား ရခြင်း မရှိတော့ပါဘူး။

**အစီအစဉ်မှူး။ ။ ဆရာမအနေနဲ့ရော ကိုဗစ်-၁၉ ရောဂါ ဘယ်လိုစပြီး ကူးစက်ခံရတာလဲ။ ကိုယ့်ကိုယ်ကိုယ် ကူးစက်ခံရပြီဆိုတာ ဘယ်လိုစပြီး သိသလဲ အဲဒါလေးလည်း ပြောပြပေးပါဦးရှင့်။**

**ဒေါ်ကြည်ကြည်ဝေ။ ။** ကျန်းမာရေးဝန်ထမ်းတစ်ယောက် အနေနဲ့ ဒီရောဂါက ဘယ်ကနေ ကူးတယ်ဆိုတာ အတိအကျပြောဖို့တော့ ခက်ပါတယ်။ ကိုဗစ်စပြီးဖြစ်တဲ့ First Time ကတည်းက ကျွန်မတို့က ဆေးရုံမှာ တာဝန်ကျတော့ သံသယလူနာတွေ၊ အတည်ပြု လူနာတွေ၊ ရိုးရိုးလူနာတွေ အကုန်လုံးကို ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးခဲ့ပါတယ်။ အဲဒီလိုပေးရာမှာလည်း ဝန်ကြီးဌာနကချမှတ်ထားတဲ့ ကူးစက်ရောဂါကာကွယ်ရေး နဲ့ ထိန်းချုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းတွေနဲ့အညီ သတ်မှတ်ထားတာကိုလည်း ဝတ်ဆင်ပြီး ပြုစု စောင့်ရှောက်မှုပေးပါတယ်။

### ကူးတာတိတိကျကျပြောဖို့ခက်

အဲဒီလိုပေးပေမယ့်လည်း ထမင်းစားတဲ့အခါ Mask ချွတ်တာတို့၊ Face Shield ချွတ်တာတို့လည်း ရှိခဲ့တယ်။ အဲဒီအခါ ကျန်းမာရေးဝန်ထမ်းအချင်းချင်းပဲ ကူးသလား အတိအကျတော့ မပြောနိုင်ပါဘူး။ ဒီဆေးရုံမှာလုပ်နေတဲ့ ဝန်ထမ်းတစ်ယောက်အနေနဲ့ ဘယ်ကနေကူးပါတယ် ဆိုတာ တိတိကျကျပြောဖို့တော့ ခက်ပါတယ်။

စက်တင်ဘာ ၁၅ ရက်နေ့မှာ ကျွန်မ နံနက်အိပ်ရာ ထတဲ့အခါ တစ်ကိုယ်လုံးနုံးချည့်ပြီး ကိုယ်တွေ၊ လက်တွေ ကိုက်ခဲလာတယ်။ နှာလည်း နည်းနည်းစေးတယ်။ အဲဒါနဲ့ ကျွန်မ Ward ထဲက အစ်မတွေကို လှမ်းပြောလိုက်တဲ့အခါ နေတဲ့အဆောင်မှာ ခဏနားနေဦးဆိုလို့ နားနေလိုက် တယ်။ အဲဒါက ဆေးသောက်လိုက်၊ သက်သာလိုက်နဲ့ မပျောက်သွားတဲ့အခါကျတော့ စက်တင်ဘာ ၁၈ ရက်နေ့ မှာ ကျွန်မကို Swab ယူလိုက်တယ်။ ၁၉ ရက်နေ့မှာ Positive ဆိုပြီး အဖြေထွက်လာတယ်။

ကျွန်မကို Quarantine Center ကို ပို့ဖို့စီစဉ် ဆောင်ရွက်ထားတယ်။ အဲဒီလို ပို့ဖို့စောင့်နေတဲ့အချိန် မှာပဲ ကျွန်မဘာတွေဖြစ်လာသလဲဆိုတော့ မောလာတယ်။ အန်လာတယ်။ ခေါင်းကလည်း လုံးဝမထူနိုင်ဘူး။ ခေါင်းတွေကိုက်တယ်။ ဘာစားစား စားတာနဲ့အန်တယ်။ နည်းနည်းလေးလှုပ်တာနဲ့ မောတဲ့အခါကျတော့ ကျွန်မကို စင်တာကို မပို့တော့ဘဲ ဝေဘာဂီဆေးရုံကို ဆက်သွယ်ပြီး ပို့ဆောင်ခဲ့တယ်။

### ပုံမှန်လှုပ်ရှားသွားလာနိုင်

ကျွန်မ ဝေဘာဂီဆေးရုံကို စက်တင်ဘာ ၂၁ ရက်မှာ ရောက်တယ်။ ရောက်တဲ့အခါ ကြည့်ပြီး ၂၂ ရက်နေ့မှာ ICU ထဲကို ထည့်လိုက်တယ်။ လိုအပ်တဲ့ ဆေးဝါးကုသမှု တွေကို ပေးတယ်။ ၂၄ ရက်နေ့မှာ ICU ထဲက ပြန်ထွက် ရပြီး Ward ထဲမှာနေရတယ်။ အောက်ဆီဂျင်ကတော့ နည်းနည်းရှူရတယ်။ ICU ထဲက ထွက်လာပြီး အပြင် ရောက်တော့ ကျွန်မမောတာတွေ နည်းနည်းသက်သာလာ တယ်။ တစ်ပတ်လောက်အကြာမှာတော့ ကျွန်မ ပုံမှန် လူလိုပဲ လှုပ်ရှားသွားလာနိုင်တယ်။ ဒါပေမယ့် လိုအပ်တဲ့ ဆေးဝါးကုသမှုတွေကိုတော့ ဆက်လက်ပေးပြီး အောက်တိုဘာ ၁၇ ရက်မှာ ဝေဘာဂီဆေးရုံက ပြန်ဆင်း လာရပါတယ်။

**အစီအစဉ်မှူး။ ။ ဒါဆိုရင် ဆရာမ အခု တာဝန်တွေ ပြန်ထမ်းဆောင်နေပြီလား။**

**ဒေါ်ကြည်ကြည်ဝေ။ ။** နိုဝင်ဘာ ၃ ရက်ကစပြီး အခု တာဝန်တွေ ပြန်ထမ်းဆောင်နေပါပြီ။ အခုလက်ရှိလည်း အနောက်ပိုင်းဆေးရုံကြီး ဆေးကုသဆောင်မှာ တာဝန်ဆက်လက် ထမ်းဆောင် နေပါတယ်။

**အစီအစဉ်မှူး။ ။ ဒေါက်တာမျိုးကျော်သူရှင့်။ ဆရာတို့ အနေနဲ့ ခုနပြောတဲ့အထဲမှာ လူနာတွေရဲ့ စိတ်ပိုင်းဆိုင်ရာတွေကို အကြံပေးတာမျိုးတွေ ရှိတယ်ဆိုတော့ ကိုဗစ်ရောဂါခံစားနေရတဲ့ လူနာတွေ အနေနဲ့ ဆရာတို့ဆီကို စိတ်ခံတပ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးဖို့အတွက် ဘယ်လိုကိစ္စမျိုးတွေကို အများဆုံးဖြေရှင်းပေးခဲ့ရလဲရှင့်။**

**ဒေါက်တာမျိုးကျော်သူ။ ။** စိတ်ကျန်းမာရေးနဲ့ ပတ်သက်ပြီး အခုထက်တိုင်လည်း ကျွန်တော်တို့က အကြံဉာဏ်တွေပေးနေတုန်း၊ ကုသမှုတွေ ပေးနေတုန်းဖြစ်ပါတယ်။ စင်တာတွေ တော်တော်များများ ကလည်း ကျွန်တော်တို့ စိတ်ကျန်းမာရေးဆရာဝန်တွေကို ချိတ်ဆက်ပြီး လူနာတွေအတွက် စိတ်နဲ့ပတ်သက်တဲ့ ပံ့ပိုးမှု တွေ၊ Counseling တွေ လက်ရှိအထိလည်း လုပ်နေတုန်း ရှိပါတယ်။

ကျွန်တော်စတွေ့တဲ့ လူနာကတော့ မတ်လက တရုတ် နိုင်ငံက လေယာဉ်နဲ့လာတဲ့ လူနာဖြစ်ပါတယ်။ အဲဒီလူနာက မြန်မာစကားလည်းမတတ်ဘူး။ အင်္ဂလိပ်စကားလည်း မတတ်ဘူး။ တရုတ်စကား တစ်ခုပဲတတ်တယ်။ မြန်မာနိုင်ငံ ကို Worker အနေနဲ့ လာတယ်လို့ ပြောပါတယ်။ အဲဒီလူနာ ကို ဆေးတွေတိုက်လို့ မရဘူး။ ဒီဘက်ကကုသမှုတွေ အကုန် လုံးကို သူကငြင်းဆန်တယ်။

ဘာဖြစ်လို့လုပ်တာလဲဆိုတော့ နောက်ကျတော့ ကျွန်တော်တို့ကို ပြောပြတယ်။ ခေါ်တယ်။ ကျွန်တော်တို့နဲ့ Counseling လုပ်ရတယ်။ တရုတ်စကားပြန်နဲ့တွေ့တဲ့ အခါကျတော့ သူက ဆေးနဲ့ပတ်သက်ပြီး ယုံကြည်မှုမရှိဘူး။ နောက်ပြီး သူဘာဆက်ဖြစ်မယ်မှန်း မသိဘူး။ ကျွန်တော် တို့က ပြောပြတယ်။ ဒီစင်တာမှာ အစပိုင်းဆိုတော့ ကုသမှု ကို ဘယ်လိုပေးမှန်းလည်း မသိဘူး။ အဲဒါတွေကလည်း သူတို့အတွက် အခက်အခဲနဲ့ စိတ်တိုတဲ့လက္ခဏာတွေ ပြတာတို့၊ အခန်းကို လက်သီးနဲ့ထိုးတာတို့ အဲဒီလိုမျိုးတွေ ရှိတယ်။

အခုနောက်ပိုင်းမှာတော့ မတိကျ မသေချာ မရေရာမှု တွေ၊ စိတ်ဖိစီးမှုတွေ၊ စိတ်ပူပန်မှုတွေက အဓိကပေါ့လေ။ လူနာတစ်ယောက်က သူ့မှာ Positive ဖြစ်သွားပြီဆိုရင် အစပိုင်းမှာ သူက လက်မခံချင်ဘူး။ ဒါဘာဖြစ်လို့လဲဆိုတော့ ရောဂါတစ်ခုဖြစ်ရင် ဒီရောဂါရဲ့ ရိုက်ခတ်နေတဲ့ သက်ရောက် မှုတွေကိုလည်း ဆိုရှယ်မီဒီယာကပဲဖြစ်ဖြစ်၊ သတင်းမီဒီယာ ကပဲဖြစ်ဖြစ် သူကသိနေတဲ့အတွက် ဒီရောဂါဖြစ်ရင်တော့ ဒါနဲ့ပတ်သက်ပြီး ရောဂါကြီးကြီးမားမား ခံစားရမှာပဲဆိုတဲ့ ကြောက်လန့်မှုကလည်း ဖြစ်စေတယ်။

### ပူပန်မှုတွေကလည်း ရိုက်ခတ်စေ

အဲဒီကြောက်လန့်မှုကြောင့်လည်း ဒီရောဂါမဖြစ်ဘူး ဆိုတဲ့ စိတ်ထဲမှာ ဒွိဟတွေဖြစ်နေတယ်။ အဲဒီဒွိဟတွေဖြစ်နေ တဲ့တစ်ချိန်တည်းမှာပဲ သူ Positive ဖြစ်ရင် သူတစ်ယောက် တည်းနဲ့ မပြီးဘူး။ သူ့ရဲ့ မိသားစုဝင်တွေ၊ သူ့ပတ်ဝန်းကျင် မှာရှိတဲ့သူတွေ အကုန်လုံးကို သူကကူးစက်ဖို့၊ Effect ဖြစ်ဖို့များတယ်။ အဲဒီလို Effect ဖြစ်သွားရင် သူတို့တွေနေ ကြတာ၊ သိနေကြတာတစ်ခုက သူကိုယ်တိုင်လည်း ဒီရောဂါ နဲ့ပတ်သက်ပြီး နေရာတစ်ခုမှာ ကုရမယ်။ ကိုယ့်ရဲ့ မိသားစု ဝင်တွေကလည်း Positive ဖြစ်သွားရင်ပဲဖြစ်ဖြစ်၊ မဖြစ်ခင် Quarantine ပဲဖြစ်ဖြစ် ကိုယ်နေနေကျ အခြေအနေတစ်ခု မဟုတ်ဘဲ အခြားအခြေအနေတစ်ခုမှာ ပြောင်းနေကြရမယ်။ အဝတ်အစားကအစ၊ နေရေးထိုင်ရေး၊ စားသောက်ရေးက အစ အဆင်ပြေပါ့မလားဆိုတဲ့ ဒီပူပန်မှုတွေကလည်း သူတို့ ကို ရိုက်ခတ်စေတယ်။

နောက်ပြီး ကုသတဲ့စင်တာကိုရောက်တဲ့အခါ ရောဂါနဲ့ ပတ်သက်တဲ့ မသေချာမှုတွေ၊ မရေရာမှုတွေ၊ ဘာဆက်ဖြစ် မယ်ဆိုတာလည်း မသေချာသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါက အခုမှဖြစ်တဲ့ ရောဂါအဆန်းအသစ်ဖြစ်တယ်။ ကျွန်တော်တို့ဘက်က သမားတော်တွေ၊ ကမ္ဘာမှာရှိတဲ့ Research ဆရာတွေက လုပ်တုန်းရှိသေးတယ်။ ဆေးတွေနဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ ထိရောက်မယ်၊ Side Effect ဘယ်လောက်အထိရှိမယ် ဒါတွေနဲ့ပတ်သက်ပြီး မသေချာ၊ မရေရာမှုတွေကလည်း တစ်ခါပြန်ပြီး သူတို့ကို stress ဖြစ်စေပြန်တယ်။

အဲဒီ stress ဖြစ်စေတဲ့ကြားထဲမှာပဲ တချို့တချို့ ကျတော့ တစ်ယောက်နဲ့တစ်ယောက် Outlet ကမတူဘူး။ တချို့က စိတ်ညစ်လို့အိပ်သွားတယ်။ Depression ရသွားလို့ ဝပ်သွားတယ်၊ အိပ်သွားတယ်ဆိုပေမယ့် အဲဒီ Outlet ကို တစ်ခါတလေကျတော့ ဝုန်းဒိုင်းကြဲတယ်။ တစ်ခါတလေ ကျရင် ပစ္စည်းတွေ ပစ်ပေါက်တယ်။ ဖျက်ဆီးတယ်။ ဒါမျိုး တွေနဲ့ တုံ့ပြန်ကြတယ်။ ဒါလေးတွေကိုလည်း ကျွန်တော်တို့ ကုသမှု၊ Counseling လုပ်တယ်။

အစပိုင်းကတော့ ကျွန်တော်တို့က လူနာလည်း နည်းတဲ့အချိန်ဆိုတော့ ဝေဘာဂီဆေးရုံကို လူကိုယ်တိုင် သွားတယ်။ အင်တာကွန်းတွေနဲ့ ဖုန်းတွေဆက်ပြီး လုပ်တယ်။ နောက်တစ်ခုက PPE တွေ ဝတ်ပြီး လူနာတွေနဲ့ Counseling လုပ်ခဲ့တယ်။ အခုနောက်ပိုင်းတော့ အွန်လိုင်း အနေနဲ့ အဓိကလုပ်နေတယ်။ အွန်လိုင်းကနေ Video Call နဲ့ လုပ်ပေးတယ်။ ဖုန်းလိုင်းနဲ့လည်း လုပ်ပေးတယ်။ သူတို့ရဲ့ ခံစားချက်လေးတွေကို နားထောင်ပေးတယ်။ အထူးသဖြင့် သူတို့ခံစားနေတဲ့ ခံစားချက်တွေကို ရင်ဖွင့်တယ်။ ဥပမာ ပြောပြရရင် တစ်ယောက်ယောက်က သူတို့ကို စောင့်ကြည့် ပေးနေတယ်။ ပြုစုကုသမှုကို စဉ်ဆက်မပြတ်လုပ်ပေး နေတယ်ဆိုတာ တစ်ခုခုသိလိုက်ရင် အဲဒီအချိန်မှာ နောက်ဆုံး ကောက်ရိုးတစ်မျှင်ပုံစံနဲ့ သူတို့အတွက် အားတစ်ခုဖြစ်စေ တယ်။ အဲဒါတွေကလည်း အခုနောက်ပိုင်း ကျွန်တော်တို့ Counseling လုပ်တဲ့အချိန်မှာတွေ့ရတယ်။ ကျွန်တော်တို့ကို ဖုန်းဆက်တယ်။ စိတ်ကျန်းမာရေးဆရာဝန်တစ်ယောက် အနေနဲ့ ပြောပြတဲ့အခါ ဆရာတို့က ကျွန်တော်တို့ကို စောင့်ရှောက်ပေးနေပါလား သူတို့ကပြောတယ်။ အများကြီး အားတက်သွားစေတာလေးတွေလည်း ကျွန်တော်တို့ တွေ့ရ ပါတယ်။

**အစီအစဉ်မှူး။ ။ ဦးကျော်သူရဝင်းရှင့်။ လက်ရှိမှာ ရောဂါ ဖြစ်ပွားမှုကလည်း သိသိသာသာ လျော့ကျသွားခြင်း မရှိသေးဘူး။ တချို့ဆိုရင်လည်း ကိုယ့်ဆီမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်နေပြီဆိုတဲ့ သံသယ လက္ခဏာတွေလည်း ကြုံရတယ်။ တချို့ကျတော့လည်း ဒီအတိုင်းပဲ ပျောက်သွားမှာပဲဆိုပြီး အိမ်မှာပဲနေနေကြတဲ့ သူတွေလည်းရှိတယ်။ အကြောင်းအမျိုးမျိုးကြောင့် သွားရ မှာလည်း ကြောက်တဲ့လူတွေအတွက် အကြံပြုစကားလေး ပြောပေးပါဦးရှင့်။**

**ဦးကျော်သူရဝင်း။ ။** ကျွန်တော့်ကို လာမေးတဲ့သူတိုင်းကို အကြံပြုပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောပြ၊ ဆေးရုံ၊ ဆေးခန်းကိုသွားပါ။ Fever Clinic တွေ ဖွင့်ထားတာရှိပါတယ်။ ဆက်သွယ်ရန်လိပ်စာတွေ မြို့နယ် အလိုက်ပေးထားတာရှိတယ်။ Fever Clinic ကို ဆက်သွယ်၊ ကိုယ့်အခြေအနေကို ပြောပြပါ။ သူတို့ကို မလိုဘူး၊ ဆေးသောက်လို့ရတယ်ဆိုရင် ဆေးတိုက်ပါလိမ့်မယ်။ လွှတ်မယ်ဆိုရင်လည်း ဘယ်ကိုသွားပါဆိုပြီး လွှတ်ပါ လိမ့်မယ်။ ကုသမှုခံယူပါဆိုပြီး ကျွန်တော် အမြဲတမ်းပြောပါ တယ်။ ကျွန်တော့်အနေနဲ့ အကြံပြုချင်တာကတော့ ဖြစ်လာ ရင် ထိမ်ချန်မထားဘဲ အသိပေးပြီး ကုသမှုခံယူဖို့လိုပါတယ် လို့ အသိပေးလိုပါတယ်။

ခုန ဆရာပြောကြားသွားတာနဲ့ တစ်ဆက်တည်းပဲ စိတ်နဲ့ပတ်သက်ပြီး ကျွန်တော်က ကောင်းကောင်းမွန်မွန် သန်သန်မာမာကြီးဖြစ်ပါလျက် ဘာကြောင့် ဒီလောက်ဆိုးရွား သွားတာလဲဆိုတာ ဝေဘာဂီဆေးရုံက ဆရာကြီး၊ ဆရာမကြီး တွေဆို သိပါတယ်။ ကျွန်တော် တော်တော်လေးကို ဝေဒနာ ခံစားရတာပါ။ ဘာကြောင့်ခံစားရသလဲဆိုတော့ ကျွန်တော် ဒီလောက်မဖြစ်သင့်ဘဲ ဖြစ်သွားရတာ အချက်နှစ်ချက်ရှိပါ တယ်။ ကျွန်တော် Hotel Quarantine ဝင်တယ်။ ဖြစ်ပြီ ဆိုတာ သိလိုက်တဲ့အချိန်မှာ ပြင်းပြင်းထန်ထန်အားကစားကို လုပ်လိုက်တယ်။ အဖျားတွေ တအားတက်ပြီး ပိုဆိုးသွား တယ်လို့ထင်တယ်ဆိုတာက တစ်ချက်ပါ။

### စိုးရိမ်စိတ်များရင် ပိုပြီးဆိုး

နောက်တစ်ချက်က ကျွန်တော်က အမေ့ကို တအား စိုးရိမ်တယ်။ အဲဒီစိုးရိမ်စိတ်က ဆိုးသွားတယ်။ ကိုယ့်ကြောင့် ဖြစ်သွားရတယ်လို့ စိတ်ထဲမှာ ခံစားရတယ်။ အမေဆုံးသွား တာကို ကျွန်တော့်ကို အသိမပေးကြဘူး။ အသိပေးလိုက်ရင် ကျွန်တော် ပိုဆိုးသွားမယ်ထင်ပါတယ်။ ဆေးရုံတက်နေ တုန်း စက်တင်ဘာ ၂၅ ရက်မှာ ဆုံးသွားပါတယ်။ ဆေးရုံ တက်ပြီးတော့ တစ်ပတ်လောက် ကုသမှုခံယူတဲ့အချိန်မှာ ဆုံးသွားပါတယ်။ ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အပြင်မှာသာ ဆုံးမယ်ဆိုရင် အမေ ဒီလို ကောင်းကောင်းမွန်မွန်နဲ့ အသက်ထွက်ခွင့်ရမှာ မဟုတ်ပါ ဘူး။ ဆေးရုံမှာ ဘာမှမပူပင် မကြောင့်ကြဘဲ အေးအေး ချမ်းချမ်းနဲ့ နှလုံးသာမခုန်တော့တယ်၊ အသက်ကရှူနေ တုန်းပဲ။ အောက်ဆီဂျင်စက်တွေ ပေးထားတဲ့အတွက် အသက်ကရှူနေတုန်းအနေအထားနဲ့ သေသွားတဲ့အတွက် ကောင်းကောင်းမွန်မွန် သေသွားတယ်လို့ မြင်ပါတယ်။ အဲဒီတော့ပြောချင်တာက ဆေးရုံမှာနေတာ stress တအား များရင် ပိုပြီးတော့ဆိုးပါတယ်။ အဲဒီ stress တွေကို လျှော့ချ နိုင်မယ်ဆိုရင် ဒီလောက်ခံစားရမှာ မဟုတ်ဘူး။

**အစီအစဉ်မှူး။ ။ ဆရာ့အမေ ဆုံးသွားတာလည်း စိတ်မကောင်းပါဘူးရှင့်။ ဆရာမ အနေနဲ့ရော ဆေးရုံသွားရမှာ ကြောက်တဲ့သူတွေအတွက်ကို ကျန်းမာရေးဝန်ထမ်းတစ်ယောက်အနေနဲ့ အားပေးစကား လေး ပြောပေးပါဦးရှင့်။**

**ဒေါ်ကြည်ကြည်ဝေ။ ။** ဆေးရုံသွားရမှာ ကြောက်တဲ့သူတွေ ကို ဒီလိုမျိုးရောဂါလက္ခဏာတွေ ရှိတယ်ဆိုရင် ဆေးရုံသွားရမှာလည်း မကြောက်ဘဲနဲ့ လာခဲ့ ကြပါ။ အိမ်မှာနေမယ်၊ ရောဂါလက္ခဏာ ပိုးဆိုးလာမှဆိုရင် ဆေးရုံကိုနောက်ကျမှရောက်လာတဲ့အတွက် ကုသမှုတွေကို မရဘဲနဲ့ မလိုအပ်ဘဲ အသက်ဆုံးရှုံးမှုတွေရှိတဲ့အတွက် ဒီလိုရောဂါလက္ခဏာပေါ်လာပြီဆိုရင် စိုးရိမ်စိတ်မရှိနဲ့ သက်ဆိုင်ရာဌာနတွေကို ဆက်သွယ်ပြီး တိကျတဲ့ကုသမှု တွေကို ခံယူမယ်ဆိုရင် အသက်အန္တရာယ်လည်း မစိုးရိမ်ရ ဘူး။ မလိုလားအပ်တဲ့ ဆိုးကျိုးတွေလည်း မရတော့ဘူး။ အဲဒါကြောင့် ဆေးရုံ၊ ဆေးခန်းကို မကြောက်ဘဲ ရောဂါလက္ခဏာတွေပေါ်လာပြီဆိုရင် သက်ဆိုင်ရာဌာန တွေကို အမြန်ဆုံးဆက်သွယ်ပြီးလာကြပါလို့ ပြောချင် ပါတယ်။

**အစီအစဉ်မှူး။ ။ ဒေါက်တာမျိုးကျော်သူရှင့်။ ဆရာ့ အနေနဲ့ ကိုဗစ်ရောဂါ ကူးစက်ခံရပြီး စိတ်အားငယ်နေတဲ့သူတွေ၊ ရောဂါကူးစက်ခံရမှာကို စိုးရိမ်နေကြတဲ့သူတွေအတွက်ကိုလည်း အားပေးစကား လေး ပြောပေးပါဦးရှင့်။**

**ဒေါက်တာမျိုးကျော်သူ။ ။** ကျွန်တော် အကြံပေးချင် တာကတော့ တစ်နေ့တစ်နေ့ ဆိုရှယ်မီဒီယာက သတင်းတွေကလည်း မိဘပြည်သူတွေ အတွက်ကို စိတ်လှုပ်ရှားမှုတွေ၊ stress တွေကို ဖြစ်စေ တယ်။ အဲဒီတော့ ဆိုရှယ်မီဒီယာမှာ ဘယ်နေရာက ဘာဖြစ်သွားပြီ၊ ဘယ်နေရာက ဘာသတင်းတွေဆိုတဲ့ ကိစ္စကလည်း သတိထားပြီးတော့ ကြည့်သင့်တယ်။ ဆိုရှယ်မီဒီယာမှာပဲ တောက်လျှောက်ကြီး အချိန်မကုန် စေချင်ဘူး။ ဒီသတင်းတွေပဲဖတ်ပြီး အချိန်ကုန်နေမယ် ဆိုရင် stress တွေထပ်ပြီးဖြစ်စေမယ်။ အဲဒီတော့ တိတိ ကျကျထုတ်ပြန်နိုင်တဲ့ သတင်းဌာနတွေကို ကျွန်တော် တို့က အချိန်ကန့်သတ်ပြီးတော့ တစ်နေ့ နှစ်ကြိမ်ဖြင့် နှစ်ကြိမ်၊ သုံးကြိမ်ဖြင့်သုံးကြိမ် ကြည့်ပြီးတော့ အဲဒီသတင်း တွေအပေါ်မှာပဲ ဆုံးဖြတ်စေချင်တယ်။

မသေချာ၊ မရေမရာ တစ်ဦးတစ်ယောက်တင်လိုက်တဲ့ သတင်းတစ်ခုကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ၊ စင်တာတစ်ခုခုသွားလိုက်ရင်၊ Positive ဖြစ်သွားရင် ဒုက္ခ ရောက်စေမယ်ဆိုတဲ့ အကြောင်းအရာတွေ၊ သူတို့ရဲ့ တစ်သီးပုဂ္ဂလခံစားချက်တွေကို လိုက်ဖတ်ရင်း၊ လိုက်ဖတ် ရင်းနဲ့ အကုန်လုံးက stress တွေရပြီး စိတ်မတည်ငြိမ်မှု တွေကို မဖြစ်အောင်လုပ်စေချင်ပါတယ်။

### စိတ်တည်ငြိမ်မှုထားပြီး တွန်းလှန်

နောက်တစ်ပိုင်းက ဒီရောဂါကြီးကတော့ ရှိနေပါ တယ်။ ဖြစ်သွားခဲ့ရင်လည်း စိတ်တည်ငြိမ်မှုထား၊ အာဟာရရှိအောင်စားသောက်၊ အိပ်ရေးဝအောင်အိပ်ပြီး ကျွန်တော်တို့က တွန်းလှန်ကြရမှာဖြစ်ပါတယ်။ အဲဒီလို ပြောတဲ့အတွက် ရောဂါကူးချင်လည်းကူးပါစေ၊ ဖြစ်ချင် လည်း ဖြစ်ပါစေတော့ ဘာမှ မဖြစ်ပါဘူးဆိုပြီး ပေါ့ပေါ့ တန်တန် နေခိုင်းတာမဟုတ်ပါဘူး။

ဒါပေမယ့် တစ်ခါတစ်ခါကျရင် မရေရာ၊ မသေချာမှု တွေကို၊ စိုးရိမ်ပူပန်မှုတွေကို ပိုပြီးတက်စေပြီး လူတွေကို ပိုပြီး ဒုက္ခရောက်စေပါတယ်။ တစ်ခုခုရောဂါလက္ခဏာ ပေါ်လာပြီဆိုရင် လုပ်ပေးနိုင်တဲ့ဌာနတွေကို ဆက်သွယ် ကြည့်ပါ။ လုပ်ပေးနိုင်တဲ့ဌာနတွေနဲ့ စကားပြောကြည့်ပါ။ သူတို့ရဲ့ ကုသမှုကို ခံယူကြည့်ပါ။ သူတို့မှာ ကျွမ်းကျင် ပညာရှင်တွေ၊ SOP တွေ အဆင့်ဆင့်ရှိနေတဲ့အတွက် ဒီလူနာကတော့ ဒီမှာဆက်နေလို့ရတယ်။ ဒီလူနာကတော့ ဟိုတယ်မှာ ဆက်ကုလို့ရတယ်။ ဒီလူနာကတော့ ဆေးရုံ ကို လွှဲပြောင်းရမယ်ဆိုတဲ့ သူတို့မှာ SOP ရှိနေတဲ့အတွက် စိတ်ချယုံကြည်စွာနဲ့ သူတို့ရဲ့ ကုသမှု၊ လမ်းညွှန်မှုကို ခံယူစေချင်ပါတယ်။

တစ်ခါတလေ ခြွင်းချက်လေးတွေတော့လည်း ရှိကောင်းရှိနိုင်ပါတယ်။ အယူအဆလွဲမှားတာပဲဖြစ်ဖြစ်၊ ကံတရားကြောင့်ပဲဖြစ်ဖြစ် ဒါမျိုးတွေဖြစ်လာခဲ့ရင် လက်ခံ စေချင်တယ်။ လက်ခံဖို့လည်း ပြင်ဆင်ထားသင့်တယ်လို့ ကျွန်တော်ယူဆတယ်။

ကျွန်တော်ဆေးရုံတက်နေတုန်းမှာ ဘာတွေက အားဖြစ်စေသလဲဆိုတော့ ကျွန်တော်လည်း ဆရာဝန် တစ်ယောက်ပါပဲ။ ဒါပေမယ့် ဆရာတွေ၊ ဆရာဝန်တွေ၊ ဆရာမတွေ PPE ဝတ်ပြီး လူနာတွေအပေါ်မှာ အနီးကပ် သွေးဖောက်တယ်၊ ဆေးသွင်းတယ် ဒါတွေကို ကျွန်တော် တို့ ချီးကျူးတယ်။ လေးစားတယ်။ သူတို့ကိုပိုပြီးတော့ Encourage ဖြစ်အောင် လုပ်ပေးဖို့လိုတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ရောဂါရှိနေမှန်းသိတယ်။ ကူးနိုင်နေမှန်း သိပေမယ့် ဒါတွေကို နောက်မှာထားပြီး သူတို့ လုပ်သင့် တာတွေ လုပ်ပေးနိုင်တယ်။

နောက်တစ်ခု ပြောချင်တာက အဖျားပဲရှိရှိ၊ အောက်ဆီဂျင်ပဲကျကျ၊ အနံ့ပဲပျောက်ပျောက် ဒါတွေ ဖြစ်ခဲ့ရင် စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။ အတတ် နိုင်ဆုံး တစ်ဦးတစ်ယောက်တည်းပဲနေပါ။ သူများနဲ့ အဆက်အဆံအနည်းဆုံးနေပါ။ ပွင့်ပွင့်လင်းလင်းဆွေးနွေး တိုင်ပင်ပြီး သူတို့ရဲ့ လမ်းညွှန်မှုကို ခံယူသင့်ပါတယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# နိုဝင်ဘာ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅၉၂ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၁၂၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅၉၂) ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၈-၁၁ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂၆၃၁) ခု | (၃၈၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၅၄၁) ခု | (၁၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၀၅) ခု | (၄၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၆၀) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မုံရွာ) | (၃၁၀) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၆၇) ခု | (၅၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၃) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၄၆) ခု | (၄၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၉၂) ခု | (၃၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၂၆၀) ခု | (၆၇၅) ဦး |
| စုစုပေါင်း | (၂၁,၂၃၂) ခု | (၁၅၉၂) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၁၈-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၁,၂၃၂) ဦး | (၉၅၁,၁၁၄) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၅၉၂) ဦး | (၇၃,၃၂၂) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၄၉၀) ဦး | (၅၄,၇၆၄) ဦး |
| သေဆုံးလူနာ | (၂၅) ဦး | (၁,၆၅၀) ဦး |

- ယနေ့ သေဆုံးသူ (၂၅) ဦးအနက် ရောဂါအခံရှိသူ (၂၃) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၄၉၀) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၃၄၇) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၁၄၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၀၇၀) ဦးတွင်-
  - Hotel Quarantine - (၁၅၄) ဦး
  - Facility Quarantine - (၁၂) ဦး
  - Community Based Facility Quarantine - (၇၂၉) ဦး
  - Anosmia Center - (၁၇၅) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၆၉၇၄၆၉ | ၇၀၈၉၀၈၅ | ၂၅၄၂၉၁ |
| ၂။ | အိန္ဒိယ | ၈၉၁၃၆၄၂ | ၈၃၃၅၁၀၉ | ၁၃၁၀၄၇ |
| ၃။ | ဘရာဇီး | ၅၉၁၁၇၅၈ | ၅၃၆၁၅၉၂ | ၁၆၆၇၄၃ |
| ၄။ | ပြင်သစ် | ၂၀၃၆၇၅၅ | ၁၄၃၁၅၂ | ၄၆၂၇၃ |
| ၅။ | ရုရှား | ၁၉၉၁၉၉၈ | ၁၅၀၁၀၈၃ | ၃၄၃၈၇ |
| ၆။ | စပိန် | ၁၅၃၅၀၅၈ | စိစစ်ဆဲ | ၄၁၆၈၈ |
| ၇။ | ဗြိတိန် | ၁၄၁၀၇၃၂ | စိစစ်ဆဲ | ၅၂၇၄၅ |
| ၈။ | အာဂျင်တီးနား | ၁၃၂၉၀၀၅ | ၁၁၄၈၈၃၃ | ၃၆၁၀၆ |
| ၉။ | အီတလီ | ၁၂၃၈၀၇၂ | ၄၅၇၇၉၈ | ၄၆၄၆၄ |
| ၁၀။ | ကိုလံဘီယာ | ၁၂၁၁၁၂၈ | ၁၁၁၈၉၀၂ | ၃၄၃၈၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၇၈၇၂၀ | ၄၀၂၃၄၇ | ၁၅၅၀၃ |
| ၂။ | ဖိလစ်ပိုင် | ၄၁၂၀၉၇ | ၃၇၄၆၆၆ | ၇၉၅၇ |
| ၃။ | မြန်မာ | ၇၃၃၂၂ | ၅၄၇၆၄ | ၁၆၅၀ |
| ၄။ | စင်ကာပူ | ၅၈၁၃၅ | ၅၈၀၃၉ | ၂၈ |
| ၅။ | မလေးရှား | ၅၀၃၉၀ | ၃၇၂၅၄ | ၃၂၂ |
| ၆။ | ထိုင်း | ၃၈၈၀ | ၃၇၂၉ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၃၀၀ | ၁၁၂၄ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၀၄ | ၂၉၁ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၂၅ | ၂၃ | ၀ |

## ပွဲသိမ်းတိုက်ပွဲ

ဆိုက်သထက်ဆိုက်တဲ့ကပ်မှာ
မိုက်သထက်မိုက်လို့မဖြစ်ဘူး။
ရိုက်ချက်ပြင်းပြင်းအောက်မှာ
လည်စင်းခံရတာ ဒုန်နဲ့ဒေး။
မထူးဇာတ်ခင်းလေ
အလူးအလဲခံရလေလေ။
မကြောက်တော့ခြင်းဟာ
ပိုကြောက်ဖို့ကောင်းတာအမှန်ပဲ။
အလဲအကွဲတွေကြားမှာ
ရဲရင့်နေရတဲ့ သူတို့ရှိတယ်။
တစ်လှေတည်း စီးခဲ့ရသူတွေ
တစ်ချိန်တည်း လွတ်မြောက်ဖို့
တစ်ညီတည်း
အားထုတ်ဖို့မသင့်ဘူးလား။
ကျန်ရှိနေခြင်းအတူတူ
သူတို့ဟာ အသက်တွေကယ်တင်ဖို့
တိုက်ပွဲဝင်နေတယ်။
ငါတို့ဟာ စည်းကမ်းတွေကို
ပြက်ရယ်မပြုဖို့လိုမယ်။
ကိုယ်တိုင်ထိန်းမှ သိမ်းမယ့်ပွဲမှာ
တာဝန်သိတတ်ခြင်းဟာ
ငါတို့နိုင်ငံကို ကယ်တင်ခြင်းပါပဲ။

မျက်ပွင့်(ဆေး-၂)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# အခြေခံကျန်းမာရေးကောင်းဖို့အရေးကြီး



မကြာခင်ကာလမှာ ရုပ်မြင်သံကြားကနေတစ်ဆင့် အွန်လိုင်းကနေပြီး ကျန်းမာရေးကောင်းဖို့အတွက် ရည်ရွယ်ထားတဲ့ အကပြိုင်ပွဲတွေလည်းလုပ်ဖို့ စီစဉ်နေပါတယ်။ ပြည်သူတွေအနေနဲ့ အကတော်ရင် ဆုလည်းရနိုင်တယ်။ ဒါလုပ်ခြင်းအားဖြင့် စိတ်သက်သာမှုလည်း ရနိုင်တယ်။ ကျန်းမာရေးလည်း ပိုပြီးတိုးတက်နိုင်ပါတယ်။ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ကျွန်မအကြိမ်ကြိမ်အခါခါ ပြောပါတယ်။ အခြေခံကျန်းမာရေးကောင်းတဲ့ ပုဂ္ဂိုလ်များဟာ ဒီရောဂါရရင်တောင်မှ သိပ်ပြီးပြင်းပြင်းထန်ထန်မခံစားရပါဘူး။ ဒါကြောင့် အခြေခံကျန်းမာရေးကောင်းဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ နိုင်ငံမှာသာမက တခြားနိုင်ငံတွေမှာလည်း အခုတွေ့လာရတာတော့ ဆီးချိုရောဂါသည်များဟာ ကိုဗစ်ရောဂါကို သိပ်ပြီးတော့ သတိထားရပါလိမ့်မယ်။ ဆီးချိုရောဂါအခံရှိတယ်ဆိုရင် ကိုဗစ်ရောဂါရတဲ့အခါ ပြင်းထန်တတ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိတဲ့ပြည်သူတွေ တော်တော်များပါတယ်။ ဒါကတော့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အားနည်းချက်တွေ ရှိခဲ့လို့ပါ။ ကျွန်မတို့ ဒါတွေကိုလည်း ပြုပြင်ပြောင်းလဲဖို့ လုပ်နေပါတယ်။ ဒါပေမယ့် ဒီလိုအခြေခံကျန်းမာရေး ကောင်းတယ်ဆိုတာ နေ့ချင်း၊ ညချင်း မဖြစ်သွားပါဘူး။ နှစ်ပေါင်းများစွာ၊ ပြောရမယ်ဆိုရင် အမိဝမ်းတွင်းကတည်းက စတယ်လို့တောင် ပြောလို့ရပါတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်မိခင်များကို ကလေးသန္ဓေတည်တာနဲ့ စပြီးတော့ ဂရုစိုက်ရတယ်။ ကလေးလွတ်တဲ့အထိ အထူးဂရုစိုက်ပြီးတော့ ပံ့ပိုးတာတွေ လုပ်နေတာဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၆-၁၁-၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၈-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ**

၁။ (၁၇-၁၁-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၅၆၉) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၇၅ |
| | | မြောက်ဥက္ကလာပ | ၆၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၆၃ |
| | | သန်လျင် | ၅၈ |
| | | ရွှေပြည်သာ | ၅၆ |
| | | တောင်ဥက္ကလာပ | ၅၂ |
| | | သင်္ဃန်းကျွန်း | ၄၉ |
| | | အင်းစိန် | ၄၇ |
| | | သာကေတ | ၄၅ |
| | | မှော်ဘီ | ၄၄ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၄၂ |
| | | မရမ်းကုန်း | ၄၁ |
| | | ကမာရွတ်* | ၄၀ |
| | | စမ်းချောင်း | ၃၈ |
| | | လှိုင်သာယာ | ၃၆ |
| | | ဒေါပုံ | ၂၈ |
| | | ကြည့်မြင်တိုင် | ၂၃ |
| | | ဒဂုံဆိပ်ကမ်း | ၂၂ |
| | | ထန်းတပင် | ၂၂ |
| | | လှည်းကူး | ၂၀ |
| | | ကျောက်တန်း | ၂၀ |
| | | လှိုင် | ၁၇ |
| | | တာမွေ | ၁၇ |
| | | မင်္ဂလာတောင်ညွန့် | ၁၆ |
| | | လမ်းမတော် | ၁၅ |
| | | ဗိုလ်တထောင် | ၁၃ |
| | | ရန်ကင်း | ၁၀ |
| | | တိုက်ကြီး | ၉ |
| | | ဗဟန်း | ၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၇ |
| | | ကော့မှူး | ၆ |
| | | ကျောက်တံတား | ၆ |
| | | ဒဂုံ | ၆ |
| | | ဆိပ်ကြီးခနောင်တို | ၆ |
| | | အလုံ | ၅ |
| | | ဒလ | ၄ |
| | | လသာ | ၄ |
| | | ပုဇွန်တောင် | ၃ |
| | | ကွမ်းခြံကုန်း | ၃ |
| | | တွံတေး | ၃ |
| | | ခရမ်း | ၂ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၁,၀၄၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၄၇ |
| | | အောင်မြေသာစံ | ၄၄ |
| | | အမရပူရ | ၂၅ |
| | | မဟာအောင်မြေ | ၂၃ |
| | | ချမ်းမြသာစည် | ၂၁ |
| | | သာစည် | ၁၉ |
| | | ပုသိမ်ကြီး | ၁၆ |
| | | တောင်သာ | ၁၀ |
| | | မိုးကုတ် | ၈ |
| | | မြင်းခြံ | ၃ |
| | | ပြည်ကြီးတံခွန် | ၂ |
| | | ကျောက်ပန်းတောင်း | ၂ |
| | | ကျောက်ဆည် | ၂ |
| | | နွားထိုးကြီး | ၁ |
| | | ငါန်းဇွန် | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | စုစုပေါင်း | ၂၂၄ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၈ |
| | | ဝေါ | ၂၈ |
| | | အုတ်ဖို | ၆ |
| | | ညောင်လေးပင် | ၆ |
| | | လက်ပံတန်း | ၆ |
| | | တောင်ငူ | ၅ |
| | | ဖြူး | ၂ |
| | | ပေါက်ခေါင်း | ၂ |
| | | ပြည် | ၂ |
| | | သာယာဝတီ | ၁ |
| | | ကဝ | ၁ |
| | | ရေတာရှည် | ၁ |
| | | စုစုပေါင်း | ၉၈ |
| ၄။ | မကွေးတိုင်းဒေသကြီး | စလင်း | ၁၆ |
| | | မြို့သစ် | ၁၄ |
| | | မကွေး | ၁၂ |
| | | နတ်မောက် | ၇ |
| | | တောင်တွင်းကြီး | ၇ |
| | | ပခုက္ကူ | ၅ |
| | | ပေါက် | ၅ |
| | | အောင်လံ | ၄ |
| | | ဂန့်ဂေါ | ၂ |
| | | မင်းတုန်း | ၂ |
| | | သရက် | ၂ |
| | | ချောက် | ၁ |
| | | မင်းဘူး | ၁ |
| | | မင်းလှ | ၁ |
| | | ဆိပ်ဖြူ | ၁ |
| | | မြိုင် | ၁ |
| | | စုစုပေါင်း | ၈၀ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ | ၁၂ |
| | | လပွတ္တာ | ၈ |
| | | ပန်းတနော် | ၆ |
| | | ပုသိမ် | ၄ |
| | | မော်လမြိုင်ကျွန်း | ၄ |
| | | ကျိုက်လတ် | ၂ |
| | | ဒေးဒရဲ | ၂ |
| | | ဟင်္သာတ | ၂ |
| | | ကျောင်းကုန်း | ၂ |
| | | ဘိုကလေး | ၂ |
| | | ညောင်တုန်း | ၁ |
| | | ရေကြည် | ၁ |
| | | မြန်အောင် | ၁ |
| | | ဇလွန် | ၁ |
| | | မြောင်းမြ | ၁ |
| | | စုစုပေါင်း | ၄၉ |
| ၆။ | မွန်ပြည်နယ် | သထုံ | ၁၅ |
| | | ကျိုက်ထို | ၃ |
| | | ချောင်းဆုံ | ၂ |
| | | စုစုပေါင်း | ၂၀ |
| ၇။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၁၁ |
| | | ဘားအံ | ၅ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၈။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈ |
| | | မောင်တော | ၇ |
| | | ကျောက်ဖြူ | ၁ |
| | | မြောက်ဦး | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၉။ | ရှမ်းပြည်နယ် | လားရှိုး | ၅ |
| | | ကလော | ၃ |
| | | တာချီလိတ် | ၁ |
| | | ကျောက်မဲ | ၁ |
| | | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း | ၅ |
| | | ဘုတ်ပြင်း | ၃ |
| | | မြိတ် | ၁ |
| | | စုစုပေါင်း | ၉ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၃ |
| | | ကလေး | ၁ |
| | | တမူး* | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၂။ | ချင်းပြည်နယ် | ဟားခါး | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၃။ | ကယားပြည်နယ် | လွိုင်ကော် | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၄။ | နေပြည်တော် | ပျဉ်းမနား | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၅။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁၇-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၅၆၉) ဦး |

* ကမာရွတ်မြို့နယ်မှ (၈)ဦးနှင့် တမူးမြို့နယ်မှ (၁)ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၁၇-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၅၆၉) ဦးတွင် အနံ့မရရှိသူ (၁၉၅) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# Stay at Home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

(ယမန်နေ့မှအဆက်)

၃-၁၁-၂၀၂၀ ရက်နေ့မှ ၁၃-၁၁-၂၀၂၀ ရက်နေ့အထိ
လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ဆက်လက်ခွင့်ပြုထုတ်ပေးခဲ့သည့်
စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၅၂၆ | 17001.31.4.2.42 | City Baby Mart | ၇ | ၂၂၄,၀၀၀.၀၀ |
| ၅၂၇ | 17001.31.4.2.52 | Proven Technology Industry | ၅ | ၄၀၄,၀၀၀.၀၀ |
| ၅၂၈ | 17001.31.5.2.5 | Sun Telenor Dirtribution | ၂၃ | ၁,၃၄၄,၀၀၀.၀၀ |
| ၅၂၉ | 17001.31.5.2.28 | Unlimited Channel Co.,Ltd | ၇ | ၄၂၀,၀၀၀.၀၀ |
| ၅၃၀ | 17001.31.6.2.19 | Sun MI | ၃ | ၁၈၆,၀၀၀.၀၀ |
| ၅၃၁ | 17001.31.7.2.16 | Solar Home Myanmar | ၄၉ | ၃,၇၃၆,၀၀၀.၀၀ |
| ၅၃၂ | 7001.39.3.2.105 | Max Highway(Tharyaraye) | ၇၅ | ၇,၁၁၄,၀၀၀.၀၀ |
| ၅၃၃ | 7001.39.1.2.217 | ဂျူနီညီနောင်ပွဲရုံ | ၅ | ၁၀၀,၀၀၀.၀၀ |
| ၅၃၄ | 7001.39.5.2.16 | World Best | ၄၁ | ၂,၄၇၇,၂၀၀.၀၀ |
| ၅၃၅ | 10006.37.1.2.40 | MTWI Co.,Ltd | ၂၅ | ၁,၄၄၀,၀၀၀.၀၀ |
| ၅၃၆ | 10006.37.1.2.51 | Road To Mandalay | ၁၃ | ၁,၃၃၄,၅၄၈.၄၀ |
| ၅၃၇ | 10006.37.1.2.75 | ဒေါ်ခင်စိုးရီစက်ယက္ကန်း | ၅ | ၁၀၀,၀၀၀.၀၀ |
| ၅၃၈ | 10006.37.1.2.90 | စိန်သံရည်ကျို | ၈ | ၁၉၂,၀၀၀.၀၀ |
| ၅၃၉ | 10006.37.1.2.163 | ဒေါ်စောရှင်ချိတ်ယက္ကန်း | ၃ | ၆၀,၀၀၀.၀၀ |
| ၅၄၀ | 10006.37.1.2.178 | ဦးသိန်းငွေယက္ကန်း | ၅ | ၁၀၀,၀၀၀.၀၀ |
| ၅၄၁ | 10006.37.1.2.229 | ဆန်းသစ် ပါဝါစက္ကူ | ၉၁ | ၅,၃၄၂,၄၀၀.၀၀ |
| ၅၄၂ | 10006.37.4.2.16 | ကောင်းစွမ်းထက်ကုမ္ပဏီ | ၇၃ | ၆,၄၅၉,၆၀၀.၀၀ |
| ၅၄၃ | 10006.37.4.2.25 | ကျင်းလုံမြန်မာကုမ္ပဏီ | ၁၇ | ၉၉၂,၈၀၀.၀၀ |
| ၅၄၄ | 10006.37.5.2.14 | ရွှေလဂိုဒေါင်သီးနှံ | ၅ | ၂၈၈,၀၀၀.၀၀ |
| ၅၄၅ | 10006.37.8.2.16 | Min Dhama Co.,Ltd | ၂၃ | ၂,၂၆၈,၄၇၄.၄၀ |
| ၅၄၆ | 10006.37.8.2.27 | စိန်သံရည်ကျို(မင်းရွာ) | ၇ | ၂၈၀,၀၀၀.၀၀ |
| ၅၄၇ | 7001.39.3.2.127 | စိန်မျှားဆေးလိပ် | ၁၀ | ၂၈၀,၀၀၀.၀၀ |
| ၅၄၈ | 7001.39.2.2.107 | Sunjin Myanmar Co., Ltd. | ၂၄ | ၂,၈၂၈,၈၀၀.၀၀ |
| ၅၄၉ | 7001.39.2.2.108 | KM Healthcare Myanmar Co., Ltd. | ၉၁၀ | ၅၁,၂၃၇,၆၄၈.၃၃ |
| ၅၅၀ | 7001.39.2.2.115 | Delta AIG Co., Ltd. | ၁၁၈ | ၇,၂၈၀,၁၉၀.၇၉ |
| ၅၅၁ | 7001.39.2.2.153 | ရွှေရိုးမစတားကုမ္ပဏီလီမိတက် (Shoes) | ၇၂ | ၂,၁၃၃,၁၂၀.၀၀ |
| ၅၅၂ | 7001.39.2.2.156 | Bago Sports Gloves Co., Ltd. | ၆၇၄ | ၃၈,၆၈၈,၅၂၀.၀၀ |
| ၅၅၃ | 7001.39.3.2.101 | Bellmart Myanmar Garment Co., Ltd. | ၅၀၂ | ၂၈,၈၃၈,၁၆၀.၀၀ |
| ၅၅၄ | 7001.39.3.2.102 | Greatman Myanmar Garment Co., Ltd. | ၇၀၄ | ၃၉,၉၀၁,၉၂၀.၀၀ |
| ၅၅၅ | 7001.39.4.2.19 | Goldenberg Plastic Metal Co., Ltd. (အင်းတကော်) | ၁၇၆ | ၉,၉၈၁,၄၄၀.၀၀ |
| ၅၅၆ | 7001.39.6.2.5 | LUNG SHIN Co.,Ltd | ၅၆ | ၃,၆၅၉,၂၀၀.၀၀ |
| ၅၅၇ | 7001.39.5.2.27 | Amity Myanmar Co., Ltd. | ၁,၃၈၄ | ၇၆,၆၈၉,၉၈၄.၀၀ |
| ၅၅၈ | 7001.39.6.2.26 | Belle Maison Mable Garment Co., Ltd. | ၁၄၅ | ၇,၇၆၂,၅၆၀.၀၀ |
| ၅၅၉ | 7001.39.7.2.5 | Myanmar Sunrun Garment | ၃၁၉ | ၁၇,၃၇၉,၈၄၀.၀၀ |
| ၅၆၀ | 7001.39.7.2.6 | Sudey Industrial Myanmar | ၁,၀၅၇ | ၅၂,၄၄၈,၆၄၀.၀၀ |
| ၅၆၁ | 7001.39.7.2.37 | Activo | ၄၆ | ၂,၈၈၀,၀၀၀.၀၀ |
| ၅၆၂ | 7001.39.7.2.40 | Tan Chong Motor Myanmar | ၂၁၁ | ၂၂,၄၅၅,၃၆၈.၀၀ |
| ၅၆၃ | 13001.37.1.2.300 | Dragon State Limited | ၂,၅၁၂ | ၁၄၁,၃၉၈,၁၀၀.၀၀ |
| ၅၆၄ | 13001.37.1.2.388 | Royal Club Beverages Co.,Ltd | ၃၈၄ | ၂၂,၁၁၈,၄၀၀.၀၀ |
| ၅၆၅ | 13001.37.2.2.106 | Yangon Stone | ၁၀ | ၆၁၁,၂၀၀.၀၀ |
| ၅၆၆ | 13001.37.2.2.109 | ကြံ့မင်းသံသပိတ်လုပ်ငန်း | ၂ | ၆၄,၀၀၀.၀၀ |
| ၅၆၇ | 13001.37.2.2.110 | အံ့တံဆိပ်ရိုက်လုပ်ငန်း | ၂ | ၈၆,၄၀၀.၀၀ |
| ၅၆၈ | 13001.37.2.2.165 | Nector Store | ၄ | ၁၂၈,၀၀၀.၀၀ |
| ၅၆၉ | 13001.37.2.2.169 | EMC | ၅,၉၉၀ | ၃၇၀,၈၁၉,၆၈၀.၀၀ |
| ၅၇၀ | 13001.37.2.2.188 | ဘုန်းမြတ်ကျော်စွာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | ၇ | ၄၅၀,၄၀၀.၀၀ |
| ၅၇၁ | 13001.37.2.2.189 | Myo Painting Group | ၃၈ | ၂,၁၈၈,၈၀၀.၀၀ |
| ၅၇၂ | 13001.37.2.2.214 | Linda Fashion Co.,Ltd | ၃၆၅ | ၂၁,၅၁၉,၆၀၀.၀၀ |
| ၅၇၃ | 13001.37.3.2.44 | Designtime Myanmar | ၁,၀၅၉ | ၆၁,၀၁၂,၈၀၀.၀၀ |
| ၅၇၄ | 13001.37.5.2.33 | Savvy International Co.,Ltd | ၂၆ | ၂,၃၁၁,၆၀၀.၀၀ |
| ၅၇၅ | 13001.37.6.2.11 | သုဟန်စည် ကုမ္ပဏီလီမိတက် | ၃၂ | ၃,၃၈၀,၀၀၀.၀၀ |
| ၅၇၆ | 13001.37.6.2.19 | Kaung Wai & Sister Manufacturing | ၁၄ | ၁,၀၈၈,၀၀၀.၀၀ |
| ၅၇၇ | 13001.37.6.2.26 | Royal King Land Co.,Ltd | ၆ | ၇၀၀,၀၀၀.၀၀ |
| ၅၇၈ | 13001.37.6.2.48 | Myanmar Byter Agro Tech Co.,Ltd | ၅၁ | ၃,၃၇၄,၄၀၀.၀၀ |
| ၅၇၉ | 13001.37.6.2.61 | Myanmar Kete Co.,Ltd | ၁၃ | ၈၇၃,၆၀၀.၀၀ |
| ၅၈၀ | 13001.37.7.2.4 | Htoo Myat Myanmar | ၃၆ | ၃,၆၈၈,၀၀၀.၀၀ |
| ၅၈၁ | 13008.313.1.2.82 | ဦးငွေငြိမ်း-ပီပါခွံ | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၅၈၂ | 13008.313.1.2.167 | မြန်မာ့သြဘာစက်မှုကုမ္ပဏီ | ၁၉၀ | ၁၉,၇၅၃,၆၀၀.၀၀ |
| ၅၈၃ | 13008.313.1.2.225 | အကယ်ဒမီ ကြွေဂျီးချွတ်ဆေး | ၃၃ | ၁,၉၀၀,၈၀၀.၀၀ |
| ၅၈၄ | 13008.313.1.2.228 | စက်ဘီးမတ်ကတ် | ၃ | ၈၄,၀၀၀.၀၀ |
| ၅၈၅ | 13008.313.4.2.28 | Yoo Win | ၁,၁၁၂ | ၆၂,၈၅၉,၃၆၀.၀၀ |
| ၅၈၆ | 13008.313.1.2.333 | ကြိုးကြာဖြူ | ၁၇ | ၉၅၄,၂၄၀.၀၀ |
| ၅၈၇ | 13008.313.1.2.353 | သောင်းဝင်း စက်မှုလက်မှု | ၁၃ | ၁,၀၀၁,၀၀၀.၀၀ |
| ၅၈၈ | 13008.313.1.2.368 | ဦးမြင့်ရွှေသစ်စက် | ၅ | ၁၄၀,၀၀၀.၀၀ |
| ၅၈၉ | 13008.313.1.2.374 | မိသားစုဖယောင်းတိုင် | ၅ | ၁၄၀,၀၀၀.၀၀ |
| ၅၉၀ | 13008.313.1.2.385 | လှကမ္ဘာ ပလပ်စတစ် | ၅ | ၁၄၀,၀၀၀.၀၀ |
| ၅၉၁ | 13008.313.1.2.387 | ဦးငွေလွင်ဂေါ်ပြား | ၆ | ၁၆၈,၀၀၀.၀၀ |
| ၅၉၂ | 13008.313.1.2.452 | Khine Myanmar Honest Group Co.,Ltd Lucky Shoe | ၄၁ | ၂,၃၆၃,၅၂၀.၀၀ |
| ၅၉၃ | 13008.313.1.2.518 | Myanmar Japan Production | ၂၈ | ၁,၆၁၂,၈၀၀.၀၀ |
| ၅၉၄ | 13008.313.1.2.548 | ခပေါင်းရွှေရည်အရက်ချက်စက်ရုံ | ၃၄ | ၂,၀၆၄,၀၀၀.၀၀ |
| ၅၉၅ | 13008.313.1.2.703 | Gold Asia Rubber | ၃ | ၁၇၂,၈၀၀.၀၀ |
| ၅၉၆ | 13008.313.1.2.705 | Top သိုလှောင်ရုံ | ၁၆ | ၉၂၈,၀၀၀.၀၀ |
| ၅၉၇ | 13008.313.2.2.24 | Print House Offset | ၆ | ၃၇၂,၀၀၀.၀၀ |
| ၅၉၈ | 13008.313.2.2.26 | ရှုပရွက်ဖြန့်ဓာတ်မြေသြဇာ | ၁၁ | ၇၁၅,၂၀၀.၀၀ |
| ၅၉၉ | 13008.313.2.2.96 | M.A.B.G Co.,Ltd | ၅ | ၂၈၈,၀၀၀.၀၀ |
| ၆၀၀ | 13008.313.3.2.94 | တက်နေဝန်းပလပ်စတစ်အိတ် | ၃ | ၈၄,၀၀၀.၀၀ |
| ၆၀၁ | 13008.313.3.2.102 | ဦးသောင်းလင်းဘတ္တီရီကလစ် | ၃ | ၈၄,၀၀၀.၀၀ |
| ၆၀၂ | 13008.313.3.2.109 | Grand Hill Trading Co.,Ltd | ၃ | ၁၀၄,၀၀၀.၀၀ |
| ၆၀၃ | 13008.313.3.2.112 | အောင်ဇော်ဦးလုံခြုံရေးနှင့် အထွေထွေဝန်ဆောင်မှုကုမ္ပဏီ | ၅၀ | ၂,၉၅၀,၀၀၀.၀၀ |
| ၆၀၄ | 13008.313.3.2.118 | သိုလှောင်ရုံလုပ်ငန်း(ဦးတင်ဦး) | ၉ | ၅၁၈,၄၀၀.၀၀ |
| ၆၀၅ | 13008.313.3.2.139 | Rising Sun paints | ၁၇ | ၁,၀၅၅,၂၀၀.၀၀ |
| ၆၀၆ | 13008.313.4.2.54 | Wealth Champ Myanamr Co,Ltd | ၂၄ | ၁,၃၈၂,၄၀၀.၀၀ |
| ၆၀၇ | 13008.313.4.2.116 | MYANMAR PRECISION CO.,LTD | ၁၆ | ၁,၄၄၆,၀၀၀.၀၀ |
| ၆၀၈ | 13008.313.5.2.44 | Forsen HK (Yangon) Co.,Ltd | ၄၁ | ၂,၃၆၁,၆၀၀.၀၀ |
| ၆၀၉ | 13008.313.5.2.50 | အာရှသားပိုက်ဖာလုပ်ငန်း | ၆ | ၂၅၉,၂၀၀.၀၀ |
| ၆၁၀ | 13008.313.5.2.61 | ဒေဝင်အုပ်စုကုမ္ပဏီလီမိတက် | ၃၇ | ၃,၄၇၆,၀၀၀.၀၀ |
| ၆၁၁ | 13008.313.5.2.107 | MEO TRANSFOMER & SWITCHGEAR | ၉ | ၃၈၈,၈၀၀.၀၀ |
| ၆၁၂ | 13008.313.6.2.58 | SPA Marketing Limited | ၄၅ | ၅,၃၀၉,၈၀၈.၀၀ |
| ၆၁၃ | 13008.313.6.2.106 | Yangon Nine Tripods Engineering And Decoration Co.,Ltd | ၄၈ | ၂,၇၆၄,၈၀၀.၀၀ |
| ၆၁၄ | 13008.313.6.2.193 | Jieyao Heying (M) Automation Equipment Co.,Ltd | ၂၇ | ၁,၆၈၀,၀၀၀.၀၀ |
| ၆၁၅ | 13008.313.6.2.198 | JERRY TEXTILE Co.,Ltd | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၆၁၆ | 13008.313.6.2.206 | Kin Ding Construction Co.,Ltd | ၁၄ | ၈၀၆,၄၀၀.၀၀ |
| ၆၁၇ | 13008.313.7.2.10 | Peng Da Co;Ltd | ၃၉ | ၂,၀၁၆,၉၆၀.၀၀ |
| ၆၁၈ | 13008.313.7.2.55 | Yangon Htantabin Techonology Park Co.,Ltd | ၁၃ | ၁,၄၇၀,၆၁၃.၂၀ |
| ၆၁၉ | 13008.313.7.2.56 | JIN HUI PRINTING PACKING Co.,Ltd | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၆၂၀ | 13008.313.7.2.57 | Jiangsu Zhenjiang Installation Group | ၂၄ | ၁,၄၄၀,၀၀၀.၀၀ |
| ၆၂၁ | 13008.313.7.2.185 | BAO FENG PRINTING (MYANMAR)CO.LTD | ၄၃ | ၂,၄၇၆,၈၀၀.၀၀ |
| ၆၂၂ | 13008.313.7.2.207 | Xing Wang Da Carton Box | ၁၉ | ၁,၀၉၈,၂၄၀.၀၀ |
| ၆၂၃ | 13008.313.8.2.33 | Mai Yi Bei(Yangon) Garment Manufacturing Co., Ltd | ၅၉၉ | ၃၀,၇၅၄,၈၈၀.၀၀ |
| ၆၂၄ | 13018.31.1.2.11 | Myanmar Ha Hae Co;Ltd | ၂,၂၃၃ | ၁၂၂,၅၂၅,၉၄၇.၈၀ |
| ၆၂၅ | 13018.31.1.2.119 | Authertic Timber Technology | ၅ | ၃၆၂,၈၈၀.၀၀ |
| ၆၂၆ | 13018.31.1.2.130 | Sun Light Fiber Glass | ၃၃ | ၁,၉၀၀,၈၀၀.၀၀ |
| ၆၂၇ | 13018.31.1.2.419 | Asia World (Woven Bag Factory) | ၄၄၉ | ၂၆,၆၁၉,၂၀၀.၀၀ |
| ၆၂၈ | 13018.31.1.2.41 | ဦးမြင့်သန်း တွင်ခုံ | ၄ | ၁၂၈,၀၀၀.၀၀ |
| ၆၂၉ | 13018.31.1.2.444 | Deodar Park Plastic Industry | ၁၁၁ | ၇,၄၂၄,၈၀၀.၀၀ |
| ၆၃၀ | 13018.31.4.2.109 | Arao Company Limited | ၃,၄၇၁ | ၁၈၄,၄၃၀,၄၀၂.၉၉ |
| ၆၃၁ | 13018.31.7.2.23 | ARDE Co.,Ltd. | ၁၁၆ | ၆,၈၁၁,၂၀၀.၀၀ |
| ၆၃၂ | 13019.32.8.2.43 | Kyaw & Thiri Myanmar Co.,Ltd | ၂ | ၂၀၀,၀၀၀.၀၀ |
| ၆၃၃ | 13033.36.2.2.337 | IGE Energy Co.,ltd | ၄၄ | ၄,၈၁၀,၀၀၀.၀၀ |
| ၆၃၄ | 13033.36.2.2.341 | Leone King Rest & Supply | ၂၄ | ၁,၃၈၉,၆၀၀.၀၀ |
| ၆၃၅ | 13033.36.5.2.6 | Fujita Corporation | ၁၉၂ | ၂၂,၃၈၀,၀၀၀.၀၀ |
| ၆၃၆ | 13033.36.5.2.66 | Brainchild Commumication Myanmar | ၂၁ | ၂,၄၇၂,၀၀၀.၀၀ |
| ၆၃၇ | 13033.36.6.2.48 | Thai Shinryo Limited Myanmar Branch | ၇၃ | ၈,၇၆၀,၀၀၀.၀၀ |
| ၆၃၈ | 13033.310.1.2.221 | အောင်အောင်အပ်ချုပ် | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၆၃၉ | 13033.310.1.2.238 | ပညာအလင်းပြပုံနှိပ်တိုက် | ၆ | ၂၂၈,၀၀၀.၀၀ |
| ၆၄၀ | 13033.310.1.2.239 | ပညာအလင်းပြစာအုပ်တိုက် | ၃ | ၁၂၄,၀၀၀.၀၀ |
| ၆၄၁ | 13033.310.1.2.383 | Reva Co.,Ltd | ၆၇ | ၄,၆၂၉,၀၀၀.၀၀ |
| ၆၄၂ | 13033.310.1.2.415 | ဦးကျင်ဦးပေါ်ပြူလာ ပလပ်စတစ် | ၅၂ | ၄,၁၀၇,၀၄၀.၀၀ |
| ၆၄၃ | 13033.310.1.2.416 | ဒေါ်ကြည်ကြည်အေး စာအုပ်ချုပ် | ၄ | ၈၀,၀၀၀.၀၀ |
| ၆၄၄ | 13033.310.1.2.417 | ရွှေပုစွန်ကုမ္ပဏီလီမိတက် | ၂၇၁ | ၂၅,၂၄၄,၈၀၀.၀၀ |
| ၆၄၅ | 13033.310.1.2.422 | ဦးလှဒင်နှင့်သားများဆုတံဆိပ် လုပ်ငန်း | ၁ | ၂၀,၀၀၀.၀၀ |
| ၆၄၆ | 13033.310.1.2.423 | ထူးထိုက်ဟိန်းဟိုတယ် | ၃ | ၆၀,၀၀၀.၀၀ |
| ၆၄၇ | 13033.310.1.2.438 | အကယ်ဒမီစာအုပ်ချုပ် | ၆ | ၂၄၀,၀၀၀.၀၀ |
| ၆၄၈ | 13033.310.1.2.462 | သီရိစံအိမ်ဟိုတယ် | ၈ | ၄၆၀,၈၀၀.၀၀ |
| ၆၄၉ | 13033.310.1.2.502 | စိန်တံခွန်ဟိုတယ် | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၆၅၀ | 13033.310.1.2.582 | Pixel World Cameras & Electronic | ၆ | ၂၄၀,၀၀၀.၀၀ |
| ၆၅၁ | 13033.310.1.2.610 | ဒဂုံကျော် ကုမ္ပဏီလီမိတက် | ၇ | ၃၁၆,၀၀၀.၀၀ |
| ၆၅၂ | 13033.310.1.2.670 | ရွှေလွန်းပျံ Fashion | ၅ | ၁၆၀,၀၀၀.၀၀ |
| ၆၅၃ | 13033.310.1.2.681 | ထိပ်တန်းပုံနှိပ်တိုက် | ၃ | ၁၈၀,၀၀၀.၀၀ |
| ၆၅၄ | 13033.310.2.2.17 | ထိပ်တန်းပုံနှိပ်တိုက် | ၄ | ၂၄၀,၀၀၀.၀၀ |
| ၆၅၅ | 13033.310.2.2.102 | Trust Link Co., Ltd. | ၈၁ | ၆,၇၀၅,၆၀၀.၀၀ |
| ၆၅၆ | 13033.310.2.2.152 | Office Hub Services (Myanmar) Co.,Ltd | ၂ | ၂၁၆,၀၀၀.၀၀ |
| ၆၅၇ | 13033.310.2.2.207 | ချမ်းမြေ့ကံ့ကော်ရောင်းဝယ်ရေး | ၂ | ၁၂၀,၀၀၀.၀၀ |
| ၆၅၈ | 13033.310.3.2.120 | Ascent Corporate Solutions Ltd | ၅ | ၆၀၀,၀၀၀.၀၀ |
| ၆၅၉ | 13033.310.4.2.131 | PEB Indochina Ltd (Myanmar Branch) | ၂၈ | ၃,၂၈၂,၀၀၀.၀၀ |
| ၆၆၀ | 13033.310.4.2.135 | VIP Hair Saloon | ၁ | ၄၀,၀၀၀.၀၀ |
| ၆၆၁ | 13033.310.4.2.180 | Star Light Co.,Ltd | ၁၈ | ၁,၁၃၂,၀၀၀.၀၀ |
| ၆၆၂ | 13033.310.5.2.46 | Seven Colour Trading Co.,Ltd | ၆ | ၃၅၀,၄၀၀.၀၀ |
| ၆၆၃ | 13033.310.1.2.185 | လက်ဝါး လက်ဖက်ခြောက် | ၂ | ၆၄,၀၀၀.၀၀ |
| ၆၆၄ | 13033.310.1.2.173 | Master Key Co.,Ltd | ၁၂ | ၇၂၄,၀၀၀.၀၀ |
| ၆၆၅ | 13033.310.1.2.214 | မာကျူရီပုံနှိပ်တိုက် | ၂ | ၈၀,၀၀၀.၀၀ |
| ၆၆၆ | 13033.310.7.2.79 | Perfect Pwint Oo Co.,Ltd | ၅ | ၃၉၈,၀၀၀.၀၀ |
| ၆၆၇ | 13033.310.7.2.91 | Bright Property Services Co., Ltd. | ၁၇ | ၁,၉၆၀,၀၀၀.၀၀ |
| ၆၆၈ | 13033.310.8.2.10 | Perfect Pwint Oo Co., Ltd. | ၇၉ | ၇,၈၂၄,၀၀၀.၀၀ |
| ၆၆၉ | 13033.310.8.2.13 | လပ်ကီးရတနာ ကုမ္ပဏီလီမိတက် | ၈၉ | ၈,၀၅၆,၀၀၀.၀၀ |
| ၆၇၀ | 13033.310.1.2.394 | Golden Horse Furniture | ၈ | ၃၄၅,၆၀၀.၀၀ |
| ၆၇၁ | 13041.33.1.2.131 | Modern-Tech Trading Co.,Ltd | ၁၇ | ၁,၄၂၀,၀၀၀.၀၀ |
| ၆၇၂ | 13041.38.2.2.152 | Fortuner အလူမီနီယမ် | ၂ | ၃၂,၀၀၀.၀၀ |
| ၆၇၃ | 13041.38.2.2.168 | မြတ်မဟော် | ၂ | ၂၄၀,၀၀၀.၀၀ |
| ၆၇၄ | 13041.38.2.2.169 | မြတ်မဟော်ဆောက်လုပ်ရေး | ၁ | ၁၂၀,၀၀၀.၀၀ |
| ၆၇၅ | 13041.38.2.2.267 | RIEC Group of Co., | ၁၀ | ၅၈၀,၀၀၀.၀၀ |
| ၆၇၆ | 13041.38.2.2.279 | MY Associates Co.Ltd | ၁၆ | ၁,၅၂၀,၀၀၀.၀၀ |
| ၆၇၇ | 13041.38.2.2.305 | Sky One | ၉ | ၆၆၀,၀၀၀.၀၀ |
| ၆၇၈ | 13041.38.3.2.144 | Myanmar Advance Solution | ၂၇ | ၂,၃၇၂,၄၀၀.၀၀ |
| ၆၇၉ | 13041.38.5.2.41 | Myanmar Marine Co;Ltd | ၄ | ၄၁၂,၀၀၀.၀၀ |
| ၆၈၀ | 13001.37.4.2.11 | Ou Lee Kitchen Decoration | ၇ | ၃၄၅,၆၀၀.၀၀ |
| ၆၈၁ | 13041.38.6.2.40 | A.C.R Thu Kha Chan Thar Co.,Ltd | ၂၅ | ၂,၁၁၃,၇၉၂.၀၀ |
| ၆၈၂ | 13041.38.7.2.64 | Max Global Co.,Ltd | ၆ | ၇၂၀,၀၀၀.၀၀ |
| ၆၈၃ | 13041.38.7.2.153 | Light House Enterprise Ltd | ၂၇ | ၁,၇၃၂,၀၀၀.၀၀ |
| ၆၈၄ | 13041.38.8.2.24 | Cipla Ltd | ၄၁ | ၄,၉၂၀,၀၀၀.၀၀ |
| ၆၈၅ | 13041.38.8.2.47 | National Superior Company Limited | ၃ | ၂၁၇,၆၀၀.၀၀ |
| ၆၈၆ | 13041.38.8.2.48 | N.P.K Motor Company Limited | ၄ | ၄၀၀,၀၀၀.၀၀ |
| ၆၈၇ | 13041.38.8.2.56 | Exp Infrastructure Engineering Consultants Co.,Ltd | ၁၅ | ၁,၇၄၄,၀၀၀.၀၀ |
| ၆၈၈ | 13003.311.1.2.58 | သစ္စာအောင်မြင်ရွှေဆိုင် | ၁ | ၅၇,၆၀၀.၀၀ |
| ၆၈၉ | 13003.311.2.2.110 | Grand Royal Group Imternational Co.,Ltd(YDP) | ၁၅၄ | ၁၅,၈၄၀,၉၂၇.၆၀ |
| ၆၉၀ | 13003.311.7.2.2 | Constant Harvest(Myanmar) STEEL & ALUMINUM Co,.Ltd | ၃၃ | ၁,၉၀၀,၈၀၀.၀၀ |
| ၆၉၁ | 13003.311.7.2.44 | ဟန်ငွေအောင် | ၅ | ၂၈၈,၀၀၀.၀၀ |
| ၆၉၂ | 13007.312.1.2.7 | Diamond Mercury Wood Products Ltd | ၃၅ | ၂,၀၆၂,၄၀၀.၀၀ |
| ၆၉၃ | 13007.312.1.2.8 | နယူးဘရားသား(စ်) | ၅ | ၃၆၀,၄၀၀.၀၀ |
| ၆၉၄ | 13007.312.1.2.114 | ဦးကျော်တင့်အထည်ချုပ် | ၄ | ၁၂၈,၀၀၀.၀၀ |
| ၆၉၅ | 13007.312.1.2.142 | ဓာတုပလပ်စတစ် | ၃၄ | ၁,၉၅၈,၄၀၀.၀၀ |
| ၆၉၆ | 13007.312.1.2.162 | ကျားစက်မှုလက်မှု | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၆၉၇ | 13007.312.1.2.188 | စွယ်စုံသ/မ | ၈ | ၂၁၆,၀၀၀.၀၀ |
| ၆၉၈ | 13007.312.1.2.275 | ဦးအေးနှင့်သားများ | ၂ | ၄၃,၂၀၀.၀၀ |
| ၆၉၉ | 13007.312.2.2.116 | Tough Way Garment Manufacturing Co.,Ltd | ၅၆၃ | ၃၂,၄၂၈,၈၀၀.၀၀ |
| ၇၀၀ | 13007.312.2.2.130 | ဦးစိန်သန်းနှမ်းခွံချွတ် (S.T.A.I.Co.Ltd) | ၁၅၃ | ၈,၈၆၉,၆၀၀.၀၀ |
| ၇၀၁ | 13007.312.2.2.137 | Seven Star | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၇၀၂ | 13007.312.2.2.155 | Wood Land Co.,Ltd. | ၅၆ | ၃,၂၂၅,၆၀၀.၀၀ |
| ၇၀၃ | 13007.312.2.2.176 | Sky Legend Garment | ၅၄၅ | ၂၉,၁၃၉,၃၆၀.၀၀ |
| ၇၀၄ | 13007.312.4.2.22 | ကျားမိန် -၂ | ၁၉၇ | ၁၁,၅၃၄,၄၀၀.၀၀ |
| ၇၀၅ | 13007.312.4.2.33 | Mother Construction | ၁၀၄ | ၁၀,၇၃၀,၄၀၀.၀၀ |
| ၇၀၆ | 13007.312.4.2.53 | Soluction Success | ၈ | ၇၃၂,၀၀၀.၀၀ |
| ၇၀၇ | 13007.312.5.2.1 | Uk မီးကွေး | ၅၉ | ၃,၄၀၀,၈၀၀.၀၀ |
| ၇၀၈ | 13007.312.5.2.26 | An & Brother | ၄၂၃ | ၂၁,၅၄၂,၄၀၀.၀၀ |
| ၇၀၉ | 13008.313.1.2.5 | ဦးအောင်ကျော်ပေပါခွံ | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၇၁၀ | 13008.313.1.2.470 | Mp Garment | ၈၇ | ၅,၅၄၇,၀၀၀.၀၀ |
| ၇၁၁ | 13008.313.1.2.609 | PROTON MYANMAR TEXTINE GARMENT | ၁၂၁ | ၆,၄၈၃,၈၄၀.၀၀ |
| ၇၁၂ | 13008.313.2.2.21 | ဟုန်စိန်ပီနံအိတ်ထုတ်လုပ်ရေး စက်ရုံ | ၉၉ | ၅,၇၁၂,၀၀၀.၀၀ |
| ၇၁၃ | 13008.313.3.2.11 | Naniwa Myanmar Co.,Ltd | ၁၄၉ | ၉,၉၄၈,၄၀၀.၀၀ |
| ၇၁၄ | 13008.313.1.2.347 | New Asia Plastic | ၈၀ | ၄,၆၁၁,၈၄၀.၀၀ |
| ၇၁၅ | 13008.313.3.2.83 | နဂါးညီနောင်မှန်လုပ်ငန်း | ၅ | ၃၀၀,၀၀၀.၀၀ |
| ၇၁၆ | 13008.313.7.2.69 | SKY HOTEL | ၁၀ | ၈၆၀,၀၀၀.၀၀ |
| ၇၁၇ | 13008.313.7.2.72 | Myanmar Sunshine Technologies Co.,Ltd | ၁၂ | ၈၉၆,၀၀၀.၀၀ |
| ၇၁၈ | 13009.34.2.2.125 | KALBE INTERNATIONAL | ၃၀ | ၃,၅၃၆,၀၀၀.၀၀ |
| ၇၁၉ | 13018.31.1.2.38 | အောင်အောင်တွင်ခုံ | ၁ | ၂၈,၀၀၀.၀၀ |
| ၇၂၀ | 13018.31.1.2.106 | ဦးသိန်းထွန်းသံဖူး | ၅ | ၁၂၀,၀၀၀.၀၀ |
| ၇၂၁ | 13018.31.1.2.124 | မာဘိုလိုယိုစုံ | ၂ | ၅၆,၀၀၀.၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# COVID-19 Fund မှ ချေးငွေလျှောက်ထားသည့် လုပ်ငန်း ၆၉၈ ခုသို့ ခွင့်ပြုငွေကျပ် ၂၂ ဒသမ ၇၆၈၅ ဘီလီယံ ဒုတိယအကြိမ် ချေးငွေထုတ်ယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**

**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၀)

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၈ ရက်

၁။ Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၁၀/၂၀၂၀) ဆုံးဖြတ်ချက်အရ ချေးငွေလျှောက်ထားသည့် လုပ်ငန်းများ အနက် ပူးတွဲပါလုပ်ငန်း ၆၉၈ ခုသို့ ခွင့်ပြုငွေ ပမာဏ ကျပ် ၂၂ ဒသမ ၇၆၈၅ ဘီလီယံကို ဒုတိယအကြိမ် COVID–19 Fund မှ ချေးငွေ ထုတ်ယူခွင့်ပြုလိုက်ပါသည်။

၂။ အဆိုပါ ချေးငွေထုတ်ယူခွင့် ရရှိသူများအား ဘဏ်လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများထုတ်ပေးမည် မဟုတ်ပါကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

**ဒုတိယအကြိမ် Covid–19 Fund မှ တတိယအသုတ် ချေးငွေ ခွင့်ပြုပေးရန်စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း**

| စဉ် | ကုမ္ပဏီ/ လုပ်ငန်းအမည် | လိပ်စာ |
|---|---|---|
| ၁ | သံလွင်အေး စက်မှုကုမ္ပဏီ -အအေးခန်း စက်ရုံ | နယ်မြေ(၁၀)၊ စမင်းကုန်းရပ်ကွက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၂ | မြန်မာရွှေဇာမဏီ စက်မှုကုမ္ပဏီလီမိတက် | အမှတ်(၈၂)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန် |
| ၃ | Fortune International Limited | Building (12), MICT Park , University Hlaing Campus, Hlaing Township, Yangon |
| ၄ | ARSHA THAR INTERNATIONAL COMPANY LIMITED | အမှတ်(၂)၊ သစ်တောလမ်း၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅ | ထူးထက်အောင် ငါးဖမ်းရေယာဉ် အုပ်စု၊ ဦးအကြိုင်း(ခ) ဦးအောင်ကျော် | အမှတ် (၅၆)၊ မြကန်သာလမ်း၊ ၂ ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန် |
| ၆ | ဦးဝင်းနိုင် ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ်(က-၁၀/အေ)၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၇ | Myanmar Belle Company Limited | Thu Nandar Street, No. (27), Thu Mingalar Houseing (1), Thingangyun Township, Yangon |
| ၈ | Crystal Diamond Livestock Company Limited | အမှတ်(၂)၊ ဗိုလ်အောင်ကျော်လမ်း၊ စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ |
| ၉ | ဦးမောင်မောင်အောင် ကမ်းဝေးငါးဖမ်းရေယာဉ်လုပ်ငန်း | အမှတ်(၉၃) သံလွင်လမ်း၊ ကမာရွတ်မြို့နယ် |
| ၁၀ | UNITED K.M.K COMPANY LIMITED | အမှတ် (၁)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁ | ခိုင်ဇင်ယော် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (ငါးဖမ်းလုပ်ငန်း) | အမှတ်(၄၄၁)၊ ပိတောက်ရွှေဝါလမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၁၂ | ရွှေနဒီရွှေရည် ရေထွက်ပစ္စည်း ဖမ်းဆီးရောင်းဝယ်ရေး | အမှတ်(၃၃/စီ)၊ ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့ |
| ၁၃ | ဦးထွန်းနိုင်ဦး ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် (၆၃၇)၊ ကမ်းနားလမ်း၊ ကြက်စားမြင်ရပ်၊ ထားဝယ်မြို့ |
| ၁၄ | ဦးမျိုးသူရကျော် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ်(၅၉)၊ စီလမ်း၊ ကန်ကြီးရပ်၊ မြိတ်မြို့ |
| ၁၅ | Thuriya Win Manufacturing Company Limited | အမှတ် (၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ် |
| ၁၆ | အောင်ဦးသစ်အခြေခံ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် | အမှတ် (၃၇)၊ (၈) လမ်း၊ ပထမထပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၇ | Best Colour Company Limited | No. 90(C), Kabar Aye Pagoda Road, Sayar San Ward, Bahan Township, Yangon |
| ၁၈ | Reva Co., Ltd. | တိုက်- ၇၊ အခန်း ၃/၄၊ နေကြာ သာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် |
| ၁၉ | Peace Brothers Industry | အေးရိပ်သာလမ်း၊ ၃၈x၃၉ ကြား၊ မုံရွာစက်မှုဇုန် |
| ၂၀ | ပထမထိပ်တန်း ကုန်ထုတ် သမဝါယမအသင်း လီမိတက် | No.(68/A), (5) Floor, Bahosi Housing, Lamadaw Township, Yangon |
| ၂၁ | Mandalay Emperor Co., Ltd. | No (PaPa–34/4), Yadanapon Quarter, Industrial, Mandalay Region, Myanmar |
| ၂၂ | Myanmar Feed Industries & Breeding Co., Ltd. | အမှတ်(၈၆)၊ ပတ္တမြားလမ်းနှင့် မဟူရာလမ်းထောင့်၊ သာခုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန် |
| ၂၃ | Triple "A" Cement Int'l Co., Ltd. | အမှတ် (၃၉၆)၊ ၈၁ လမ်း၊ ၃၀ x ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေး တိုင်းဒေသကြီး |
| ၂၄ | Lucky Bag & Swallow Plastic Trading Co., Ltd. | အမှတ်(၂၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေ၊ ရန်ကုန် |
| ၂၅ | ဦးတင့်ဆွေ (ငါး၊ ပုစွန် မွေးမြူရေး) | ကွင်းအမှတ် (၁၀၉)၊ မြို့တော်စည်ပင်လမ်း၊ ရန်ကုန်ပေါက်ကျေးရွာ၊ တွံတေးမြို့နယ် |
| ၂၆ | ဦးလှသန်း ကမ်းနီးငါးဖမ်းလုပ်ငန်း | အမှတ်- ၁၄၁၊ ဗိုလ်ဗထူးလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့ |
| ၂၇ | အောင်သန့်ဇင်အုပ်စု ပင်လယ်ငါးဖမ်း လုပ်ငန်း | အမှတ်(၃၂၄)၊ က-၅ လမ်း၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် |
| ၂၈ | ဦးကြင်ဟင် (ပင်လယ်ကမ်းဝေး ငါးဖမ်း လုပ်ငန်း) | ညောင်တန်းတံတား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၉ | ဦးတင့်ဆွေ (လွှင့်ဖြိုးငါးမွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ် (၁၁၅၄၊ ၁၁၅၄-က/ ၁၁၅၈)၊ ကွေ့တန်းရှည်ကျေးရွာ၊ ပဲခူးမြို့ |
| ၃၀ | Mapco Nay Pyi Taw Co., Ltd. | No. 1669, Malzali Gone Village, Pyinmana Tsp, Nay Pyi Taw |
| ၃၁ | အောင်မြတ်ဖြိုး အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် | ပထော်ပထက်ကျွန်း၊ ကျွန်းစုမြို့နယ်၊ မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၃၂ | ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် | ပထော်ပထက်ကျွန်း၊ ကျွန်းစုမြို့နယ်၊ မြိတ်ခရိုင် |
| ၃၃ | Orchard Company Limited | 70/one၊ ရွှေဂုံတိုင်လမ်းမ၊ ဗဟန်းမြို့ |
| ၃၄ | Nutri Best Myanmar | အမှတ် ၅၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက် ၊ ဗဟန်းမြို့ |
| ၃၅ | THANTWE MARINE PRODUCTS COMPANY LIMITED | No . (170), U Tayoke Gyi Street, Industry Zone (4), Hlaing Tharyar Tsp, Yangon |
| ၃၆ | အောင်သပြေ ငါးမွေးမြူရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်း | ကွင်းအမှတ် (၉၄၄)၊ ဦးပိုင် ၄၄/၄၊ ကျောင်းရွာကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း |
| ၃၇ | ဦးသန့်စင် ငါးမွေးမြူရေးလုပ်ငန်း | ညောင်ကုန်းကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တောင်ပိုင်းခရိုင် |
| ၃၈ | ဦးသောင်းကြည် ငါးမွေးမြူရေး | ကဒုံကျေးရွာအုပ်စု၊ တွံတေးမြို့နယ်၊ ရန်ကုန် |
| ၃၉ | ဦးခန့်မှူးအောင် ငါးမွေးမြူရေးလုပ်ငန်း | ကမာကလူကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန် |
| ၄၀ | မြမြင့်မိုရ် မုန့်မျိုးစုံလုပ်ငန်း | အမှတ် (၁၅)၊ ဆင်ပေါက်လှ (၃) လမ်း၊ ပခုက္ကူမြို့ |
| ၄၁ | ပြည်တော်အေး ဆန်စက် | အမှတ်- ၃၀၊ ပြည်လမ်း- ရန်ကုန်၊ လမ်းချိုးရပ်၊ ဘုရင့်နောင်ရပ်ကွက်၊ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်၊ မြောက်ပိုင်းခရိုင် |
| ၄၂ | ဦးညီညီအောင် ကမ်းဝေးငါးဖမ်းလုပ်ငန်း | ပိတောက်လမ်း၊ အင်္ဂဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့ |
| ၄၃ | ဦးစန်းမြင့် (အောင်ကျော်ဇော မိသားစု) သဘာဝရေချိုပုစွန် မွေးမြူရေးလုပ်ငန်း | တမံကြီးကုန်းကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၄ | ဦးလှဘုန်းနိုင် ကမ်းဝေးရေငန် ငါးမုတ်မျှော လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း (မြန်ပြည်အောင် ရေယာဉ်)" | အေရာကျေးရွာ၊ ဘိုကလေးမြို့နယ် |
| ၄၅ | ရွှေပြည်စိုး မိသားစု သဘာဝရေငန် ပုစွန် မွေးမြူရေးလုပ်ငန်း | ရှမ်းချောင်းကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၆ | ဦးလှရိုန် ပင်လယ်ငါးဖမ်းလုပ်ငန်း (ကိုယ်စားလှယ်လွှဲသူ- ဦးကျော်မိုးရှိန်) | No.(9/Ka), Kone Myint Yeik Thar Street, (6) Ward, Mayangone Township, Yangon. အမှတ်(၃၂)၊ ၇ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် |
| ၄၇ | ဦးထွန်းမင်း (ကမ်းဝေးငါးဖမ်းလုပ်ငန်း) | အမှတ် (၂၃)၊ (၂၄) လမ်း၊ လသာမြို့နယ် |
| ၄၈ | ဒေါ်စံရင် (ကမ်းဝေးငါးဖမ်းလုပ်ငန်း) | အမှတ် (၃) ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၉ | Sein Myo Daw Co., Ltd. | အမှတ် ၁၅/၁၆၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ |
| ၅၀ | အောင်မြတ်ဟိန်း ငါးဖမ်းလုပ်ငန်းနှင့် ငပိကြိတ်စက်လုပ်ငန်း | နောက်မီးကျေးရွာ၊ အမာမြို့နယ်၊ ဖျာပုံမြို့ |
| ၅၁ | ဒေါ်ကျင်ပု (DKH) ငါးမွေးမြူရေး နှင့် ငါးစို၊ ငါးခြောက်လုပ်ငန်း | အမှတ် (၅၀၆)၊ (က+ခ) အောင်သုခလမ်း၊ (၈) ရပ်ကွက်၊ လှိုင်သာယာမြို့နယ် |
| ၅၂ | ဒေါ်ဖြူဖြူလွင် ငါးမွေးမြူခြင်း လုပ်ငန်း | ကွင်းအမှတ် (၇၈၆/က)၊ ဦးပိုင်အမှတ်(၁)၊ တမံကြီးကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၅၃ | ဦးဝင်းအေး အင်းလုပ်ငန်း | စပါးရိုကျေးရွာ၊ ဝါးခယ်မမြို့ |
| ၅၄ | ဒေါ်မြတ်မြတ်မွန် (အောင်စိန်လွင် (၅) ပင်လယ်ငါးဖမ်း စက်လှေလုပ်ငန်း) | အမှတ်(၃)၊ စပယ်လမ်းသွယ် (၃) လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၅ | ပြည့်ဖြိုးအောင် ကမ်းဝေးငါးဖမ်း လုပ်ငန်း (ဦးရွှေညွှန့်) | အမှတ် ၃ ရပ်ကွက်၊ စံပြ၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၆ | Lynn Htut Thiha Company Limited | 3rd Street, No–128/KaGyi KaGyi, Kha Ward, Insein Township, Yangon |
| ၅၇ | သိန္ဓိအောင် ငါးဖမ်းလုပ်ငန်း | အမှတ်(၁၉)၊ ၁၀ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် |
| ၅၈ | ဦးထွန်းထွန်း ငါးမွေးမြူရေးလုပ်ငန်း | ကွင်းအမှတ် (၃၅၆)၊ ကျွန်းဦးကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉ | ဦးမြလှိုင် ငါးပိကြိတ်လုပ်ငန်းနှင့် ကမ်းဝေး ငါးဖမ်းလုပ်ငန်း | အမှတ်(၁) ရပ်ကွက်၊ နောက်မီးကျေးရွာ၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀ | MIN LATT COMPANY LIMITED | No.63, 29 St., First Floor (R), Pabedan, Yangon 11141, Myanmar |
| ၆၁ | ရတနာ (ကင်းမွန်) ငါးဖမ်း | အမှတ်(147)၊ ငြိမ်းချမ်းရေး (၂) လမ်း၊ ရေပုန်းရပ်၊ မြိတ်မြို့ |
| ၆၂ | ဦးမြစံ ကမ်းဝေးငါးဖမ်းလုပ်ငန်း | ကြံတောကွက်သစ်ရပ်၊ မြိတ်မြို့ |
| ၆၃ | ဦးအောင်မိုးရေလုပ်ငန်း (ငါးဖမ်း) | ဘုရားကိုးဆူရပ်၊ မြိတ်မြို့ |
| ၆၄ | နိုင် မိသားစု မွေးမြူရေးလုပ်ငန်း | အမှတ်(၈၉)၊ ပန်းတိုင်ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၅ | ဦးဝင်းကိုကို ရေလုပ်ငန်း (ငါးဖမ်း) | မြစ်ငယ်ရပ်၊ မြိတ်မြို့ |
| ၆၆ | ကောင်းထက်ရွှေရည် မွေးမြူရေးခြံ | နဝဒေးရပ်ကွက်၊ သဇင်လှနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်းအနောက်ခြမ်း |
| ၆၇ | ရွှေတောင် မုန့်လုပ်ငန်း | ၂/၅၆၊ ကန်တော်ကြီးလမ်း၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့ |
| ၆၈ | ဦးဝင်းမြင့် ရေလုပ်ငန်း (ငါးဖမ်း) | ကွက်သစ်ရပ်၊ မြိတ်မြို့ |
| ၆၉ | ရဲရင့်ထွန်း ဆန်စက် | အမှတ်(၆/၂)၊ သက်န်းကြီးကားလမ်း၊ (၁)ရပ်ကွက်၊ လပွတ္တာမြို့ |
| ၇၀ | ဦးမြင့်ဇော်အောင် (ကန်သာယာ နေလှန်း ဆားကြမ်း ထုတ်လုပ်ငန်း) | အုတ်ဖိုကျေးရွာ၊ သက္ကယ်သောင်တိုက်နယ်၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၇၁ | ဦးတင်သိန်း (ဆားလုပ်ငန်း) | မကျီးပင်တိုက်နယ်၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၇၂ | အောင်မင်္ဂလာ ဆန်စက်နှင့် ဆန်စပါးပွဲရုံ လုပ်ငန်း | ဘုရားပျိုလမ်း၊ ညောင်ပင်သာရပ်ကွက်၊ ဝေါမြို့ |
| ၇၃ | ရွှေဆင်မင်း ဂျုံအမှုန့်ကြိတ်လုပ်ငန်း | လလ-၇၇/၃+၄/၁၉+၂၀၊ ၄၇ x ၄၈ ကြား၊ မဏ္ဍရာလမ်း၊ စက်မှုဇုန် ၂၊ ပြည်ကြီးတံခွန်မြို့နယ် |
| ၇၄ | ဦးခင်မောင်ဌေး ရေခဲစက် | ဇရပ်ကွင်းကျေးရွာ၊ သပိတ်ကျေးမြို့ |
| ၇၅ | ငွေသောင်ယံ ဆားကြိတ်လုပ်ငန်း | ၄၅၃(က)၊ စဥ့်အိုးဖိုလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၇၆ | မိဘမေတ္တာ ဆန်စက်နှင့် ဆန်ပွဲရုံ | ကန်ပတ်လမ်း၊ (၁၁) ရပ်ကွက်၊ တောင်ငူမြို့ |
| ၇၇ | ဦးဝင်းနိုင် ဆားလုပ်ငန်း | ကောက်ကွေ့အရှေ့ကွင်း၊ မကျီးပင်ကျေးရွာ၊ ငပုတောမြို့နယ် |
| ၇၈ | ဦးလှဝင်း နေလှန်းဆား ထုတ်လုပ်ရေး | ငပုတောမြို့နယ်၊ ကညင်ချောင်းအုပ်စု၊ မဲခရဲတိုက်နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၇၉ | ဒေါ်ကေစီမေး ဥစားကြက် မွေးမြူရေး လုပ်ငန်း | အမှတ်(၅၆) ၄၆/၁၅ ရပ်ကွက်(၂) အေးသာယာမြို့၊ ရှမ်းပြည်နယ် |
| ၈၀ | ဦးစိုးညီညီ (မွေးမြူရေးလုပ်ငန်း) | မြင်းကဆိပ်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၈၁ | ဦးစိုးသန်းထွန်း ကြက်မွေးမြူရေးလုပ်ငန်း | လင်းဝင်းကြီး၊ ကွက်ပြင်ကြီး၊ ပုသိမ်မြို့ |
| ၈၂ | April 9 သောက်ရေသန့် | အမှတ်(၄၇)၊ ပြည်သူ့လမ်း၊ မောင်ငံ၊ အလယ်တန်းရပ်၊ မော်လမြိုင်မြို့ |
| ၈၃ | ဒေါ်သူဇာအောင် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ်(၁၇၃)၊ ၄ ရပ်ကွက်၊ ရတနာလမ်း၊ ဖျာပုံမြို့ |
| ၈၄ | ဒေါ်ခင်မာအေး နေလှန်းဆားကြမ်း ထုတ်လုပ်မှုလုပ်ငန်း | ၁၇၁၄+၁၇၁၅ မဒေါ့ကန်ကွင်း၊ မကျီးပင်ရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၈၅ | အိုစစ် သောက်ရေသန့် | အမှတ်(၂၄)၊ မိုးညိုတန်းလမ်း၊ မိုးညိုတန်းရပ်ကွက်၊ အုတ်ဖိုမြို့၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၈၆ | ဦးလှိုင်ဝင်းဌေး ကမ်းဝေးငါးဖမ်းလုပ်ငန်း | မြို့မရပ်ကွက်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ် |
| ၈၇ | ဒေါ်ဖြူဖြူသင်း (ခ) ဒေါ်ဖြူဖြူဝင်း ငါးလုပ်ငန်း | သပြေသာရွာ၊ မတ္တရာမြို့နယ်၊ ပြင်ဦးလွင်ခရိုင် |

(ဆက်လက်ဖော်ပြပါမည်)

(၃၁)နှစ်မြောက် ကမ္ဘာ့ကလေးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ကလေးအားလုံးရဲ့အနာဂတ်လှပဖို့ စိတ်ကူးပုံဖော်ဆောင်ရွက်စို့

မောင်လူအေး (ရေစကြို)

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၀ ရက်နေ့သည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention on the Rights of Children-UNCRC) အား (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက တညီတညွတ်တည်း သဘောတူပြဋ္ဌာန်းနိုင်ခဲ့သည့် (၃၁) နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပြီး တစ်နည်းအားဖြင့် (၃၁) နှစ်ပြည့် ကမ္ဘာ့ကလေးများနေ့လည်း ဖြစ်သည်။ ကလေးသူငယ်များသည် မိမိနိုင်ငံ၏ အနာဂတ်အား ဆက်လက်ထုဆစ်ပုံဖော်ကြမည့် မျိုးဆက်သစ်များဖြစ်ကြရာ နိုင်ငံတော်အတွက် အရေးအကြီးဆုံး၊ တန်ဖိုးအရှိဆုံး လူသားအရင်းအမြစ်များ ဖြစ်ပေသည်။ သို့ဖြစ်ရာ ကလေးသူငယ်များ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ ၎င်းတို့၏မွေးရာပါအခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်စေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးက နိုဝင်ဘာလ ၂၀ ရက်နေ့အား ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ထားရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများအား နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ရခြင်းဖြစ်သည်။




### ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့

ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်းအား ၁၉၅၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၇၉ ခုနှစ်တွင်တော့ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်ပြီး ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ နိုင်ငံတကာမှတင်သွင်းလာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ မူကြမ်းများအား စိစစ်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့ကြီး၏ (၁၀) နှစ်တာကြိုးပမ်းချက်အရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက သဘောတူပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၎င်းသဘောတူစာချုပ်ကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးနောက် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRC) သည် လူ့အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်များ၏ သမိုင်းတစ်လျှောက် အဖွဲ့ဝင်နိုင်ငံများမှ ပါဝင်သဘောတူလက်မှတ်ရေးထိုးမှုအများဆုံးဖြစ်သည့် စာချုပ်တစ်ခုဖြစ်သည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRC) တွင် ကလေးများအားလုံးအတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံအားလုံးက အပြည့်အဝဖော်ဆောင်ပေးရမည့် အဓိကအခွင့်အရေး (၄) ရပ် ပါရှိပါသည်။ ယင်းအဓိကအခွင့်အရေး(၄)ရပ်မှာ (၁) အသက်ရှင်သန်ခွင့် (Survival)၊ (၂) ဖွံ့ဖြိုးတိုးတက်ခွင့် (Development)၊ (၃) ကာကွယ်စောင့်ရှောက်မှုရရှိခွင့် (Protection) နှင့် (၄) ပါဝင်ဆောင်ရွက်ခွင့် (Participation) အခွင့်အရေးများဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များအတွက် မဖြစ်မနေဖြည့်ဆည်းပေးရမည့် အဓိကအခွင့်အရေး (၄) ရပ်အား နိုင်ငံတော်၏ဦးတည်ချက်များ၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (၁၇) ချက်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ အာဆီယံသဘောတူညီချက်နှင့် လုပ်ငန်းအစီအစဉ်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ မူဝါဒများနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြလိုပါသည်။

### လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီ

နိုင်ငံတော်၏ဦးစားပေးရည်မှန်းချက် တစ်ခုဖြစ်သည့် "တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး" သည် ကလေးသူငယ်အခွင့်အရေးများနှင့် ဆက်စပ်နေသည်။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီနေခြင်းဖြစ်ရာ ကလေးသူငယ်များကို စနစ်တကျပြုစုပျိုးထောင်ပါက နောင်အနာဂတ်တွင် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကာ တိုင်းပြည်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်မည်မှာ မလွဲဧကန်ဖြစ်သည်။ ထို့ကြောင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူသားတစ်ဦးချင်းစီ၏ အဦးအစကလေးဘဝသည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသောကာလဖြစ်ကြောင်း သတိပြုရန်နှင့် ကလေးအရွယ်ကတည်းက ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံကောင်းများရရှိပြီး ကလေးအခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုပါသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ကလေးသူငယ်များနှင့်ပတ်သက်ပြီး အခြေခံမူ (၄) ရပ် ပါရှိပါသည်။ ယင်းအခြေခံမူများမှာ (၁) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားကို ဖြစ်ထွန်းစေသောမူ (the best interest of the child)၊ (၂) ခွဲခြားသတ်မှတ်မှုမရှိစေသောမူ (Non-discrimination)၊ (၃) အသက်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေသောမူ (Survival and development)၊ (၄) ကလေးသူငယ်၏ ထင်မြင်ယူဆချက်ကို အလေးပေးစေသောမူ (Respect to child's opinion)တို့ ဖြစ်ပါသည်။ ၎င်းအခြေခံမူ (၄) ရပ်နှင့်အညီ ကလေးသူငယ်အခွင့်အရေးများကို အပြည့်အဝ ဖော်ဆောင်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေကို ၂၀၀၁ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းနိုင်ခဲ့သည်။ တစ်ဖန် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေရန်နှင့် UNCRC ပါ ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည်။

### ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉) တွင် မြန်မာနိုင်ငံရှိ ကလေးသူငယ်များအတွက် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ကလေးအလုပ်သမားနှင့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ခြင်း၊ ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအား အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မိဘပြုစုစောင့်ရှောက်မှုမရရှိသော ကလေးသူငယ်များအတွက် အခြားနည်းဖြင့် ပြုစုစောင့်ရှောက်မှုလုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်ခြင်း၊ ကလေးမွေးစားခြင်းတို့နှင့်ပတ်သက်သည့် ဥပဒေအခန်းသစ်များပါရှိရာ ကလေးသူငယ်များအတွက် ပိုမိုအကျိုးရှိထိရောက်သော ပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်သည်။ ယခင်ကလေးသူငယ်ဥပဒေ (၁၉၉၃) တွင် အခန်း (၁၉) ခန်း၊ ပုဒ်မ (၇၅) ခုပါရှိပြီး လက်ရှိကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉)တွင် အခန်း(၃၀)၊ ပုဒ်မ( ၁၂၁) ခု ပါရှိခြင်းကြောင့် ကလေးသူငယ်များ၏အခွင့်အရေးကို ပိုမိုဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ပေသည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ကလေးသူငယ်အားလုံး ခွဲခြားဆက်ဆံမှုကင်းပြီး အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ လက်လှမ်းမီရရှိနိုင်စေရန်ရည်ရွယ်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေရေးဆွဲရေးလုပ်ငန်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အသိပေးတင်ပြလိုပါသည်။

### အခြေခံလုပ်ဆောင်ရမည့် အချက်များဖြစ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်သော လူ့ဂုဏ်သိက္ခာအပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာစေရန် အထောက်အကူဖြစ်စေရေးနှင့် အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့် ရှောက်ရေးနည်းလမ်းများဖြင့် ပြည်သူလူထု လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့်မူဝါဒအား ချမှတ်ဆောင်ရွက်လျက်ရှိရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို အသိအမှတ်ပြုပေးခြင်းနှင့် ဖော်ဆောင်ပေးခြင်းတို့သည် အခြေခံလုပ်ဆောင်ရမည့် အချက်များဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံအတွင်းရှိ ကလေးသူငယ်အားလုံး လုံခြုံစိတ်ချပြီး ဘေးကင်းသောပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးနှင့် ကလေးသူငယ်တစ်ဦးချင်းစီတိုင်းအား အကြမ်းဖက်ခြင်း (Violence)၊ အလွဲသုံးခြင်း (Abuse)၊ လျစ်လျူရှုခြင်း(Neglect) နှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း (Exploitation) များမှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မိသားစု၊ ရပ်ရွာ၊ နိုင်ငံတော်က မျှဝေတာဝန်ယူသည့် စောင့်ရှောက်ရေးနည်းလမ်းများအပေါ် အခြေခံသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ တိုင်းပြည်၏လက်ရှိအခြေအနေနှင့် ကိုက်ညီသော လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အမျိုးသားအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒတစ်ရပ်ထွက်ပေါ်လာရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါသည်။

ကလေးသူငယ်များသည် နိုင်ငံ၏အနာဂတ်ကို ဆက်လက်ရေးသားခြယ်မှုန်းကြမည့် နိုင်ငံတော်အတွက် တန်ဖိုးအရှိဆုံးသောရတနာများဖြစ်ကြရာ ကလေးသူငယ်အခွင့်အရေးများကို ကလေးများအားလုံး သိရှိနိုင်ရေးနှင့် ကလေးတိုင်း လက်လှမ်းမီ တန်းတူညီမျှရရှိစေရေး သေချာစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအားလုံးက သက်ဆိုင်ရာကဏ္ဍအသီးသီးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် အရေးကြီးပေသည်။ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ကလေးသူငယ်များ၏ ဘဝရှေ့ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်း၊ ကလေးသူငယ်သေဆုံးမှုလျော့ပါးရေး၊ ကလေးသူငယ်များ၏ မွေးဖွားမှုမှတ်ပုံတင်ထုတ်ပေးနိုင်ရေး၊ အာဟာရပြည့်ဝပြီး ကျန်းမာသန်စွမ်းရေး၊ ဘဝနွေးထွေးလုံခြုံမှုရှိရေး၊ ပညာသင်ကြားခွင့် သာတူညီမျှရရှိစေရေးတို့အတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအသီးသီးက ပေါင်းစပ်ဆောင်ရွက်သွားရန် အရေးကြီးပေသည်။ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်ပြီး ရပ်ရွာလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်သလို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ နှစ်စဉ်စီမံကိန်းများတွင်လည်း ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ထည့်သွင်းရေးဆွဲရန် လိုအပ်မည်ဖြစ်သည်။

စာမျက်နှာ ၂၁ သို့

**နိုင်ငံအတွင်းရှိ ကလေးသူငယ်အားလုံး လုံခြုံစိတ်ချပြီး ဘေးကင်းသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးနှင့် ကလေးသူငယ်တစ်ဦးချင်းစီတိုင်းအား အကြမ်းဖက်ခြင်း (Violence)၊ အလွဲသုံးခြင်း (Abuse)၊ လျစ်လျူရှုခြင်း (Neglect) နှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း (Exploitation) များမှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မိသားစု၊ ရပ်ရွာ၊ နိုင်ငံတော်က မျှဝေတာဝန်ယူသည့် စောင့်ရှောက်ရေးနည်းလမ်းများအပေါ် အခြေခံသည့်ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒကို ရေးဆွဲဆောင်ရွက်လျက်ရှိ**

# ခရမ်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းရာသီ သီးနှံစိုက်ပျိုးစရိတ်များ စတင်ထုတ်ချေး

**ခရမ်း နိုဝင်ဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၀ ပြည့်နှစ်အတွက် ဆောင်းရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို နိုဝင်ဘာလ ဒုတိယပတ်မှစတင်၍ ဒေသနေ စိုက်ပျိုးရေးတောင်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ စနစ်တကျ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းရာသီ သီးနှံစိုက်ပျိုးစရိတ်များကို ခရမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ပဲမျိုးစုံ၊ နေကြာ၊ မြေပဲ စသည့်သီးနှံများစိုက်ပျိုးရန်အတွက် ခရမ်းမြို့နယ် ကျေးရွာ ၅၃ အုပ်စုမှ တောင်သူ ၁၃၆၀၀ ၏ လယ်ယာမြေ စုစုပေါင်းဧက ၉၁၅၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၉၁၁၅ သန်းအား လျာထားချက်နှင့်အညီ ထုတ်ချေးပေးလျက်ရှိပြီး ကျန်ရှိနေသည့် ရပ်ကွက်/ကျေးရွာများမှ ဆောင်းရာသီ သီးနှံစိုက်ပျိုးတောင်သူများအား စိုက်ပျိုးချိန်အမီ ဆက်လက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဦးဝင်းလှိုင်ထံမှ သိရသည်။



စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ စနစ်တကျ ထုတ်ချေးပေးလျက်ရှိကြောင်းလည်း သိရသည်။

ယနေ့နံနက် ၉ နာရီက ခရမ်းမြို့နယ် သပြုကန်ကျေးရွာအုပ်စုမှ တောင်သူလယ်သမား ၂၈၄ ဦးတို့၏ လယ်ယာမြေ ဧက ၁၈၃၀ အတွက် ချေးငွေ ငွေကျပ်သိန်း ၁၈၃၀ အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်ချက်၊ စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိကျေးရွာများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း ခရမ်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမန်နေဂျာ ဦးဝင်းလှိုင်ထံမှ သိရသည်။

**ကိုမင်း(ခရမ်း)**




# ရေးမြို့နယ် ကဗျာဝ-တရုတ်ထောက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရေးမြို့နယ် ကဗျာဝ-တရုတ်ထောက် ကမ်းခြေပတ်လမ်း သုံးမိုင်လေးဖာလုံကို မြေသားလမ်းဖောက်လုပ်ပြီးစီးခဲ့ခြင်းကြောင့် ကဗျာဝ ကျေးရွာနှင့် တရုတ်ထောက်ကျေးရွာများရှိ အိမ်ထောင်စု ၄၆၅ စု လူဦးရေ ၂၆၂၃ ဦးတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်းသိရသည်။

### ကတ္တရာလမ်းအဖြစ် မြှင့်တင်မည်

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ခွင့်ပြုရန်ပုံငွေကျပ် ၂၄၁ ဒသမ ၅၉၉ သန်းဖြင့် အဆိုပါလမ်း၏ တစ်မိုင်လေးဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၂၁ ရက် (စနေနေ့)တွင် ထုတ်ဝေမည့်ရွှေသွေးဂျာနယ်တွင် စေတနာထားပြီး ဆေးကုသပေးသော မောင်ဝဏ္ဏနှင့် မနာလိုစိတ်ကြီးမားပြီး လောဘကြီးလွန်းသော မောင်အဂ္ဂတို့အကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းမင်းကောင်းကို၏ "စေတနာနေရာ" မျက်နှာဖုံးကာတွန်း၊ အိမ်မွေးတိရစ္ဆာန်အမျိုးအစားထဲတွင် ပါဝင်သည့် ကြောင်လေးများသည် အဘယ်ကြောင့် အသံသဲ့သဲ့ဖြင့် အော်မြည်တတ်ကြသလဲဆိုသည်ကို ရေးဖွဲ့ထားသည့် "ချစ်စရာကောင်းတဲ့ ကြောင်ကလေးတွေရဲ့ အော်မြည်သံအကြောင်း" သုတဆောင်းပါးနှင့် အခြေအနေတစ်ခုသည် တစ်ဦးအတွက်ကောင်းမွန်သော်လည်း အခြားတစ်ဦးအတွက်မူ ဆိုးရွားစေတတ်သည့် အကြောင်းအရာဖြစ်စေနိုင်ကြောင်းကို ရေးသားထားသော "မြည်းနှင့်ဖား" ဘာသာပြန်ပုံပြင်၊ စာပေဗိမာန်မှ ထုတ်ဝေခဲ့သော ဖိုးကျော်ဆိုသည့် ကလေးဇာတ်လိုက်လေးအကြောင်းကို ရေးသားထားသည့် ဆရာဂယက်နီ၏ "ဖိုးကျော်"စာအုပ်အား မိတ်ဆက်ပေးထားသော "ရွှေသွေးတို့စာဖတ်စို့"ကဏ္ဍ၊ မြန်မာမိန်းကလေးဖြစ်သော်လည်း ဗိုလ်ဆန်သောနွေးနွေးသည် သူငယ်ချင်းဖိုးဂျင်၏ စကားကြောင့် အမြင်မှန်ရရှိသွားပြီး မြန်မာဆန်ဆန်ဝတ်ဆင်ရန် ဆုံးဖြတ်လိုက်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "အမြင်မှန်ရသွားသော နွေးနွေး" နှစ်မျက်နှာကာတွန်း၊ စဉ်းစားမြော်မြင်ဉာဏ်ရှိသောကြောင့် ချမ်းသာသွားသည့်ငါးခြောက်သည်ကြီးနှင့် စဉ်းစားမြော်မြင်ဉာဏ် မရှိသောကြောင့် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသော ငါးခြောက်သည်ကြီးတို့အကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "ငါးခြောက်သည် နှစ်ဦး" ကလေးဝတ္ထု၊ ကလေးတို့ရေးဆွဲထားသော ကာတွန်းများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရသည်။




**သတင်းစဉ်**

❒ စာမျက်နှာ ၂၀ မှ

### တိုက်တွန်းလှုံ့ဆော်ထားခြင်းဖြစ်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ်ကမ္ဘာ့ကလေးများနေ့အတွက် ချမှတ်ပေးထားသည့်ဆောင်ပုဒ်မှာ- "A Day to Reimagine a Better Future for Every Child" "ကလေးအားလုံးရဲ့ အနာဂတ်လှပဖို့ စိတ်ကူး ပုံဖော်ဆောင်ရွက်စို့" ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ ကြောင့် ကလေးသူငယ်များ၏ အခွင့်အရေးများ ဖော်ဆောင်ပေးရာတွင် အခက်အခဲအချို့ ကြုံတွေ့ခဲ့ရသော်လည်း လတ်တလောဖြေရှင်းဆောင်ရွက်ပေးခြင်း မပြုပါက ကလေးငယ်များ၏ ဘဝတစ်သက်တာလုံးအတွက် ထိခိုက်စေနိုင်သည်ဖြစ်ရာ အနာဂတ်၏ မျိုးဆက်သစ်များအတွက် မိမိတို့ဖြစ်စေချင်သည့် ကမ္ဘာလောကကြီး ဖြစ်လာစေရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလှုံ့ဆော်ထားခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကလေးသူငယ်များအတွက် သင်ယူနိုင်မှုသေချာစေရေး ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုဆောင်ရွက်သွားရန်၊ ကလေးများအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုးနှံမှုများ သေချာစေရန်၊ ကလေးများအားလုံး၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာစေရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်၊ ကလေးဘဝတွင် အလွဲသုံးခံရမှုကျား၊ မ အခြေပြုအကြမ်းဖက်မှုနှင့် လျစ်လျူရှုခံရမှုများ အဆုံးသတ်ရန်၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် တစ်ကိုယ်ရေကျန်းမာရေး အလေ့ထားဆောင်ရွက်ပေးရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုများအား ဖြေရှင်းဆောင်ရွက်ပေးရန်၊ ကလေးသူငယ်ဘဝဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် အားလုံးအကျုံးဝင်သည့် ပြန်လည်ကုစားရေးအစီအစဉ်များ ဆောင်ရွက်ပေးရန်၊ သဘာဝဘေးနှင့် ပဋိပက္ခများကြုံတွေ့နေရသည့် ကလေးသူငယ်များနှင့် ၎င်းတို့၏မိသားစုများ၊ ရွှေ့ပြောင်းသွားလာနေရသည့် ကလေးသူငယ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား ကူညီပံ့ပိုးပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့အား နှစ်ဆတိုးမြှင့်ဆောင်ရွက်ပေးသွားရန် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းထားသည်။

### အခမဲ့ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အား ပန်းတိုင် (၇) ရပ်၊ မဟာဗျူဟာ (၁၀)ရပ်၊ ဆောင်ရွက်ရမည့်စီမံချက် (၇၆) ခုအား ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်များအား ငွေကြေးထောက်ပံ့ပေးခြင်း၊ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ သတင်းပေးပို့တိုင်ကြားနိုင်သည့် Help Line ဖုန်းဝန်ဆောင်မှုပေးခြင်းအပြင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Hotline ဖုန်းနံပါတ်များထားရှိကာ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးခြင်းနှင့် စိတ်လူမှုရေးဆိုင်ရာပံ့ပိုးပေးခြင်း ဝန်ဆောင်မှုများအား အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း New Normal ပုံစံဖြင့် သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်ရေးအတွက် မူလတန်းကြိုဆရာမများနှင့် ကလေးပြုစုစောင့်ရှောက်သူများအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများကို Online မှတစ်ဆင့် ပို့ချပေးလျက်ရှိသည်။ မိဘအသိပညာပေးသင်တန်းများ၊ ပညာပေးစာစောင်များကို Online အသုံးပြုဆွေးနွေးခြင်း၊ MRTV အစရှိသည့်ရုပ်မြင်သံကြား Channel များ၊ လူမှုကွန်ရက်စာမျက်နှာများ၊ စာစောင်များထုတ်ဝေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်အား ၂၀၁၅ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ Nation-wide Case Management Supervision Unit အား ဖွဲ့စည်းထားရှိပြီး ဖြစ်ရပ်စီမံခန့်ခွဲသူ Case Manager ၂၅၀၉ ဦးဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားများအား နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက နှစ်စဉ်နှစ်တိုင်း ခမ်းခမ်းနားနား ကျင်းပပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း (၃၁) နှစ်ပြည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားအား ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် Online အခမ်းအနားဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ကမ္ဘာ့ကလေးများနေ့တွင် ကလေးများက ကလေးနှင့် သက်ဆိုင်သည့်အခွင့်အရေးများ တောင်းဆိုခြင်း၊ ကလေးငယ်များ၏ အနာဂတ်ဘဝအတွက် မျှော်မှန်းချက်များ၊ ရည်မှန်းချက်များအား မျှဝေခြင်းတို့ဆောင်ရွက်ကြရာ ကလေးများအတွက် ပျော်ရွှင်ဖွယ်ရာနေ့တစ်နေ့ ဖြစ်သလို ကလေးများနှင့်ပတ်သက်၍ အရေးကြီးသည့် တင်ပြချက်များ၊ ဆုံးဖြတ်ချက်များ ချမှတ်ရမည့်နေ့တစ်နေ့လည်းဖြစ်ပါကြောင်း ဖော်ပြလိုပါသည်။ မိဘများအနေဖြင့် မိမိတို့၏ကလေးငယ်များ ၎င်းတို့၏ အခွင့်အရေးများအား ၎င်းတို့ကိုယ်တိုင်သိရှိအောင် ဆောင်ရွက်ပေးရမည် ဖြစ်သည်။ ပြည်လူထုအနေဖြင့် ကလေးများကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို လူမှုကွန်ရက်စာမျက်နှာများတွင်ဖော်ပြ၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သလို ပါဝင်ဖြေရှင်းဆောင်ရွက်ပေးရမည် ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ် ကမ္ဘာ့ကလေးများနေ့ဆောင်ပုဒ်ဖြစ်သည့် "ကလေးအားလုံးရဲ့ အနာဂတ်လှပဖို့ စိတ်ကူးပုံဖော်ဆောင်ရွက်စို့"နှင့်အညီ ကလေးများ၏ အနာဂတ်ဘဝ သာယာလှပစေဖို့အတွက် ကလေးသူငယ်အားလုံး ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေး အစိုးရနှင့်အတူ မိဘ၊ ရပ်ရွာလူထုက ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်ပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

# နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ကွန်ဟိန်းမြို့နယ် ကာလိမြို့၌ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

နောင်ချိုမြို့နယ်၌ ငွေကျပ် သိန်း ၂၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ကွန်ဟိန်းမြို့နယ် ကာလိမြို့၌ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ အိုက်စ်များ နိုဝင်ဘာ ၁၆ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချို-မန္တလေးသွားကားလမ်း၊ ရွှေညောင်ပင်ကျေးရွာအဝင်တွင် သတင်းရရှိထားသည့် သီပေါမြို့နယ်မှ မန္တလေးမြို့သို့ ချစ်မျိုးခိုင် မောင်းနှင်ပြီး စိုးခိုင်လိုက်ပါသော မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ကိုယ်ထည် ကြမ်းခင်းအောက်တွင် အံဝှက်ပြုလုပ်သယ်ဆောင်လာသည့် ဘိန်းဖြူ ၁၄ ဒသမ ၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အလားတူ သတင်းအရ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကာလိမြို့ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျော်ဆန်း မောင်းနှင်လာသည့်ယာဉ်ကို စိစစ်ရှာဖွေရာ အိုက်စ် ကီလို ၈၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော ပစ္စည်းပိုင်ရှင်မှာ မိုင်းရှူးမြို့ အမှတ်(၄) ရပ်ကွက်နေ လောက်ဆိုင်ဖြစ်ကြောင်း သိရှိရသဖြင့် ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် လောက်ဆိုင်အား ၎င်းနေအိမ်၌ ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ချစ်မျိုးခိုင်၊ စိုးခိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။




# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ဆည်မြို့နယ် စီပဒိုးချောင်းဖျား တန့်ဆည်-မင်းကင်း မြို့နယ်နယ်နိမိတ်ဆက်စပ်သည့် တည်နေရာအနီးတွင် တရားမဝင် သစ်ရာ/အင်/ကညင် ခွဲသားတန် ၄၀ ခန့်၊ ထွန်စက်ခြောက်စီးနှင့် စက်ခေါင်းမပါ တာယာဘီးတပ် ထွန်စက်နောက်တွဲယာဉ် ၁၁ စီး၊ ကလေးဝမြို့နယ် ရွှေကျင်ကြိုးဝိုင်းအကွက် အမှတ် (၁၈) အတွင်း တရားမဝင် အင်/ သစ်ရာ/ကညင်ခွဲသား ၁၇ တန်၊ မင်းကင်းမြို့နယ် စရိုကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင် ကညင်ခွဲသား တန် ၃၀၊ ဆိုင်ကယ်တစ်စီး၊ ချိန်းဆော တစ်လက်၊ လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်းအကွက် အမှတ်(၁၁)အတွင်း တရားမဝင် ချဉ်ယုတ်/ ဒီးဒူး/ နဘဲသစ် ၁၃ တန်၊ အင်ဂျင်တစ်လုံး၊ ချိန်းဆော တစ်လက်နှင့် သစ်စက်ဆက်စပ်ပစ္စည်းများ၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မြို့မဘိနယ် ကလရောင်မြစ်ချောင်းလက်တက်အတွင်း တရားမဝင် သစ်ခွဲသားမျိုးစုံ အချောင်း ၉၀၀ ကျော်၊ ထို့အတူ တောင်ကုတ်မြို့နယ် လမူး ဘိနယ်တောင်ရင်ချောင်းအတွင်း တရားမဝင် သစ်ခွဲသားဆိုဒ်စုံ တန် ၁၀၀ ကျော်ခန့်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော တရားခံများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**



# ဗဟန်း၊ တာမွေနှင့်တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရပ်ကွက် မဟာဗောဂလမ်း အမှတ်(၂၃) (၅)လွှာနေ အောင်နိုင်ဝင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၉၀ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်းပေါ်ရှိ ကားတာယာအရောင်းဆိုင်ရှေ့တွင် တင်မြင့်(ခ) ဂိုရာဟာစန်း (ခ) အဘိုင်နှင့် ရဲအောင်(ခ) ဘာဘူတို့အား ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆၀၀ အားလည်းကောင်း၊ အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ဟောင်လိတ်စက်မှုဇုန်နေ အိုက်ဝင်း(ခ)စိုင်းဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၅ ပြားအားလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အိမ်နီးချင်းဖြစ်သူ အိုက်ကျော်၏နေအိမ်ကို ဆက်လက်ရှာဖွေရာ အိုက်စ် ၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၃၇ ပြားအားလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



တင်မြင့်(ခ)ဂိုရာဟာစန်း(ခ)အဘိုင်၊ ရဲအောင်(ခ)ဘာဘူတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၈၂ စီး၊ သွင်းကုန် ၂၆၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၃၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၈၆၀ သန်း)တန်ဖိုးရှိ ဒေါင်းတောင်အနီးတွင် စုပုံထားသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် PSI ဗန်း (1990 U)၊ PSI Network Cable (144 U)နှင့် PSI ဒေါက်တိုင် (730 U)အား သိမ်းဆည်းရမိကြောင်း သိရသည်။

**သတင်းစဉ်**






## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## ကုန်ကြမ်း(၁)မျိုးနှင့် ထုပ်ပိုးပစ္စည်း(၃)မျိုးအဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (၁) | Alcohol 96% | ၅၀၀,၀၀၀ လီတာ |
| (၂) | Aluminium Foil(Printed) | ၁၂,၇၁၅ ကီလိုဂရမ် |
| (၃) | Aluminium Foil(Plain) | ၂၉,၁၄၀ ကီလိုဂရမ် |
| (၄) | PVC Reel | ၃၀,၄၉၅ ကီလိုဂရမ် |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၁၇-၁၂-၂၀၂၀)၊ ညနေ (၄:၀၀)နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)
၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။
၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

| | တယ်လီဖုန်းအမှတ် |
|---|---|
| **မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** | **၀၆၇၃-၄၀၈၃၈၈** |
| **စီမံကိန်း၊ ဘဏ္ဍာရေးနှင့်၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။** | **၀၆၇၃-၄၀၈၃၅၄** |

## အရည်အသွေးကောင်း
## PPE ဝတ်စုံ
## အထူးဈေး ၃၀၀၀/- ကျပ်
## ဖုန်း-09-969625207, 09-969625208

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်(၄) ခန်းတွဲ(၄)ထပ်၊ အမှုထမ်းဝန်ထမ်းအိမ်ရာ (၁)လုံးဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံများအားတစ်စောင်လျှင် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့်ရုံးချိန်အတွင်းရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး(ပြည်လမ်းနှင့် အလုံလမ်းထောင့်)၊ ဒဂုံမြို့နယ်တွင်လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်း-၀၁-၈၂၁၁၃၂၈ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်နှင့်အချိန်- ၂၀-၁၁-၂၀၂၀ မှ၁၉-၁၂-၂၀၂၀ထိ
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉-၁၂-၂၀၂၀(၁၆:၃၀)နာရီ
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ထပ်မံကြေညာပါမည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

## မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ အောက်ပါ တိုင်း/ခရိုင်/မြို့နယ်များအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| Lot No. | တည်နေရာ | စီမံကိန်းလုပ်ငန်းအမည် |
|---|---|---|
| Lot-1 | မကွေးတိုင်းဒေသကြီး အားကစားကွင်း | အားကစားသမားအိပ်ဆောင် RC(၃) ထပ်ဆောင် (၁၂၀'x၄၄') တည်ဆောက်ခြင်း။ |
| Lot-2 | မင်းတုန်းမြို့နယ် အားကစားကွင်း | (၁) အထူးတန်းပွဲကြည့်စင် (၁၀၀'x၂၆'x၁၇'-၆") တည်ဆောက်ခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ။ (၂) ချိန်းလင့် Inner Fencing ကာရံခြင်း။ (၃) အားကစားကွင်း သဲနုန်းမြေတင်ခြင်း။ |
| | ရေစကြိုမြို့နယ် အားကစားကွင်း | (၄) ရေစကြိုမြို့နယ် အားကစားကွင်းအတွင်း (၄) ခန်းတွဲအိမ်သာ တည်ဆောက်ခြင်း။ |

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်မည့်အဆောက်အအုံအသေးစိတ်ကို တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန၊ မကွေးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ ဖြစ်စေ၊ ဖုန်းနံပါတ်- ၀၆၃-၂၀၂၃၂၀၉၊ ၀၉-၄၅၄၁၆၀၀၇၁သို့ ဆက်သွယ်၍စုံစမ်းနိုင်ပါသည်။
၃။ (က) တင်ဒါပုံစံရောင်းချမည့်နေ့ရက်- ၂၀-၁၁-၂၀၂၀ ရက် (သောကြာနေ့)
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၁-၁၂-၂၀၂၀ ရက် (တနင်္လာနေ့)
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ မကွေးမြို့။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး (သာမန်/ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းဝယ်ယူခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းများအတွက် (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | ပစ္စည်း/လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|---|
| (က) | Lot(1) (2) | ဒီဇယ်ဆီဝယ်ယူခြင်း | (69033) Gals |
| (ခ) | Lot(3) | ဘိလပ်မြေဝယ်ယူခြင်း | (6360) Bags |
| (ဂ) | Lot(4) | သံချောင်း(ရှယ်စုံ) ဝယ်ယူခြင်း | ( 36.87)Tons |
| (ဃ) | Lot (5) | အုတ် (ပထမတန်းစား) | (179523) Nos |
| (င) | Lot (6) | မြေအောက်ရေစက်ရေတွင်းသုံး ရေမြှုပ်ပန့်ဝယ်ယူခြင်း | (2) Sets |
| (စ) | Lot (7) | မြေအောက်ရေစက်ရေတွင်းသုံး (4"GI Pipe & 10" PVC Pipe )ဝယ်ယူခြင်း | (29) Nos |
| (ဆ) | Lot (8) | (75kW VFD) ဝယ်ယူခြင်း | (2)Sets |
| (ဇ) | Lot (9) | (12kV VCB) ဝယ်ယူခြင်း | (1)Set |
| (ဈ) | Lot (10) | 3.8/6.6(7.2)kV (3Cx50mm²)& 36kV, 1Cx150mm² Power Cable ဝယ်ယူခြင်း | (650) Mtrs |
| (ည) | Lot (11) | 33/11kV,1.5 MVA (Three Phase Power Transformer) ဝယ်ယူခြင်း | (1)No |
| (ဋ) | Lot (12) | ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ (4"x400') စိုက်ပျိုးရေတွင်းတူးဖော်ခြင်း | (10) Nos |
| (ဌ) | Lot (13) | ကလေးခရိုင်၊ ကလေးမြို့နယ်၊ (4"x200') စိုက်ပျိုးရေတွင်းတူးဖော်ခြင်း | (10) Nos |
| (ဍ) | Lot (14) | ကလေးခရိုင်၊ မင်းကင်းမြို့နယ် (4"x150') စိုက်ပျိုးရေးတွင်းတူးဖော်ခြင်း | (20) Nos |
| (ဎ) | Lot (15) | စစ်ကိုင်းခရိုင်၊ ထန်းတောဆိပ်မြစ်ရေတင် စီမံကိန်း(ဧက-၁၈၀၀) (Survey & Design Work) | (1) No |
| (ဏ) | Lot (16) | ရွှေဘိုခရိုင်၊ စောကြီးလျှပ်စစ်ရေတင်စီမံကိန်း (ဧက-၇၅၀) (အလုံးစုံ တည်ဆောက်ခြင်း) | (1) No |
| (တ) | Lot (17) | ရွှေဘိုခရိုင် (ကတ-၁၁၆) လျှပ်စစ်ရေတင်စီမံကိန်း (ဧက-၃၅၀) (အလုံးစုံတည်ဆောက်ခြင်း) | (1) No |

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၃-၁၁-၂၀၂၀
တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၁၁-၁၂-၂၀၂၀
တင်ဒါလျှောက်လွှာ/P.O တင်သွင်းရမည့်ရက် - ၁၆-၁၂-၂၀၂၀ (ညနေ-၁၆:၀၀ နာရီထိ)
တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်
၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၆၅၂၆၊ ၀၇၁-၂၃၆၂၄ တို့တွင် တင်ဒါပုံစံစတင်ရောင်းချမည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၅)လမ်း၊ အမှတ်-၁၂၂ (ပထမထပ်)၊ အခန်း(၁၀)တွင် ရုံးခန်းဖွင့်လှစ်ထားသော PINKY AND HONEY COMPANY LIMITED ၏အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မင်း(ခ) အင်(မ်)ရန်း[၁၂/ပဘတ(နိုင်)၀၀၀၁၃၅]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဥပဒေနှင့်အညီ ကုန်အမှတ်အသားတံဆိပ်အဖြစ် မှတ်ပုံတင်အမှတ်- ၆၅၃၈/၂၀၂၀ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်-

SINGA
SEWING SIMPLIFIED

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သည် အိန္ဒိယနိုင်ငံ Trade Marks Act 1999, Certificate of Registration of Trade Marks Section 23(2) Rule 56(1)အရ တရားဝင်မှတ်ပုံတင်အမှတ် 4080440/2019ဖြင့် မှတ်ပုံတင်ပြီး၊ SINGA (Sewing Machine)(စက်ချုပ်စက်အမျိုးမျိုး) SINGA (Over Lock Machine)(ဒါးစက်အမျိုးမျိုး)နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို တရားဝင်ထုတ်လုပ်ဖြန့်ချိလျက်ရှိပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တိုင်းနှင့်ပြည်နယ်အသီးသီးတို့တွင် တရားဝင်ဖြန့်ဖြူးရောင်းချရန် PINKY AND HONEY COMPANY LIMITED သို့ ကိုယ်စားလှယ်ပေးခဲ့ပြီး ကုန်ပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား တုပမှုမျိုးကိုမဆို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ မှာယူတင်သွင်းခြင်း မည်သည့် ချိုးဖောက်မှုမျိုးကိုမဆို မပြုလုပ်ကြရန်နှင့် အကယ်၍ ချိုးဖောက်မှုတစ်စုံတစ်ရာတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**PINKY AND HONEY COMPANY LIMITED၏ အုပ်ချုပ်မှုဒါရိုက်တာ**
**ဦးဇော်မင်း(ခ)အင်(မ်)ရန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်အောင်ထွန်း(စဉ်-၅၁၂၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၇၃(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၅)လမ်း၊ အမှတ်(၅၉၇)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ်(ခြေရင်းခြမ်း)၊ အကျယ်အဝန်း ပေ(၁၉x၅၄)ရှိ နေအိမ်တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖေယျာမင်းထက်[၁၂/ဒဂဆ(နိုင်)၀၂၉၈၃၄]သည် အထက်ဖော်ပြပါနေအိမ်တိုက်ခန်းအား တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးဇော်မင်းသူ[၁၂/လမန(ဧည့်)၀၀၀၅၇၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ မည်သူမဆို ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ရက်သတ္တ(၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာငြိမ်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၁)**
**အမှတ်(၇၈၃)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ်(၂၆၉)၊ လူနေရပ်ကွက်အမှတ်စက်မှုဇုန်(၁)၊ ကျိုင်းတုံလမ်း၊ ဧရိယာအကျယ်အဝန်း အလျား ပေ၆၀xအနံ ပေ၁၂၀၊ ဧရိယာ(၀.၁၆၅)ရှိ ဂရန်မြေအကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုကမ်းလှမ်းလာသည့် ဦးကျော်ဆွေ[၁၂/သခန(နိုင်)၀၈၂၅၉၇]+ဒေါ်အေးအေးမူ[၁၄/မအပ(နိုင်)၀၀၀၈၁၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ယင်းမြေကွက်ကို ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့်အပေါ် ကန့်ကွက်လိုသူများရှိပါက အပြီးသတ်စာချုပ်ချုပ်ဆိုမည့် ၁၀-၁၂-၂၀၂၀ရက် မတိုင်မီအတွင်းပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကျိုးအကြောင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက ဥပဒေနှင့်အညီ အပြီးသတ်အရောင်းအဝယ် ဆက်လက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဆွေဦး LL.B,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၁၅)**
**Kso Myat Mahar Law Firm Co.,Ltd**
**Ph:-၀၉-၂၅၄၄၃၁၈၀၂၊ ၀၉-၇၉၅၁၈၉၄၆၄**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အဆောက်အအုံအမှတ်(၂၂)ဟုခေါ်တွင်သော (၈)ထပ်တိုက်၏ (၅-လွှာ)၊ အကျယ်အဝန်း ပေ(၂၅x၅၀)ခန့်ရှိ RCတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးနေမျိုးလတ်[၅/ရဘန(နိုင်)၀၇၄၇၀၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဒေါ်ဆွေဆွေ** | **ဦးမြင့်သန်း** | **ဒေါ်သီရိလှိုင်** | **ဦးအောင်ဇော်မိုး** |
| **(စဉ်-၃၀၀၃)** | **(စဉ်-၆၉၆၃)** | **(စဉ်-၁၅၂၆၀)** | **(စဉ်-၁၆၃၅၆)** |

**တရားလွှတ်တော်ရှေ့နေများ-**
**Zaluckpwint Real Estate & Law Firm 2013@gmail.com**
**အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ Ph:09-5018076**







## မိုးခ (လည်း) ကုမ္ပဏီမှ ရောင်းမည်

| | | | |
|---|---|---|---|
| ၁။ဗဟန်း၊စမ်းရေတွင်းလမ်း | (60'x 90') | မြေ | 7800L |
| ၂။ဗဟန်း၊နတ်မောက်ရိပ်သာလမ်း | (40'x 61') | 1RC | 6500L |
| ၃။ကမာရွတ်၊ပြည်လမ်းအနီး | (43'x 60') | 2BN | 5900L |
| ၄။သဃာက၊ သုမင်္ဂလာအိမ်ရာ | (50'x 60') | 2RC | 5500L |
| ၅။(၇)မိုင်၊ ကုန်းမြင့်ရိပ်သာ | (70'x 46') | 1RC | 4500L |
| ၆။ရန်ကင်း၊ပါရမီရိပ်သာ | (47'x 58') | 1RC | 4200L |
| ၇။သုဝဏ္ဏ၊ VIP (II) | (42'x 68') | မြေ | 3700L |
| ၈။လှိုင်၊ အင်းစိန်လမ်းမအနီး | (47'x 70') | မြေ | 3500L |
| ၉။ဗဟန်း၊ မင်းလမ်း | (20'x 40') | 3RC | 3500L |
| ၁၀။မရက၊အောင်သိဒ္ဓိလမ်းသွယ် | (40'x 90') | 1BN | 2900L |
| ၁၁။တ/ဥ၊ ပါရမီကျောက်ပ | (40'x 60') | မြေ | 2200L |
| ၁၂။တ/ဥ၊ ငွေကြာယံ | (20'x 60') | မြေ | 2100L |

09 5040160, 09 5173690, 09 5185534

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မကွေးတိုင်းဒေသကြီး
## မကွေးမြို့
## ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါ
## (Open Tender)ခေါ်ယူခြင်း

၁။ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အခြေခံပညာကျောင်းဆောင်များ ဆောက်လုပ်ရန်အတွက် ပထမအကြိမ် တင်ဒါခေါ်ယူခဲ့ရာ တင်ဒါတင်သွင်းသူမရှိသေးသည့် လုပ်ငန်းများနှင့်တင်ဒါတင်သွင်းသူ (၁)ဦးနှင့် (၂)ဦးသာ တင်သွင်းသည့် လုပ်ငန်းများအား ဒုတိယအကြိမ် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုသည့်အချက်များအား တိုင်းဒေသကြီးပညာရေးမှူးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | ၁၉-၁၁-၂၀၂၀ရက်မှ ၂-၁၂-၂၀၂၀ရက်အထိ |
| (ခ) တင်ဒါအဆိုပြုလွှာ တင်သွင်းရန်ပိတ်မည့်ရက် | - | ၂-၁၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ(၁၆:၃၀နာရီ) |
| (ဂ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - | မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး၊ (ဘဏ္ဍာဌာနစိတ်) |
| (ဃ) ဖုန်းနံပါတ် | - | ၀၆၃-၂၀၂၈၆၇၁၊ ၀၉-၄၀၁၅၆၀၉၈၉ |

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

## အမှားပြင်ဆင်ချက်

(၁၁-၁၁-၂၀၂၀)ရက်စွဲကြေးမုံသတင်းစာကြော်ငြာပါ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ တိုက်အမှတ် (၅၁/စ) (၂)ခန်းတွဲ (၆)ထပ်ကန်ထရိုက်တိုက်အနက်မြေညီထပ် (ခေါင်းရင်း+ခြေရင်း) တိုက်ခန်း(၂)ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်းနှင့်ပတ်သက်၍ တိုက်ခန်းနံပါတ်အမှန်မှာ (၅၁/က)ဖြစ်ပါကြောင်း အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မျိုးသိန်း (LL.B, DBL, DIL, DAPsy.)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃)၊ ဖုန်း-၀၉-၁၈၅၅၅၀၂၅၄

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ရွာသာကြီးစက်မှုဇုန်၊ (၁၄၄)ရပ်ကွက်၊ ဆရာစံလမ်းနှင့်ဆင်ဖြူရှင်လမ်းထောင့်၊ အမှတ်(၁၄) တွင်တည်ရှိသော SPACE LIGHT CO.,LTD ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၇၃၉၉၇၈၃၃)သည်အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့်အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-





**မှတ်ပုံတင်စာချုပ်အမှတ်-၃၅၄၉(နေ့စွဲ-၂၀-၅-၂၀၀၉)** **မှတ်ပုံတင်စာချုပ်အမှတ်-၆၇၉(နေ့စွဲ-၂-၂-၂၀၀၇)**

အထက်ဖော်ပြပါအမှတ်တံဆိပ်များအား မီးအားမြှင့်စက်၊ အင်ဗာတာ၊ ဆော့(ဖ်)ဂတ်၊ အော်တိုချုပ်၊ အင်တာနာအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုးနှင့်လျှပ်စစ်အပိုပစ္စည်းအမျိုးမျိုးတို့အား ထုတ်လုပ်ခြင်းကို Online System တို့မှဖြစ်စေ၊ ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ၊ လက်လီ လက်ကားဖြန့်ဖြူးရောင်းချခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပ သုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**SPACE LIGHT CO.,LTD ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၇၃၉၉၇၈၃၃)မှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးသက်ထွေးအောင်၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B.,D.B.L.,D.I.L,D.M.L)** | **ဒေါ်ဇင်မာအေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၅)** |

**The Solution Power Law Firm အမှတ်(၂၁)၊ မြေညီထပ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘုတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၉၈၉၄၂**

## ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ တိုက်အမှတ်(၂၁)ဟုခေါ်တွင်သော RC(၂)ခန်းတွဲ(၆)ထပ်တိုက်၏(၆)လွှာ(ခေါင်းရင်းခန်း)အကျယ်အဝန်း(၁၂.၅ပေx၇၀ပေ)ခန့်ရှိ RC တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးသန့်[၁၂/ဗတထ(နိုင်)၀၁၆၇၀၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလင်းထက်အောင်[၁၂/ပဇတ(နိုင်)၀၃၅၁၉၆]+(၁)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဒေါ်ဆွေဆွေ** | **ဦးမြင့်သန်း** | **ဒေါ်သီရိလှိုင်** | **ဦးအောင်ဇော်မိုး** |
| **(စဉ်-၃၀၀၃)** | **(စဉ်-၆၉၆၃)** | **(စဉ်-၁၅၂၆၀)** | **(စဉ်-၁၆၃၅၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**Zaluckpwint Real Estate & Law Firm 2013@gmail.com**
**အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ Ph-09-5018076**

## ဒေါ်နှင်းယုအေးနှင့် အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း၊ အမှတ် (၄၅)၊ ပထမထပ်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်-၁၃၆၊ ခ-၁၁ လမ်းနှင့် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်-သ၊ ၁၁/၇၊ ၆၃ လမ်း၊ သာယာဝတီမင်းကြီးလမ်းနှင့် ပျူစောထီးလမ်းကြားနေ ဒေါ်နှင်းယုအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ပဘတ(နိုင်) ၀၂၈၃၀၄] ကိုင်ဆောင်သူသိစေရန်မှာ-

၁။ ဒေါ်နှင်းယုအေးအနေဖြင့် HYE Environmental Technology Co.,Ltd ထံမှ လွန်ခဲ့သော (၂၁-၃-၂၀၁၉) ရက်မှစတင်၍ (၂၅-၉-၂၀၁၉) ရက်အတွင်း HYE Environmental Technology Co.,Ltd ၏ အခွန်ထမ်းဆောင်ခြင်းလုပ်ငန်းနှင့် ပတ်သက်သော ကိစ္စအရပ်ရပ်အတွက် တာဝန်ယူလုပ်ဆောင်ပေးမည်ဟု ကတိပြု၍ စုစုပေါင်းငွေကျပ် (၃၅၁၂၅၀၀၀/-) တိတိအား လက်ခံရယူခဲ့ပါသည်။ ထိုသို့ ငွေလက်ခံရယူရာတွင်လည်း ဒေါ်နှင်းယုအေး၏ ဘဏ်စာရင်းအကောင့်သို့လည်းကောင်း၊ ဒေါ်နှင်းယုအေး၏မိခင် ဒေါ်ဝင်းငယ်၏ ဘဏ်စာရင်းအကောင့်သို့လည်းကောင်း ငါးကြိမ်တိတိ လွှဲပေးခဲ့ရပါသည်။

၂။ သို့သော် ဒေါ်နှင်းယုအေးအနေဖြင့် HYE Environmental Technology Co.,Ltd ၏ အခွန်ဦးစီးဌာနသို့ပေးသွင်းရမည့် အခွန်ငွေများအား ပေးသွင်းခြင်းမပြုခဲ့သည့်အတွက် HYE Environmental Technology Co.,Ltd မှ ဒဏ်ကြေးများဖြင့် အခွန်ဦးစီးဌာနသို့ ပေးသွင်းရန်ရှိသည့် အခွန်ငွေများအား ကိုယ်တိုင်ကိုယ်ကျ ပေးသွင်းခဲ့ရပါသည်။ ထို့အပြင် အခွန်ဆောင်ရမည့်ငွေကြေးများအား အခွန်ဦးစီးဌာနသို့ အချိန်မီပေးသွင်းရန် ဒေါ်နှင်းယုအေးမှ ပျက်ကွက်ခဲ့သည့်အတွက် HYE Environmental Technology Co.,Ltd မှ အခွန်ထမ်းဆောင်မှုပြသနိုင်ခြင်းမရှိသည့်အပေါ် တင်ဒါပြိုင်ဆိုင်ခြင်းလုပ်ငန်းစဉ်များနှင့် အစိုးရဌာနဆိုင်ရာများသို့ ဒဏ်ကြေးပေးသွင်းရသည့်လုပ်ငန်းစဉ်များတွင် ငွေကြေး ထိခိုက်ဆုံးရှုံးနစ်နာမှုများစွာ ပေါ်ပေါက်ခဲ့ရပါသည်။

၃။ ထိုသို့ HYE Environmental Technology Co.,Ltd ၏ အခွန်ထမ်းဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် ကျသင့်ငွေကျပ် (၃၅၁၂၅၀၀၀/-) တိတိအား ဒေါ်နှင်းယုအေးမှ လက်ခံရယူပြီးနောက် အခွန်ဆောင်ခြင်းလုပ်ငန်းစဉ်များအား ဆောင်ရွက်ခြင်းမပြုသည့်အတွက် HYE Environmental Technology Co.,Ltd အနေဖြင့် ဒေါ်နှင်းယုအေးအား ပျက်ကွက်မှုအပေါ် ဖြေရှင်းပေးပါရန် တောင်းဆိုခဲ့သော်လည်း ဒေါ်နှင်းယုအေးမှ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းနေသည့်အတွက် HYE Environmental Technology Co.,Ltd သည် များစွာနစ်နာဆုံးရှုံးလျက်ရှိပါသည်။

၄။ သို့ပါ၍ ဒေါ်နှင်းယုအေးမှ HYE Environmental Technology Co.,Ltd ၏ အခွန်ထမ်းဆောင်ခြင်းနှင့် ပတ်သက်သောလုပ်ငန်းကိစ္စအဝဝအား လုပ်ဆောင်ပေးရန် ငွေလက်ခံရယူခဲ့သော်လည်း အခွန်ငွေများအား ပေးသွင်းခြင်းမပြုဘဲ ပျက်ကွက်ခဲ့သည့်အတွက် နစ်နာဆုံးရှုံးခဲ့ရသည့်အပေါ် ပြန်လည်ပေးဆပ်ရန်ရှိသော အခွန်ထမ်းငွေများနှင့် နစ်နာကြေးများအား HYE Environmental Technology Co.,Ltd ထံသို့ လာရောက်ပေးဆပ်ခြင်းပြုလုပ်ပါရန်နှင့် အကယ်၍ပေးဆပ်ရန် ပျက်ကွက်ခဲ့သည်ရှိသော် ဒေါ်နှင်းယုအေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နှင်းယုအေးနှင့် အများသိစေရန် ကြေညာလိုက်သည်။

**HYE Environmental Technology Co.,Ltd မှ မန်နေဂျာ ဦးလင်းလင်းဟိန်း၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲမာန်မြတ်ဆွေ (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၅၆)**
**၂/၂၇၀၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂)ရပ်ကွက်၊ နမ့်စန်မြို့(ရှမ်း/တောင်)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖိုမြေရပ်ကွက်၊ ၁၀၁-လမ်း၊ အမှတ်(၃၁)၊ မြေညီထပ် (ဝဲ/ယာ)တိုက်ခန်း(၂)ခန်းအား ဒေါ်သီဂီ[၁၂/လသန(နိုင်)၀၁၀၇၁၉]မှ တရားဝင်ပိုင်ဆိုင်သည်ဟုဆိုကာ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှကြည်[၁၂/သကတ(နိုင်)၁၁၈၄၀၀] က ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေထံသို့လည်းကောင်း၊ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက တိုက်ခန်း(၂)ခန်း အရောင်း/အဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်လှကြည်** | **ဒေါ်အေးအေးအောင်၊ LL.B,LL.M** |
| **ဖုန်း-၀၉-၅၁၉၆၁၀၄၊ ၀၉-၅၁၂၆၈၁၁** | **(တရားလွှတ်တော်ရှေ့နေ)** |
| | **(စဉ်-၁၂၀၀၄)** |
| | **ဖုန်း-၀၉-၉၇၄၅၈၉၇၇၆** |

## ဒေါ်နန်းမွန်ခမ်းနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (FMI City)၊ ယမင်းရွှေဝါလမ်း၊ အမှတ်(O-149)ကို ဝယ်ယူပိုင်ဆိုင်သူဖြစ်သော ဦးဂျော်နီ[၁၂/လမတ(နိုင်)၀၂၀၆၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(FMI-7)အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ်(၄၄၀)၊ အိမ်အမှတ်(O-149)၊ နှစ်(၆၀)ဂရန် မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ဦးကောင်းဇံ[၁၂/ဗဟန(နိုင်)၀၁၇၉၈၁]၊ ဒေါ်သွဲ့သွဲ့မင်း[၁၄/ဒဒရ(နိုင်)၀၀၂၉၉၉]တို့ အမည်ပေါက်ပစ္စည်းဖြစ်ပါသည်။ ဦးကောင်းဇံ၊ ဒေါ်သွဲ့သွဲ့မင်းတို့သည် ဒေါ်ဂျိုသီး(ခ)ဒေါ်ရွှေရည်ဝင်းသို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၁၀၆/၂၀၁၆)ဖြင့် တရားဝင်လွှဲအပ်ထားပါသည်။ ဒေါ်ဂျိုသီး(ခ)ဒေါ်ရွှေရည်ဝင်းသည် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အရောင်းမြေပုံကူး လျှောက်ထားခဲ့ပါသည်။ ဒေါ်နန်းမွန်ခမ်းဆိုသူသည် မြေပုံကူး လျှောက်ထားခြင်းကို ပိုင်ဆိုင်မှုအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ ကန့်ကွက်ထားကြောင်းနှင့် ဒေါ်နန်းမွန်ခမ်းဆိုသူကို လိုက်လံရှာဖွေ ဆက်သွယ်သော်လည်း ဆက်သွယ်မရ၍ ယခုကဲ့သို့ ကြေညာရခြင်းဖြစ်ပါသည်။

ဒေါ်နန်းမွန်ခမ်းသည် ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းနှင့်တကွ ကျွန်ုပ်အမှုသည်ကိုယ်စား ကျွန်ုပ်၏ရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်ဖြေရှင်းပါရန် အသိပေး ကြေညာအပ်ပါသည်။ လာရောက်ဖြေရှင်းရန် ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်ဇော်(မရမ်းကုန်း)** | **ဒေါ်မျိုးသူဇာနှင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၆၂၃)** | **(စဉ်-၁၄၂၁၆)** |
| **ဖုန်း-၀၉-၂၅၃၂၂၅၁၅၁** | **ဖုန်း-၀၉-၂၅၄၂၁၈၀၂၄** |

**တိုက်(၂)၊ အခန်း(၂၄)၊ ပထမထပ်၊ မြို့ပြအိမ်ရာမြောက်ဘက်ခြမ်း၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးလှအောင် အသက် (၇၇) နှစ်**

**B.Com (BF)**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) MPPE**

ဒေါ်သန်းဆွေ၏ ခင်ပွန်း ဦးလှအောင်သည် ၁၇-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီးပွားရေးတက္ကသိုလ်**

**(၁၉၆၇) ဘွဲ့ရကျောင်းသားများ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## တိုင်းဒေသကြီးဦးစီးမှူးရုံး
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း နှင့်စိုက်ပျိုးရေးသိပ္ပံဌာနခွဲ (ထားဝယ်စိုက်ပျိုးရေးသိပ္ပံကျောင်း)တွင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့်(ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ထားဝယ်မြို့နယ်၊ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် (၁၃၀'x၅၀'x၁၅') RC(၁)ထပ် Media Room ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံအား (၂၈-၁၀-၂၀၂၀)ရက် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး (၂၆-၁၁-၂၀၂၀)ရက် (၁၆:၀၀)နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဖုန်း-၀၅၉-၂၀၂၁၃၈၊ ၀၅၉-၂၀၂၂၆၂၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်**။ ။ တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရန်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

စိုက်ပျိုးရေးဦးစီးဌာန

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းသုံးငွေဖြင့် ဝယ်ယူဆောင်ရွက်ရန်လိုသည်-

| | |
|---|---|
| ၁။ Total Station | (10)Nos |
| ၂။ A-O Color Plotter | (9)Nos |
| ၃။ A-O Monochrome Copier | (10)Nos |
| ၄။ Printing Press With Cto P Function | (1)Nos |
| ၅။ Laptop Computer | (178)Nos |
| ၆။ Copier A3 | (84)Nos |
| ၇။ Copier A4 | (4)Nos |
| ၈။ Colour Copier | (1)Nos |

၂။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများကို ၂၀-၁၁-၂၀၂၀ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၈-၁၂-၂၀၂၀ရက်၊ (၁၆)နာရီတွင် တင်ဒါ ပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များ နှင့်စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးနှင့်စိစစ်လက်ခံရေးကော်မတီ**

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

**ရုံးအမှတ်(၁၅)၊ နေပြည်တော်**

**ဖုန်း-၀၆၇-၄၁၀၆၅၆၊ ၀၆၇-၄၁၀၁၃၆**

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၂၃၁/က+ခ)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ (ဖလွှာ)ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း(၁၉/၁၇.၆x၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းနှင့်တိုက်ခန်းတွင် အမြဲတစေအသုံးပြုရန်အလို့ငှာတွယ်ကပ်တပ်ဆင်ထားသော အရာများနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ဇင်ထိုက်ဦး [၁၄/အဂပ(နိုင်)၀၀၆၀၇၂]က ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင့်စန္ဒီအောင်**

**အထက်တန်းရှေ့နေ(စဉ်-၃၁၁၄၆)**

**အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

**ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ နန်းကွေ့နယ်မြေ(၆)၊ အိမ်အမှတ် (၆/၁၂၂) ဦးဝင်းဋ္ဌေး-ဒေါ်အေးအေးသွယ် တို့၏ သား မောင်ဋ္ဌေးလှိုင်ဦး [၁/မကန(နိုင်)၂၁၇၇၆၂] သည် မိဘပြောဆိုဆုံးမမှုကို မနာခံသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းကိစ္စနှင့် ပတ်သက်သော ကိစ္စမှန်သမျှကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဋ္ဌေးဝင်း**

**[၁/မကန(နိုင်)၁၁၉၂၁၂]**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ဓမ္မာရုံ ဒါယကာကြီး

# ရွှေပန်းထိမ်ဆရာကြီး- ဦးမြင့်လှိုင်

## ဥက္ကဋ္ဌ-မြို့လယ်ပုညကုသလအသင်းဓမ္မာရုံ
## ဥက္ကဋ္ဌ-ခရမ်းမြို့နယ် မြို့မိ မြို့ဖအဖွဲ့
## ဥက္ကဋ္ဌ-မြို့နယ်ရွှေကောက်ပွဲကော်မရှင်
## အသက် (၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ ရွှေပန်းထိမ်ဆရာကြီး (ဦးနု-ဒေါ်ချော)တို့၏ သားကြီး၊ (ဦးတင်စိုး)-ဒေါ်လှလှညွန့်၊ ဦးဋ္ဌေးလွင်-ဒေါ်သန်းနွဲ့၊ ဦးလှမြင့်-ဒေါ်တင်တင်ဋ္ဌေး၊ ဦးမြင့်ဇော်-ဒေါ်ခင်စန်းဝင်းတို့၏ အစ်ကိုကြီး၊ ဦးမင်းဦးလှိုင်-ဒေါ်ခင်မိုးဆင့်၊ ဒေါက်တာခင်မောင်နိုင်-ဒေါ်တင်ဇာမွန်လှိုင်၊ ဦးညီညီလှိုင်-ဒေါ်နုထွေးမြင့်၊ ဦးကျော်ကျော်လှိုင်-ဒေါ်ဖွန့်သီမာထွန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်သင်းသင်းစီ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၂၀(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ခရမ်းမြို့နယ် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄.၁၁.၂၀၂၀ (အင်္ဂါနေ့)တွင် အမှတ် (၁၂)၊ ကြာသပတေးလမ်း၊ (၄)ရပ်ကွက်၊ ခရမ်းမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊တံတား ဒါယကာကြီး**

**ဦးမျိုးဝေ (ပုသိမ်) (ဦးချိုဆန်စက်)**

**အသက် (၇၉) နှစ်**

ပုသိမ်မြို့၊ ကွန်းခြံရပ်နေ (ဦးစွန်မိုင်း-ဒေါ်စိန်စိန်)တို့၏ သား၊ (ဦးထွန်းအောင်-ဒေါ်ကြင်မြိုင်)တို့၏ သားသမက်၊ ဒေါ်အေးအေးလွင်(ခ)ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ဦးရဲဝင်း-Dr.ဝင်းသီတာလွင်၊ ဦးမျိုးကျော်ကျော်ဦး-ဒေါ်နွေဦးခိုင်၊ ဦးဇော်မျိုးလွင်-Dr.သဇင်ဦး၊ ဦးသက်နိုင်ထွန်း-Dr.မြထွေးယဉ်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးမျိုးဝေသည် ၁၆-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း**

---

## ဘုရားဒါယကာကြီး

**ဦးဗထူးချစ်**

**Chief Engineer (V Ship)**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာရိပ်သာ၊ သီရိဇေယျာလမ်း၊ ခြံအမှတ် ၁၂ A နေ (ဦးဘတင့် - ဒေါ်ခင်လတ်)တို့၏ သားကြီး၊ (ဦးမိုးဟိန်း)-ဒေါ်ကြည်ကြည်နုတို့၏ သားသမက်၊ ဒေါ်ဟိန်းဟိန်းမြတ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ချမ်းမြေ့ထူး UIT (University of Information Technology), Second Year ၏ချစ်လှစွာသောဖခင် ဦးဗထူးချစ် Chief Engineer (V Ship) သည် ၁၈-၁၁-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)နံနက်၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစောလွင်**

**သုတေသနအရာရှိချုပ် (ငြိမ်း)**

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

**အသက် (၇၆) နှစ်**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သုတေသနအရာရှိချုပ်(ငြိမ်း) ဦးစောလွင်သည် ၁၇-၁၁-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန်းစန်းမြင့်**

**အသက်(၈၇)နှစ်**

စစ်ကိုင်းအသင်း (ရန်ကုန်)၏ နာယက ဦးတင်နိုင်သိန်း-ဒေါ်အေးအေးတို့၏မိခင် ဒေါ်စန်းစန်းမြင့်သည် ၂၉-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**စစ်ကိုင်းအသင်း(ရန်ကုန်)**

---

# ကြီးမြန်
# သစ်ပင်
# စိုက်ပျိုး
# လျှင်
# စွမ်းအင်
# လည်းရ
# ပြည်
# လည်းလှ

---

## အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ အမှတ်(၁)နေ ဦးသောင်းဝင်း [၁၂/မရက(နိုင်)၁၃၁၉၅၈]နှင့် ဒေါ်ခင်စန်းရီ [၁၂/မရက(နိုင်)၁၃၁၉၅၇] တို့၏ သမီးဖြစ်သူ မဖြူအိဝင်း [၁၂/မရက(နိုင်)၁၃၁၃၄၂]သည် မိဘများ၏ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိသည့်အပြင် မိဘများအား ကိုယ်စိတ်နှစ်ပါး ထိခိုက်အောင် ပြုလုပ်နေသည့်အတွက် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇင်မာနွယ်**

**LL.B,D.B.L,D.I.L,D.M.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၇၉)**

**အမှတ်(၅၇၈)၊ သီရိမြိုင် (၉)လမ်း၊ (၁၃) ရပ်ကွက်**

**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၀၃၇၁၂၉၃၂၊ ၀၉- ၆၆၇၃၈၄၄၅၃**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးသိန်းခိုင်**

**အမှုဆောင်ဒုတိယဥက္ကဋ္ဌ (၂) (Shwe Bank)**

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာ(၃)လမ်း၊ မြို့သစ်(က+ခ)၊ အမှတ်(၉၃)နေ ဒေါ်ခင်ခင်ဝင်း၏ချစ် လှစွာသောခင်ပွန်း၊ ဦးညီညီအောင်-ဒေါ်ခင်နီလာခိုင်(UAB- Bank)၊ ဗိုလ်မှူးစိုးဝင်းခိုင်-ဒေါ်အေးအေးဝင်း၊ ဦးမောင်မောင်ရဲဝင်းခိုင်(Shwe -Bank)-ဒေါ်နွယ်နီချိုတို့၏ဖခင် ဦးသိန်းခိုင်သည် ၁၄-၁၁-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာဝန်တင်ရွှေစာပေ မိသားစု**

---

## မြေကွက်ရောင်းရန်ရှိသည်

၁။ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ ပေ(25x50)၊ ဂရန်အမည်ပေါက်၊ မြေကွက်(၂)ကွက်

၂။ အလုံမြို့နယ်၊ ပဒေသာလမ်း၊ ပေ(27x60)၊ ဂရန်အမည်ပေါက်မြေနှင့်တစ်ထပ်အိမ်အပါ

**စုံစမ်းရန်ဖုန်း-09-5019628,09-985203774**

# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာနေထိုင်ရေးအစီအစဉ်(Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် –

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ငွေဆောင်မြို့၌ အခြေခံအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများ စတုတ္ထအကြိမ် ပေးအပ်

**ငွေဆောင် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှပေးအပ်သည့် ထောက်ပံ့ငွေများကို ယမန်နေ့ ညနေ ၃ နာရီတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် အမှတ်(၄)ရပ်ကွက်ရှိ အိမ်ထောင်စု ၅၉၆ စုအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် ငွေကျပ် ၂၃၈၄၀၀၀၀ အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

မူမူသွင်(ပြန်/ဆက်)



## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၈

| | | |
|---|---|---|
| ဟဲဟိုး | ၇ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၇ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၉ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၉ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၉ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၁၀ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၁၀ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၁၀ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၁၀ | ဒီဂရီစင်တီဂရိတ် |

## ကြေးမုံ ယနေ့ ဖတ်စရာ


**ဆွီဒင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လာခြင်းကြောင့် ကိုးဦးနှင့်အထက် လူစုဝေးခွင့်ကို တားမြစ်**

စာမျက်နှာ » ၁၂

**ဂျပန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပထမအကြိမ်အဖြစ် ၂၀၀၀ ကျော်တွေ့ရှိ**

စာမျက်နှာ » ၁၃

**နိုဝင်ဘာ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅၉၂ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၆

**ကလေးအားလုံးရဲ့အနာဂတ်လှပဖို့ စိတ်ကူးပုံဖော်ဆောင်ရွက်စို့**

ဆောင်းပါး စာမျက်နှာ » ၂၀


## လာမည့်နှစ်တွင်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစစ်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားခွင့်ရရန် ကြိုးပမ်းနေ


ရန်ကုန် နိုဝင်ဘာ ၁၈

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ယှဉ်ပြိုင်ကစားရမည့် နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစစ်ပွဲများမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်းအား နိုင်ငံတကာ ခြေစမ်းပွဲများ ကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။**

ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်းမရှိခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၁ ခုနှစ် မတ်လမှ ဇွန်လအထိ လေးလဆက်တိုက် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာပွဲများနှင့် ကာလရှည်ဝေးကွာနေသောကြောင့် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးသည် နိုင်ငံတကာခြေစမ်းပွဲများ ကစားခွင့်ရရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ တင်ပြထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် အခက်အခဲများရှိနေသော်လည်း ကစားခွင့်ရရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အသင်းသည်

စာမျက်နှာ ၂၃ ကော်လံ ၄ သို့ ○



မြန်မာ့လက်ရွေးစင်အသင်းနှင့် နီပေါလက်ရွေးစင်အသင်းတို့ ၂၀၁၉ ခုနှစ်က ခြေစမ်းပွဲကစားခဲ့စဉ်။